The Mirror
Established in 1957

၁၃၇၅ ခုနှစ်၊ တော်သလင်းလဆန်း ၈ ရက်၊ ကြာသပတေးနေ့ (12-9-2013) (၇၆၀၁)

ဒုဋ္ဌဝတီမြစ်ရေနှင့် သံလွင်မြစ်ရေ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်

နေပြည်တော် စက်တင်ဘာ ၁၁

ဒုဋ္ဌဝတီမြစ်ရေသည် မြစ်ငယ်မြို့၌ စက်တင်ဘာ ၉ ရက် ည ၇ နာရီခွဲမှစ၍ စိုးရိမ်ရေမှတ်သို့ ရောက်ရှိခဲ့ပြီး ယနေ့ မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ၆၅ စင်တီမီတာ(နှစ်ပေခန့်) ကျော်လွန်နေကာ ယနေ့မွန်းတည့်မှ နောက် ၄၈ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်တွင် ဆက်လက်တည်ရှိနိုင်သည်။

သံလွင်မြစ်ရေသည် ဘားအံမြို့၌ စက်တင်ဘာ ၁၀ ရက် ည ၇ နာရီခွဲမှစ၍ စိုးရိမ်ရေမှတ်သို့ ကျော်လွန်ရောက်ရှိခဲ့ပြီး ယနေ့ မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ၂၃ စင်တီမီတာ (သုည ဒသမ ၈ပေခန့်) ကျော်လွန်နေကာ ယနေ့ မွန်းတည့်မှ နောက် ၄၈ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်တွင် ဆက်လက်တည်ရှိနိုင်ကြောင်းမိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သတင်းထုတ်ပြန်ထားသည်။ **(သတင်းစဉ်)**

နိုင်ငံတော်နှင့် နိုင်ငံသားများအကျိုးဖြစ်ထွန်းစေမည့် ဥပဒေများ ပြဋ္ဌာန်းဆောင်ရွက်လျက်ရှိ

နေပြည်တော် စက်တင်ဘာ ၁၁

ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် စက်တင်ဘာ ၁၀ ရက် နံနက် ၁၀ နာရီ ၁၅ မိနစ်တွင် ကော့သောင်းမြို့ မဥ္ဇူသကခန်းမ၌ ဒေသခံပြည်သူများအား တွေ့ဆုံအမှာစကား ပြောကြားပြီး ဒေသခံပြည်သူများ၏ တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

အဆိုပါတွေ့ဆုံပွဲသို့ တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကို၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးထင်အောင်ကျော်၊ လွှတ်တော်ကော်မတီဥက္ကဋ္ဌများဖြစ်ကြသည့် ဦးမောင်မောင်သိမ်း၊ ဦးစိုးနိုင်၊ ဦးဌေးမြင့်၊ တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်ဌေး၊ ဒုတိယဝန်ကြီးဗိုလ်ချုပ်မောင်မောင်အုန်း၊ ကော်မတီအတွင်းရေးမှူးနှင့် ကော်မတီအဖွဲ့ဝင်များ၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်သူ့လွှတ်တော်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုလွှတ်တော်နာယကက လွှတ်တော်များအနေဖြင့် နိုင်ငံတော်နှင့် နိုင်ငံသားများအတွက် အကျိုးဖြစ်ထွန်းစေမည့် ဥပဒေများကို ပြဋ္ဌာန်းဆောင်ရွက်လျက်ရှိပါကြောင်း၊ လွှတ်တော်သက်တမ်း နှစ်နှစ်ခွဲကျော်ကာလအတွင်း လွှတ်တော်ရေးရာလုပ်ငန်းများ အရှိန်အဟုန်ရရှိလာပြီဖြစ်ပါကြောင်း၊ လွှတ်တော်၊ ပြည်ထောင်စုအစိုးရအဖွဲ့နှင့် တာဝန်ရှိသူများကလည်း တိုင်းရင်းသားပြည်သူများ၏အကျိုးအတွက် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ယနေ့ဆိုလျှင် မြန်မာနိုင်ငံ၌ ပါတီစုံဒီမိုကရေစီစနစ်နှင့် ဈေးကွက်စီးပွားရေးစနစ်ကို ဖော်ဆောင်နေပြီဖြစ်ပါကြောင်း၊ ပြီးခဲ့သည့် လွှတ်တော်အစည်းအဝေးကာလအတွင်း လွှတ်တော်သို့ လာရောက်လေ့လာကြသည့် ပြည်တွင်းနှင့် ပြည်ပနိုင်ငံများမှ လေ့လာသူ ဦးရေ ၅၀၀၀ ခန့်ရှိပါကြောင်း၊ ပြည်သူများအနေဖြင့် လွှတ်တော်အပေါ်

စာမျက်နှာ ၈ ကော်လံ ၁ သို့ ✳

ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ကော့သောင်းမြို့ မဥ္ဇူသကခန်းမ၌ ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

သတင်းနှင့် ဓာတ်ပုံ
ဘဦး(မန်း)

ဇွဲကပင်ဆံတော်ရှင် Cable Car စီမံကိန်း

ကရင်ပြည်နယ် ဘားအံမြို့ လုမ္ဗိနီဥယျာဉ်တွင် မြန်မာနိုင်ငံ၌ ပထမဆုံးတည်ဆောက်သွားမည့် ဇွဲကပင်ဆံတော်ရှင် Cable Car စီမံကိန်းနှင့်ပတ်သက်၍ ဦးဆောင်ဆရာတော်ကြီးများထံမှ ဩဝါဒခံယူပွဲနှင့် အလှူငွေလှူဒါန်းပွဲကိုစက်တင်ဘာ ၈ရက် မွန်းလွဲ ၁ နာရီက (၃၅)လမ်း၊ (၆၆ × ၆၇)လမ်းကြားရှိ ရှမ်းတိုင်းရင်းသားများ သာရေးနာရေးအသင်းခန်းမ၌ ကျင်းပသည်။ အခမ်းအနားသို့ ဦးဆောင်ဆရာတော်များဖြစ်ကြသည့် ဇွဲကပင်တောင်ဆရာတော် ဦးကဝိဓဇ၊ ကမ္ဘာ့သာသနာပြု မဟာသန္တိသုခကျောင်းတော်ကြီးမူလပဓာနနာယကပိနန်ဆရာတော် ဦးပညာဝံသ၊ သာသနာ့ဗေဃျမင်္ဂလာပရိယတ္တိစာသင်တိုက် သုံးထပ်ကျောင်းဆရာတော် ဦးပညိန္ဒတို့အမှူးပြုသော သံဃာတော်များ၊ အသင်းဥက္ကဋ္ဌ ဦးစိုင်းပန်းဆိုင်နှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ စီမံကိန်းဖြစ်မြောက်ရေးကော်မတီဝင်များ၊ အလှူရှင်များ၊ ဖိတ်ကြားထားသူများတက်ရောက်ခဲ့ကြသည်။ ဦးဆောင်ဆရာတော်များမှ စီမံကိန်းနှင့်ပတ်သက်၍ ဩဝါဒပေးရှင်းလင်းမိန့်ကြားခဲ့ပြီးအလှူရှင် ငါးဦးက အလှူငွေများ ဆက်ကပ်လှူဒါန်းသည်။

အဆိုပါ စီမံကိန်းကိုမလေးရှားနိုင်ငံ SMET SDA BHD ကုမ္ပဏီနှင့် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းမှ ပညာရှင်များ

စာမျက်နှာ ၈ ကော်လံ ၄ သို့ ❖

ယနေ့ **မာတိကာ**

အားလုံးပါဝင်ဆောင်ရွက်ရမယ့် လူကုန်ကူးမှုတိုက်ဖျက်ရေး
စာမျက်နှာ - ၆

မီးခဲပြာပုံ ကျောင်းသား ကျောင်းသူအားကစားဘဝမှ
စာမျက်နှာ - ၁၀



ကြေးမုံ စာတည်းရှုထောင့် ၁၂-၉-၂၀၁၃၊ ကြာသပတေးနေ့

အားလုံးတွင်တာဝန်ရှိပါသည်

"ခေါင်းလောင်းသံတညံ့ညံ့ပေး၊ လက်ချင်းယှက်ကာ၊ ပြေးကာလွှားကာ ကျောင်းတက်လာကြသူတွေ မမေ့နိုင်ပါလား မင်းတို့ငါတို့ ငယ်ငယ်တုန်းကလေ" ဟူသည့် အဆိုတော် တွံတေးသိန်းတန်၏ ကျောင်းတက်သီချင်း တေးသွားအတိုင်း ကျေးရွာများတွင် ပညာသင်ကြားခဲ့ပြီး အရွယ်ရောက်လာခဲ့သူ ယနေ့လူကြီးများအဖို့ မမေ့နိုင်ဖွယ်ရာ ပုံရိပ်များရှိကြမည်ဖြစ်သည်။

တစ်ချိန်သောအခါက ကျေးလက်ဒေသနှင့် မြို့ရွာများရှိစာသင်ကျောင်းများမှာ မမေ့နိုင်ဖွယ်ရာ လှုပ်ရှားမှုများ စုံလင်လှသည်ဟု ဆိုချင်ပါသည်။ ကျောင်းသွားရမည်ကိုပင် မည်သူမှုတိုက်တွန်းစရာမလိုဘဲ ပျော်ပျော်ရွှင်ရွှင် ကျောင်းတက်ခဲ့ကြ၊ ကျောင်းပျော်ခဲ့ကြပါသည်။

ကျောင်းအင်္ကျီဖြူဖြူ၊ ကျောင်းလုံချည်စိမ်းစိမ်း၊ ကျောင်းသုံးစာအုပ် စုံစုံလင်လင်မျှဖြင့် ငွေကုန်ကြေးကျမများလှသည့် သင်ကြားမှု၊ သင်ယူမှု အခြေအနေများမှာ တစ်ခေတ်တစ်ခါက အခြေအနေများဟုဆိုနိုင်ပါသည်။ ယနေ့ခေတ်အခြေအနေကိုလည်း သူ့ခေတ်နှင့်သူ တိုးတက်ပြောင်းလဲခြင်းဟု နားလည်ရမည်ဖြစ်ပါသည်။

သို့သော် အရိုးကိုအရွက်မဖုံးဘဲ မပစ်ပယ်အပ်သည့် အတိတ်ကျောင်း၏ ကောင်းခြင်းများစွာတို့ကို မတိမ်ကော မပျောက်ပျက်အောင် ထာဝစဉ်ထိန်းသိမ်းစောင့်ရှောက်ပေးရမည်မှာ လက်ဆင့်ကမ်း လမ်းမှန်ညွှန်ပြသူများ၏ တာဝန်ဟု ဆိုနိုင်ပါသည်။

တစ်ချိန်က ကောင်းခြင်းများ၏ အကျိုးဆက်ကြောင့် ယနေ့ထူးချွန်ထက်မြက်သော လူတော်လူကောင်းများ ဖြစ်ထွန်းနေသည်မှာ ငြင်းနိုင်ဖွယ်မရှိပါ။ ထို့ကြောင့် အတိတ်ကကောင်းခြင်းများကို နမူနာယူသင့်သလို ယခုလက်ရှိ အားနည်းချက်ရှိနေမှုတို့အတွက်လည်း ဝေဖန်ထောက်ရှု အသိပေးမှုပြုနေခြင်းတို့ကို နားလည်လက်ခံပေးကြရမည်ဖြစ်သည်။

မျက်မှောက်ကာလတွင် နည်းပညာတိုးတက်ခြင်းနှင့် ပညာရည်တိုးတက်ခြင်းတို့မှာ ကောင်းမွန်လှသည်ဟု အသိအမှတ်ပြုကြပါသည်။ သို့သော် ပညာရေးအတွက် အခြေခံအနှစ်သာရဖြစ်သည့် စေတနာ၊ ဝါသနာ၊ အနစ်နာဟူသော နာသုံးနာကိုမူ အစဉ်အဆက် ဆရာသမားတို့တွင် မလျော့နည်းဖို့ သတိမူရမည်ဖြစ်သည်။

ကျောင်းသားလူငယ်အများစုမှာ အခြေခံပြည်သူများဖြစ်၍ အရာရာကို ငွေဖြင့်တန်ဖိုးမဖြတ်မိစေရန်လည်း လိုပေသည်။ ကျောင်းနေပျော်မှ စာတော်မည်ဟုဆိုသည့်အတိုင်း စာသင်စာတတ်ဖို့သာမက ကျန်းမာကြံ့ခိုင်သော မျိုးဆက်သစ်များ၊ စိတ်ထားမြင့်မားသော တန်ဖိုးရှိအနာဂတ်မျိုးဆက်သစ်များဖြစ်အောင် ကျောင်းတွင်း လူမှုစိတ်ထားမြင့်တင်ရေး လှုပ်ရှားမှုများကို အစဉ်အလာမပျက်ဆောင်ရွက်ကြသည်မှာ အတိတ်၏အမွေခံကောင်းများဟု ဆိုနိုင် ပါသည်။

လက်ရှိအခြေအနေအရ စာသင်ရုံသက်သက် အမှတ်ကောင်းထွက်ရန် တစ်ခုတည်းအတွက်သာ အားထုတ်မိ၍ လူမှုရေးစိတ်ထားနည်းပါးသွားသည်ကိုမူ ဝန်ခံရမည်ဖြစ်ပါသည်။ တစ်ချိန်က ကျောင်းတွင်းအားကစား၊ ဂါရဝတရား၊ နိဝါတတရားများထွန်းကားအောင် အားပေးမြှင့်တင်ပေးနိုင်ခဲ့သည်ကိုလည်း လက်ခံရမည်ဖြစ်သည်။

တကယ့်ပကတိ အရှိဖြစ်ခဲ့သော တွံတေးသိန်းတန်တေးသွားကဲ့သို့ ခေါင်းလောင်းသံတညံ့ညံ့ပေးလိုက်သည်နှင့် လက်ချင်းယှက်သည့်ကျောင်းသားအချင်းချင်း ချစ်ကြည်ရင်းနှီးမှုများ၊ ကျောင်းတိုင်း ကျောင်းတိုင်း မြင်တွေ့ကြရသည့်တက်ကြွသည့်အားမာန်နှင့် နိုင်ငံတော်ကိုချစ်မြတ်နိုးစေသည့် နိုင်ငံတော်သီချင်းသီဆိုသံများ၊ မင်္ဂလာတေးသံများ၊ ကျောင်းတွင်းလှုပ်ရှားအားကစားပြိုင်ပွဲများမှာ ထာဝစဉ်ထိန်းသိမ်းထားရမည့် အတိတ်က ကျောင်းတွင်း ကောင်းခြင်းများ ဖြစ်ပါသည်။

သို့ဖြစ်ရာ လူသားအရင်းအမြစ်၏ အခြေခံဖြစ်သည့် ကောင်းမွန်သည့် အနှစ်သာရများပေါ် ထွက်ရာလမ်းစမှာ အခြေခံပညာကျောင်းများဖြစ်၍ ထိုကျောင်းများ၏ အစဉ်အလာကောင်းများကို ဆက်လက်ထိန်းသိမ်းမြှင့်တင်ရန် အတွက် ကျွန်ုပ်တို့အားလုံးတွင် တာဝန်ရှိပါသည်။ ။

ဆင်ခြေထောက်ရောဂါကင်းဝေးရေးအတွက် လူကုန်ပါဝင်ဆေးသောက်ရန်လိုအပ်

နေပြည်တော် စက်တင်ဘာ ၁၁

ကျန်းမာရေးဝန်ကြီးဌာနမှ ဆင်ခြေထောက်ရောဂါကင်းဝေးရေး စီမံချက် ချမှတ်ဆောင်ရွက်လျက်ရှိရာ ဒီအီးစီနှင့်အယ်လ်ဘန်ဒါဇိုး ဆေးနှစ်မျိုးကို နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ်အတွင်းရှိအသက်(၂)နှစ်အောက် ကလေးများ၊ ကိုယ်ဝန်ဆောင်များနှင့် ရောဂါတစ်ခုခုကြောင့် လဲနေသူများမှအပ ကျန်လူအားလုံးကို စက်တင်ဘာ ၉ ရက်မှ ၁၅ ရက်အထိ တိုက်ကျွေးလျက်ရှိပြီး အလားတူ တိုင်းဒေသကြီးနှင့်ပြည်နယ်များတွင်လည်း တိုက်ကျွေးမည်ဖြစ်ကြောင်း သိရသည်။

ဆင်ခြေထောက်ရောဂါသည် သွေးကြောတွင်နေသော သန်ကောင်အမျိုးအစား ကပ်ပါးပိုးကြောင့် ဖြစ်ပွားရခြင်းဖြစ်ပြီး ခြင်ကိုက်ခြင်းကြောင့် ကူးစက်နိုင်ကြောင်း၊ ဆင်ခြေထောက်ရောဂါပိုးသယ်ဆောင်သည့် ခြင်အမျိုးအစားမှာ ကျူးလက်(စ်)ဖြစ်ကြောင်း ဆေးတိုက်ကျွေးရေးအဖွဲ့မှ ကျန်းမာရေးဝန်ထမ်းတစ်ဦးက ရှင်းပြခဲ့သည်။

ဆင်ခြေထောက် ရောဂါသည် ရောဂါလက္ခဏာမပြဘဲ ငုပ်နေတတ်ကြောင်း၊ ခြေ၊ လက်၊ ရင်သား စသည့် ကိုယ်အင်္ဂါအစိတ်အပိုင်းများ တစ်ဖက်တည်း(သို့မဟုတ်) နှစ်ဖက်ကြီးလာခြင်း၊ ခြေထောက်များ၊ လက်များ ကြီးရာမှ အရေပြားတွန့်ခေါက်လာကာ ဆင်ခြေထောက်အသွင်ဖြစ်တတ်ပြီး ဆင်ခြေထောက်ဖြစ်သည့် အဆင့်သည် ရောဂါ၏နောက်ဆုံးအဆင့်ဖြစ်သော်လည်း စနစ်ကျပြုစုကုသပါက ရောဂါခံစားရမှုကို သက်သာလျော့နည်းစေနိုင်ကြောင်း ဆက်လက်ရှင်းပြခဲ့သည်။

ထို့ပြင် ဒီအီးစီနှင့်အယ်လ်ဘန်ဒါဇိုးဆေးကို သောက်သုံးပါက ဆင်ခြေထောက်ပိုးရှိသူများ၊ ရောဂါလက္ခဏာမပြဘဲ ငုပ်နေသူများအတွက် ရောဂါကုသပြီးသားဖြစ်သကဲ့သို့ ဆင်ခြေထောက်ရောဂါပိုး မရှိသူများသောက်သုံးပါက ရောဂါကာကွယ်ပြီးဖြစ်ကြောင်း၊ ဆေးသောက်ပြီးပါက လှုပ်ရှားမှုများလျှင် အနည်းငယ်မူးတတ်ကြောင်း၊ ဆင်ခြေထောက်ရောဂါပိုး အမြောက်အမြားရှိသူများ ပထမအကြိမ်သောက်သုံးစဉ်တွင် ဖျားခြင်း၊ ညောင်းညာကိုက်ခဲခြင်းများ ဖြစ်တတ်ပြီး နောက်တစ်ကြိမ်တွင် ထိုသို့မဖြစ်တော့ကြောင်း၊ ငါးနှစ်ဆက်တိုက်တစ်နှစ်တစ်ကြိမ်ဆေးသောက်ပါက ဆင်ခြေထောက်ရောဂါမှ ကင်းဝေးမည်ဖြစ်ကြောင်း၊ ဆင်ခြေထောက် ရောဂါကင်းဝေးရေးအတွက် လူကုန်ပါဝင်ဆေးသောက်ရန် လိုအပ်ကြောင်း ရှင်းပြခဲ့သည်။

(ကျော်သူထက်)

ကျန်ရှိသည့် သံဝေဇနီယသုံးဌာန ဆက်လက်တည်ဆောက်ပူဇော်ရန်လှူဒါန်းနိုင်

ဂေါတမမြတ်စွာဘုရားအလောင်းတော်ဖွားမြင်ရာ လုမ္ဗိနီဥယျာဉ်၊ သဗ္ဗညုတဉာဏ်တော်ရရှိတော်မူရာ မဟာဗောဓိအောင်မြေ၊ ဓမ္မစကြာ တရားဦးဟောတော်မူရာ မိဂဒါဝုန်တောနှင့် ပရိနိဗ္ဗာန်စံတော်မူရာ ကုသိနာရုံအင်ကြင်းတောစသည့် သံဝေဇနီယလေးဌာနအနက်မှ ပွင့်တော်မူရာ တစ်ဌာနတို့ တည်ဆောက်ပူဇော်ပြီးစီးခဲ့ပြီး ကျန်ရှိသည့်သံဝေဇနီယသုံးဌာနကို နေပြည်တော်သတ္တဌာနအနီးပတ်ဝန်းကျင်တွင် ဆက်လက်တည်ဆောက်ပူဇော်ရန် စတင်စီမံဆောင်ရွက်နေပြီဖြစ်ရာ ဝန်ကြီးဌာနအလိုက်သော်လည်းကောင်း၊ အဖွဲ့အစည်းအလိုက်သော်လည်းကောင်း၊ တစ်ဦးချင်းစီသော်လည်းကောင်း ပါဝင်လှူဒါန်းလိုသူများအနေဖြင့် ဦးကံချွန်(နေပြည်တော်ကောင်စီဝင်) ဖုန်း ၀၆၇-၄၀၄၂၀၅၊ ဦးသန်း ကျော်ထူး(ဒုတိယမြို့တော်ဝန်) နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဖုန်း ၀၆၇-၄၃၂၁၁၆၊ ဦးဝင်းဌေး(အတွင်းရေးမှူး) နေပြည်တော်စည်ပင် သာယာရေး ကော်မတီ ဖုန်း ၀၆၇-၄၃၂၁၁၇၊ အထူးဖွံ့ဖြိုးရေးစီမံကိန်းရုံး ဖုန်း ၀၆၇-၄၁၄၂၀၂၊ ၄၁၄၂၁၄၊ စီမံရေးရာဌာနမှူး ဖုန်း ၀၉-၆၄၀၀၃၉၄ တို့သို့ဆက်သွယ် လှူဒါန်းနိုင်ကြောင်း နှိုးဆော်ထားသည်။

(ကြေးမုံ)

ယာဉ်ကြောပိတ်ဆို့မှု ပိုမိုဖြစ်ပွားလာ၍ မီးရထားစီးနင်းမှုပိုမိုများပြားလာ

ရန်ကုန် စက်တင်ဘာ ၁၁

ရန်ကုန်မြို့တွင် ယာဉ်အစီးရေ တိုးပွားလာသည်နှင့်အမျှ ယာဉ်ကြောပိတ်ဆို့မှုပိုမိုဖြစ်ပွားလာ၍ ခရီးသွားပြည်သူများ မီးရထားစီးနင်းမှုပိုမိုများပြားလာကြောင်း မြန်မာ့မီးရထားမှ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရသိရသည်။

ရန်ကုန်မြို့၏ ယာဉ်ကြောကျပ်တည်းမှုကြောင့် ယခင်က အသုံးပြုမှုနည်းပါးသော မြို့ပတ်ရထားစီးခရီးသည်ဦးရေ ပြန်လည်များပြားလာပြီး ရထားအစင်း ၂၀ မှာ အချိန်ပြောင်း ပြေးဆွဲနေရကြောင်း သိရသည်။

"အခုဆိုရင် ယာဉ်ကြောပိတ်ဆို့မှုများပြားလာတဲ့အတွက် ရထားစီးနင်းသူတွေပိုမိုများပြားလာတယ်။ ရထားစီးနင်းတာက ငွေကြေးအကုန်အကျသက်သာပြီး အချိန်မြန်မြန်နဲ့ ရောက်ရှိစေတဲ့အတွက်စီးနင်းသူများလာတာပါ" ဟု ရန်ကုန်ဘူတာကြီးမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

လက်ရှိတွင် ရန်ကုန်မြို့ပတ်ရထားမှာ တစ်ရက်လျှင်အစင်း ၂၀၀ခန့် ပြေးဆွဲပေးလျက်ရှိပြီး ထပ်မံတိုးမြှင့်ပြေးဆွဲပေးသွားမည်ဖြစ်သည်။ ရထားစီးသူဦးရေမှာ တစ်ရက် ရှစ်သောင်းဝန်းကျင်ရှိကြောင်း သိရသည်။

(ကေသိန်းဆွေ)

တီမောလက်စ်တေဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ်နှင့်ဇနီး ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့ ရန်ကုန်မြို့သို့ရောက်ရှိ

ရန်ကုန် စက်တင်ဘာ ၁၁

တီမောလက်စ်တေ ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ်နှင့် ကာကွယ်ရေးနှင့်လုံခြုံရေးဝန်ကြီး မစ္စတာ ကေ ရာလာ ဇာနာနာ ဂူစ်မာအိုနှင့်ဇနီး မစ္စစ် ကာစ်တီ ဆဝဒ် ဂူစ်မာအို ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ယနေ့ ည ၇ နာရီ ၁၅ မိနစ်တွင် ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ရောက်ရှိလာရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့်ဇနီး ဒေါ်ခင်သက်ငွေနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။ **(အောက်ပုံ)** **(သတင်းစဉ်)**

သိန္နီနှင့် ပန်ဖိန်း ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံ လွှင့်စက်ချွတ်ယွင်းမှုကြောင့် ထုတ်လွှင့်မှုပြတ်တောက်ခြင်းနှင့် ပြန်လည်ထုတ်လွှင့်နိုင်မှုအခြေအနေတင်ပြခြင်း

နေပြည်တော် စက်တင်ဘာ ၁၁

မြန်မာ့အသံနှင့်ရုပ်မြင်သံကြား လားရှိုးပြုပြင်ထိန်းသိမ်းရေးဇုန် လက်အောက်ခံစက်ရုံများဖြစ်သော သိန္နီနှင့် ပန်ဖိန်းရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံများသည် လွှင့်စက်ချွတ်ယွင်းမှုကြောင့် စက်တင်ဘာ ၄ ရက် ညနေပိုင်းမှစ၍ ထုတ်လွှင့်မှုပြတ်တောက်ခဲ့သည်။

ယခုအခါ လွှင့်စက်များ ပြုပြင်ပြီးစီးပြီဖြစ်ပါသဖြင့် စက်တင်ဘာ ၉ ရက် ညနေပိုင်းအစီအစဉ်မှစ၍ မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်များကို ပုံမှန်အတိုင်း ပြန်လည်ထုတ်လွှင့်နေပါကြောင်း မိဘပြည်သူများအားအသိပေး တင်ပြအပ်ပါသည်။

(သတင်းစဉ်)

ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော်စည်းဝေး

နေပြည်တော် စက်တင်ဘာ ၁၁

ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး တတိယနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ပြည်နယ်လွှတ်တော် အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစိုင်းလုံးဆိုင်၊ ပြည်နယ်ဝန်ကြီးများနှင့်လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှယ်များက မေးခွန်းများမေးမြန်းဖြေကြားခြင်း၊ ဥပဒေကြမ်းများနှင့်အဆိုများကို ဆွေးနွေးခြင်းတို့ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မှတ်သားဖွယ်ရာ မိုးရေချိန်များ

(၁၁-၉-၂၀၁၃)

မော်လိုက်
၂ ဒသမ ၄၄ လက်မ

ထီးလင်း
၁ ဒသမ ၂၁ လက်မ

သီပေါ
၁ ဒသမ ၁၈ လက်မ

ပလက်ဝ ၊ မြောက်ဦးနှင့် မြိတ်
၁ ဒသမ ဝ၂ လက်မစီ

မြဝတီရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၁၂-၉-၂၀၁၃ (ကြာသပတေးနေ့)

၆း၀၃	တရားတော်
၆း၁၅	မေတ္တာပို့
၇း၁၀	သာယာသီကြွေး ခေတ်ဆန်းတေး
၈း၀၀	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	ရှေးဟောင်းသုတ
၄း၂၅	ချစ်သူစုံတွဲတူယှဉ်နွဲ
၄း၃၅	ဇာတ်လမ်းတို
၄း၅၀	မွေးမြူသုတ
၅း၂၂	ရသစုံလင် ရုပ်မြင်ဇာတ်လမ်း "ခေတ်သစ်အချစ်" (အပိုင်း-၃၁)
၆း၁၅	ထူးဆန်းထွေလာ မျက်လှည့်ပညာ
၆း၃၅	ကာတွန်းအစီအစဉ် အာကာသ သူရဲကောင်းလေးများ (အပိုင်း-၁၃၂)
၇း၀၀	ရသစုံလင် ရုပ်မြင်ဇာတ်လမ်း "သိုင်းသမားဘတ်ဒုန်းဆု" (အပိုင်း-၁၃)
၈း၀၀	မြဝတီရုပ်မြင်သံကြားသတင်း -ရသစုံလင် ရုပ်မြင်ဇာတ်လမ်း "ကိုယ်ယုံကြည်သော ချစ်ခြင်းဖြင့်" (အပိုင်း-၃၅) -ရသစုံလင် ရုပ်မြင်ဇာတ်လမ်း "ဂုဏ်ရည်မတူ" (အပိုင်း-၄၅)(ဒုတိယတွဲ)

သံအမတ်ကြီး ဦးကျော်မျိုးထွဋ်အား အမေရိကန်ပြည်ထောင်စုဆိုင်ရာ သံအမတ်ကြီးအဖြစ် ပြောင်းရွှေ့ခန့်အပ်

နေပြည်တော် စက်တင်ဘာ ၁၂

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ယူနိုက်တက်ကင်းဒမ်းနှင့် မြောက်အိုင်ယာလန်နိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးကျော်မျိုးထွဋ်အား အမေရိကန်ပြည်ထောင်စုဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ပြောင်းရွှေ့ခန့်အပ်လိုက်ပြီးဖြစ်သည်။ **(သတင်းစဉ်)**

သံအမတ်ကြီး ဦးတင်ယုအား ဘယ်လာရုစ်နိုင်ငံဆိုင်ရာ သံအမတ်ကြီးအဖြစ် ပူးတွဲခန့်

နေပြည်တော် စက်တင်ဘာ ၁၂

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးတင်ယုအား ၎င်း၏ လက်ရှိတာဝန်ဝတ္တရားများအပြင် ဘယ်လာရုစ်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်လိုက်ပြီးဖြစ်သည်။ **(သတင်းစဉ်)**

သံအမတ်ကြီး သူရဦးသက်ဦးမောင်အား အယ်လ်ဂျီးရီးယားနိုင်ငံဆိုင်ရာ သံအမတ်ကြီးအဖြစ် ပူးတွဲခန့်

နေပြည်တော် စက်တင်ဘာ ၁၂

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အီဂျစ်အာရပ်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် သံအမတ်ကြီး သူရဦးသက်ဦးမောင်အား အယ်လ်ဂျီးရီးယားပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်လိုက်ပြီးဖြစ်သည်။ **(သတင်းစဉ်)**



ကေဆောင်စက်မှုဇုန် ပြန်လည်စတင်ရန် တောင်/မြောက်ကိုရီးယားတို့ သဘောတူ

ဆိုးလ် စက်တင်ဘာ ၁၁

တောင်ကိုရီးယားနှင့် မြောက်ကိုရီးယားတို့သည် ပိတ်ထားသည့် ကေဆောင်စက်မှုဇုန်၌ လုပ်ငန်းများ ပြန်လည် ဆောင်ရွက်ရန် သဘောတူညီကြပြီဖြစ်ကြောင်း ဆိုးလ်က ဗုဒ္ဓဟူးနေ့တွင် ပြောသည်။

ညဘက်သို့ရောက်သည့်တိုင်အောင် ဆွေးနွေးညှိနှိုင်းကြပြီးနောက် စက်တင်ဘာ ၁၆ရက်ကို လုပ်ငန်းများ 'အစမ်း'ပြန်လည်စတင်မည့်ရက်အဖြစ် နှစ်ဖက်စလုံးက သဘောတူသတ်မှတ်ခဲ့ကြသည်ဟု တောင်ကိုရီးယားနိုင်ငံ၏ ပြန်လည်ပေါင်းစည်းရေးဝန်ကြီးဌာနက ပြောသည်။

ဧပြီလအတွင်း နှစ်နိုင်ငံ နိုင်ငံရေးတင်းမာမှုများ ပေါ်ပေါက်လာစဉ် မြောက်ကိုရီးယားက ၎င်း၏အလုပ်သမားများကို ခေါ်ဆောင်သွားသဖြင့် စက်မှုဇုန်တွင် လုပ်ငန်းများရပ်ဆိုင်းသွားခဲ့သည်။

ယင်းဇုန်သည် မြောက်ကိုရီးယားနိုင်ငံအတွင်း၌ရှိပြီး တောင်ကိုရီးယားပိုင်စက်ရုံ ၁၂၃ရုံ လုပ်ငန်းလည်ပတ်လျက်ရှိကာ မြောက်ကိုရီးယားအလုပ်သမား ၅၀၀၀၀ကျော် အလုပ်လုပ်လျက်ရှိသည်။

၎င်းသည် ကိုရီးယားနှစ်နိုင်ငံ နောက်ဆုံးပူးတွဲစီမံကိန်းတစ်ခုဖြစ်ပြီး မြောက်ကိုရီးယားနိုင်ငံအတွက် အခွန်ငွေရရှိရာ အဓိကအရင်းအမြစ်တစ်ခုဖြစ်သည်။ **ဘီဘီစီ။**

ဆီးရီးယားပြဿနာကို သံတမန်လမ်းကြောင်းမှ ဖြေရှင်းရန် ကြိုးစားမည်ဖြစ်သကဲ့သို့ စစ်ရေးအရ အရေးယူရန်လည်း အဆင်သင့်ဖြစ်ကြောင်း အမေရိကန်သမ္မတ ဘာရက်အိုဘားမားက ၎င်း၏မိန့်ခွန်းတွင် ထည့်သွင်းပြောကြားခဲ့သည်။

ပါကစ္စတန်နိုင်ငံ ကရာချိမြို့တွင် အကြမ်းဖက်မှုဖြစ်ပွား လူ ၁၂ဦးသေဆုံး

အစ္စလမ္မာဘတ် စက်တင်ဘာ ၁၁

ပါကစ္စတန်နိုင်ငံတောင်ပိုင်း ဆိပ်ကမ်းမြို့ ကရာချိတွင် လွန်ခဲ့သည့် ၂၄နာရီကျော်က အကြမ်းဖက်တိုက်ခိုက်မှုများ သီးခြားနေရာများ၌ ဖြစ်ပွားရာ လူ ၁၂ဦး ထက်မနည်း သေဆုံး၍ လူအချို့ဒဏ်ရာရရှိကြောင်း ဒေသဆိုင်ရာ ရဲတပ်ဖွဲ့နှင့် သတင်းမီဒီယာများက စက်တင်ဘာ ၁၁ရက်တွင် ပြောကြားသည်။

ကရာချိမြို့ နာဇီမာဘတ်ဒေသ မြို့လယ်ကောင်တွင် လူတစ်ဦး ပစ်သတ်ခံရ၍ သေဆုံးကြောင်း၊ လန်ချားတစ်စီးပေါ်မှ အမည်မသိ သေနတ်သမားများ ပစ်ခတ်မှုကြောင့် မျိုးနွယ်စုအဖွဲ့အစည်းမှ လူနှစ်ဦးသေဆုံးကြောင်း၊ ပစ်ခတ်ပြီးနောက် သေနတ်သမားများ ထွက်ပြေးလွတ်မြောက်သွားကြောင်း၊ စက်တင်ဘာ ၁၀ရက် နံနက်ပိုင်းက ဟိန်ဒါရီလမ်းပေါ်တွင် အမည်မသိ သေနတ်သမား ပစ်ခတ်မှုကြောင့် ရဲတပ်ဖွဲ့ဝင်နှစ်ဦး သေဆုံးကြောင်း၊ ရဲတပ်ဖွဲ့ကားတစ်စီးကို သေနတ်သမားများ ပစ်ခတ်ရာ ရဲတပ်ဖွဲ့ဝင်များ သေဆုံးကြောင်း သတင်းတွင် ဖော်ပြသည်။ **ဆင်ဟွာ။**

ဆီးရီးယားအရေး သံတမန်ရေးဖြင့် မအောင်မြင်လျှင် စစ်ရေးအဆင်သင့်ဟု အိုဘားမားပြော

ဝါရှင်တန် စက်တင်ဘာ ၁၁

အမေရိကန်သမ္မတ ဘာရက်အိုဘားမားက ဆီးရီးယားနိုင်ငံ၏ ဓာတုလက်နက်များကို ဖယ်ရှားရေးအတွက် သံတမန်နည်းလမ်းအရ ကြိုးပမ်းသွားမည်ဖြစ်ကြောင်း၊ သို့သော်မအောင်မြင်ပါက လက်တုံ့ပြန်ရေးအလို့ငှာ အသင့်အနေအထား ပြင်ဆင်ထားရန်လည်း စစ်ဘက်သို့ အမိန့်ပေးထားပြီးဖြစ်ကြောင်း ဗုဒ္ဓဟူးနေ့တွင် ပြောကြားသည်။

အိုဘားမားက ရုပ်မြင်သံကြားမှ နိုင်ငံတော်သို့ မိန့်ခွန်းပြောကြားရာတွင် ဆီးရီးယားနိုင်ငံအပေါ် စစ်အင်အား အသုံးပြုရေးအတွက် အခွင့်အာဏာပေးမည့် မဲပေးရေး အစီအစဉ်ကို ရွှေ့ဆိုင်းထားရန် အထက်လွှတ်တော်သို့ မေတ္တာရပ်ခံထားကြောင်း ထည့်သွင်းပြောကြားခဲ့သည်။

လွန်ခဲ့သည့်လက ဓာတုလက်နက်များသုံးစွဲခြင်းကြောင့် ဒမတ်စကတ်မြို့တွင် လူပေါင်းရာနှင့်ချီ၍ သေဆုံးခဲ့ရသဖြင့် ဆီးရီးယားကို လေကြောင်းမှတိုက်ခိုက်ရန် အမေရိကန်က ခြိမ်းခြောက်ခဲ့သည်။

အဆိုပါဆီးရီးယား၏ ဓာတုလက်နက်များကို နိုင်ငံတကာ၏ထိန်းချုပ်မှုအောက်တွင်ထားရှိရန် ရုရှားနိုင်ငံက အဆိုပြုထားသည်။ ယင်းအဆိုကို ဆီးရီးယားအစိုးရ တာဝန်ရှိသူများက မူအားဖြင့်သဘောတူညီခဲ့ကြသော်လည်း အမေရိကန်နှင့် မဟာမိတ်နိုင်ငံများက သံသယရှိနေသည်။

ရုရှားနိုင်ငံ၏အဆိုပြုသောအစီအစဉ်သည် အင်္ဂါနေ့တွင် ကုလသမဂ္ဂ၌ သံတမန်များကို တစ်နေကုန် အငြင်းအခုန်ဖြစ်စေခဲ့သည်။

အိုဘားမားသည် အိမ်ဖြူတော်မှ မိန့်ခွန်းပြောကြားရာတွင် အင်အားသုံးခြင်းသည် ပြည်တွင်းစစ်ကို ဖြေရှင်းနိုင်မည်ဟု မယုံကြည်သောကြောင့် ဆီးရီးယားနိုင်ငံကို စစ်ရေးအရ အရေးယူရန် တောင်းဆိုကြခြင်းအား ၎င်း၏အစိုးရအဖွဲ့က အချိန်ကြာမြင့်စွာ ငြင်းဆိုလာခဲ့ပြီဖြစ်ကြောင်း၊ သို့သော် ဩဂုတ် ၂၁ရက်တွင် ဒမတ်စကတ်၌ ဓာတုလက်နက် သုံးစွဲတိုက်ခိုက်ပြီးနောက် ၎င်း၏သဘောထား ပြောင်းလဲခဲ့ပြီဖြစ်ကြောင်း ထုတ်ဖော်ပြောဆိုခဲ့သည်။

ဆီးရီးယားအစိုးရက ၎င်းတို့တိုက်ခိုက်ခြင်း မဟုတ်ကြောင်း၊ သူပုန်များတိုက်ခိုက်ခြင်းဖြစ်ကြောင်း ငြင်းဆိုသည်။ သို့သော် အိုဘားမားက ဆီးရီးယားအစိုးရ၏လက်ချက်ဖြစ်သည်ကို အမေရိကန်ပြည်ထောင်စုက သိရှိခဲ့ပြီးဖြစ်သည်ဟု ပြောကြားခဲ့သည်။ ဘီဘီစီ။

ဇန်ဘိုအန်ဂါတွင် ဖိလစ်ပိုင်အစိုးရတပ်နှင့် သူပုန်များ ဆက်လက်တိုက်ပွဲဖြစ်

ဖိလစ်ပိုင် စက်တင်ဘာ ၁၁

ဖိလစ်ပိုင်နိုင်ငံ ဇန်ဘိုအန်ဂါမြို့တွင် ထောင်ပေါင်းများစွာသော မြို့သူမြို့သားများ ထွက်ပြေးကြပြီး အစိုးရတပ်များနှင့် သူပုန်များသည် ဆက်လက်တိုက်ခိုက်လျက်ရှိကြောင်း ဗုဒ္ဓဟူးနေ့ ဘီဘီစီ သတင်းတွင် ဖော်ပြသည်။

ဇန်ဘိုအန်ဂါမြို့တွင် တနင်္လာနေ့မှ စတင်၍ တိုက်ပွဲဖြစ်ပွားစဉ်အတွင်း လူကိုးဦးသေဆုံးခဲ့ပြီဖြစ်သည်။

မိုရိုအမျိုးသားလွတ်မြောက်ရေးတပ်ဦး(အမ်အန်အယ်လ်အက်ဖ်)မှ အုပ်စုတစ်စုသည် မြို့တွင်းသို့ ဝင်ရောက်လာခဲ့ကြပြီး သူပုန်များသည် ရပ်ကွက်များအတွင်း၌ ခိုအောင်းလျက်ရှိသည်။ လေယာဉ် ခရီးစဉ်များ၊ ကူးတို့သင်္ဘောခရီးစဉ်များနှင့် မြို့တွင်းရှိ စာသင်ကျောင်းများကို ပိတ်ထားရသည်။

သတင်းများအရ သူပုန်များသည် ကျေးရွာများ၌ တပ်စွဲထားပြီး ရွာသူရွာသားများနှင့်အတူ ရောနှောလျက်ရှိသည်ဟု ဆိုသည်။ ဒေသခံများ၏ ပြောကြားချက်အရ သူပုန်များသည် ၎င်းတို့ထိန်းချုပ်ထားသော ရပ်ကွက်များရှိ လူနေအိမ်များကို မီးရှို့ခဲ့ကြသည်။

ထောင်ပေါင်းများစွာသော ပြည်သူများသည် စစ်ဘေး အန္တရာယ်မှ ကင်းဝေးရာသို့ ထွက်ပြေးကြရာ ဒုက္ခသည် ၁၃၀၀၀ကို ဇန်ဘိုအန်ဂါမြို့ အားကစားကွင်း၌ နေရာ ချထားပေးကြောင်း တာဝန်ရှိသူများက ပြောသည်။

ဘီဘီစီ။

ဖိလစ်ပိုင်တွင် စစ်ဘေးအန္တရာယ် ရှောင်ရန် ထွက်ပြေးလာကြသူများကို တွေ့ရစဉ်။

အသိပေးကြေညာချက်

မွန်ပြည်နယ်အတွင်း၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ ဝန်ဆောင်မှုပေးလျက်ရှိသည့် မိုဘိုင်းတယ်လီဖုန်းများနှင့် ပတ်သက်၍ စုံစမ်းမေးမြန်းလိုပါက မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ ပြည်နယ်မန်နေဂျာရုံးတွင် ဖွင့်လှစ်ထားသည့် Mobile Complaint Centre (ဖုန်း-၀၅၇-၂၇၁၁၁)သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ မွန်ပြည်နယ်

ရထားပို့ဆောင်ရေးဝန်ကြီးဌာန
ကုန်းလမ်းပို့ဆောင်ရေး
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်အတွင်းရှိ ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေးပိုင် ကုန်စည်ပို့ဆောင်ရေးဌာနခွဲ (မကွေး) မြေနေရာများအနက်မှ အကျယ်အဝန်း ပေ(၂၀၀×၁၅၀) ၀ဒသမ ၆၈ ဧကအား စက်သုံးဆီ အရောင်းဆိုင်ဖွင့်လှစ်၍ နှစ်ရှည်မြေငှားရမ်းခြင်း လုပ်ငန်းဆောင်ရွက်လိုပါသဖြင့် ပြည်တွင်းရှိ နိုင်ငံသားလုပ်ငန်းရှင်များသို့ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်။

၂။ တင်ဒါတင်သွင်းရမည့်ရက်/အချိန် - ၁၀-၁၀-၂၀၁၃ရက် (ကြာသပတေးနေ့)
- နံနက် ၉း၀၀ နာရီမှ ၁၁း၀၀နာရီထိ

တင်ဒါစိစစ်မည့်နေရာ - မကွေးခရိုင်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး

တင်ဒါဖွင့်လှစ်မည့်ရက်နှင့်အချိန် - ၁၀-၁၀-၂၀၁၃ ရက် (ကြာသပတေးနေ့)
- နံနက် ၁၁း၀၀နာရီ

၃။ အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို တစ်စုံလျှင် ၁၀၀၀၀ိ/- (ကျပ်တစ်သောင်းတိတိ)နှုန်းဖြင့် ကုန်စည်ပို့ဆောင်ရေးဌာနခွဲ(မကွေး)တွင် ၁၂-၉-၂၀၁၃ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

(ပြန်ကြားရေးဝန်ကြီးဌာန Web Media Portal တွင်လည်း သတင်းဝင်ရောက်ကြည့်ရှုနိုင်ပါသည်။)

တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့
ဖုန်း-၀၆၃-၂၃၁၅၃၊ ၀၉- ၄၉၂၂၉၀၉၂

ရထားပို့ဆောင်ရေးဝန်ကြီးဌာန
ကုန်းလမ်းပို့ဆောင်ရေး
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတခရိုင်အတွင်းရှိ ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေးပိုင် ကုန်စည်ပို့ဆောင်ရေးဌာနခွဲ (ဟင်္သာတ) မြေနေရာများအနက်မှ အကျယ်အဝန်း ပေ(၂၀၀×၁၅၀) ၀ ဒသမ ၆၈ဧကအား စက်သုံးဆီ အရောင်းဆိုင်ဖွင့်လှစ်၍ နှစ်ရှည်မြေငှားရမ်းခြင်းလုပ်ငန်း ဆောင်ရွက်လိုပါသဖြင့် ပြည်တွင်းရှိ နိုင်ငံသားလုပ်ငန်းရှင်များသို့ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်။

၂။ တင်ဒါတင်သွင်းရမည့်ရက်/အချိန် - ၁၅-၁၀-၂၀၁၃ရက်(အင်္ဂါနေ့)
နံနက် ၉း၀၀နာရီမှ ၁၁း၀၀နာရီထိ

တင်ဒါစိစစ်မည့်နေရာ - ဟင်္သာတခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး

တင်ဒါဖွင့်လှစ်မည့်ရက်နှင့်အချိန် - ၁၅-၁၀-၂၀၁၃ရက် (အင်္ဂါနေ့)
နံနက် ၁၁း၀၀နာရီ

၃။ အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို တစ်စုံလျှင် ၁၀၀၀၀ိ/- (ကျပ်တစ် သောင်းတိတိ)နှုန်းဖြင့် ကုန်စည်ပို့ဆောင်ရေးဌာနခွဲ (ဟင်္သာတ)တွင် ၁၂-၉-၂၀၁၃ ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

(ပြန်ကြားရေးဝန်ကြီးဌာန **Web Media Portal**တွင်လည်း သတင်းဝင်ရောက်ကြည့်ရှုနိုင်ပါသည်။)

တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့ ဖုန်း-၀၄၄-၂၁၁၅၁၊ ၀၉-၄၅၈၀၄၃၃၈၃

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန အစီအစဉ်ဖြင့် ကချင်ပြည်နယ် အစိုးရအဖွဲ့ရုံး၏ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ကချင်ပြည်နယ်အတွင်း ဆောင်ရွက်မည့် လမ်း(၃)ခု၊ သစ်သားတံတား(၁၀၀၀)ပေ၊ ရေပြွန်(၇၀၀)ပေ၊ တွင်းတိမ်(၄)တွင်း၊ တွင်းနက် (၄)တွင်း၊ လက်တူးတွင်း(၂၉)တွင်း၊ စိမ့်စမ်းရေသွယ်ရေးလုပ်ငန်း(၉)ခု၊ ယင်လုံအိမ်သာ (၂၀၀)လုံး၊ နေရောင်ခြည်စွမ်းအင်လုပ်ငန်း (၉၉၇)ခု၊ ရေအားလျှပ်စစ်လုပ်ငန်း(၁၂) ခု၊ ကျေးလက်တန်ဖိုးနည်း အိမ်ရာ(၆၈)လုံး၊ အသက်မွေးဝမ်းကျောင်း အထောက်အကူပြုလုပ်ငန်း ကျေးရွာ(၂)ရွာတို့အား ဆောင်ရွက်ရန်ရှိပါ၍ အိတ်ဖွင့်တင်ဒါ လျှောက်လွှာများကို ၁၂-၉-၂၀၁၃ရက်မှ စတင်ပြီး ကချင်ပြည်နယ် အစိုးရအဖွဲ့ရုံးတွင် အောက်ပါအတိုင်း တင်သွင်းနိုင်ပါသည်-

(က) အိတ်ဖွင့်တင်ဒါတင်သွင်းရန် - ၁၂-၉-၂၀၁၃ ရက်မှ
- ၁၂-၁၀-၂၀၁၃ ရက်အထိ

(ခ) အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်နေရာ - ကချင်ပြည်နယ်အစိုးရအဖွဲ့ရုံး မြစ်ကြီးနားမြို့

၂။ သတ်မှတ်ရက်အချိန်ထက် ကျော်လွန်တင်သွင်းသည့် လျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၃။ အသေးစိတ်သိရှိလိုပါက ကချင်ပြည်နယ်အစိုးရအဖွဲ့ ဖုန်း--၀၇၄-၂၉၅၁၄၊ ၂၉၅၄၄၊ ၂၂၄၈၄၊ ၂၂၃၂၉ တို့တွင် ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

အိတ်ဖွင့်တင်ဒါရွေးချယ်ရေးလုပ်ငန်းကော်မတီ

အင်ဒိုနီးရှားသဘာဝပတ်ဝန်းကျင်ပျက်စီးမှုကို ဝေဖန်ခဲ့သည့် ဟာရစ်ဆင်ဖို့ဒ်

ဂျကာတာ စက်တင်ဘာ ၁၁

ဟောလီဝုဒ်အက်ရှင်မင်းသားကြီး ဟာရစ်ဆင်ဖို့ဒ်သည် ရာသီဥတုပြောင်းလဲမှုကြောင့် ပတ်ဝန်းကျင်ပျက်စီးမှုဆိုင်ရာ ရုပ်သံမှတ်တမ်းအတွက် စက်တင်ဘာ ၁၀ ရက်တွင် အင်ဒိုနီးရှားသမ္မတကို တွေ့ဆုံမေးမြန်းမှု ပြုလုပ်ခဲ့သည်။

မင်းသားကြီး ဟာရစ်ဆင်ဖို့ဒ်မှာ အင်ဒီရာနာဂျုန်းဇာတ်ကားနှင့် ကြယ်တာရာစစ်ပွဲဇာတ်ကားများဖြင့် နာမည်ကျော်လူသိများလာသူတစ်ဦး ဖြစ်သလို ပတ်ဝန်းကျင်ရေးရာလှုပ်ရှားသူအဖြစ်လည်း လူသိများသူတစ်ဦးဖြစ်သည်။ အင်ဒိုနီးရှားသမ္မတ ဆူစီလိုဘမ်ဘန်း ယူဒိုရိုနိုက အင်ဒိုနီးရှားနိုင်ငံက ကတိကဝတ်ပြုထားသော ပင်လယ်သမုဒ္ဒရာနှင့် သစ်တောများထိန်းသိမ်းရေးလုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားခဲ့သည်ဟု သမ္မတပြောရေးဆိုခွင့်ရှိသူ ဂျူလီယာ အယ်လ်ဒရင်က ပြောကြားသည်။

ဟာရစ်ဆင်ဖို့ဒ်သည် Years of Living Dangerously အမည်ရှိ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ရုပ်သံဇာတ်လမ်းတွဲ ဖြန့်ချိရန်အတွက် အင်ဒိုနီးရှားနိုင်ငံတွင် ရောက်ရှိနေပြီး အမျိုးသားသဘာဝသစ်တောများနှင့် ပန်းဥယျာဉ်များသို့ သွားရောက်ခဲ့ပြီး သစ်တောရေးရာဝန်ကြီး ဇူကီဖလီ ဟာဆန် အပါအဝင် အစိုးရအရာရှိများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ ပတ်ဝန်းကျင်ရေးရာလှုပ်ရှားသူများနှင့် တွေ့ဆုံမေးမြန်းမှုများ ပြုလုပ်ခဲ့သည်။

အင်ဒိုနီးရှားနိုင်ငံတွင် သဘာဝပတ်ဝန်းကျင်ပျက်စီးမှုကြောင့် သစ်တောများ ပြုန်းတီးခဲ့ရကြောင်း ဟာရစ်ဆင်ဖို့ဒ်၏ ဝေဖန်မှုအပေါ် သစ်တောရေးရာဝန်ကြီး ဟာဆန်မှာ ဒေါသဖြစ်ခဲ့ရသည်ဟု ရေးသားဖော်ပြကြသည်။ ဟာရစ်ဆင်ဖို့ဒ်က သစ်တောများမီးလောင်ကျွမ်းမှုနှင့် ဒေသတွင်း၌ မီးခိုးမြူများ ဖြစ်ပေါ်စေခဲ့မှုအတွက် အင်ဒိုနီးရှားနိုင်ငံကို အပြစ်ဖို့ခဲ့သည်။

Years of Living Dangerously ရုပ်သံဇာတ်လမ်းတွဲမှာ ရာသီဥတုပြောင်းလဲမှုကြောင့် လူသားတို့အပေါ် ဆိုးကျိုးသက်ရောက်မှုများ ရိုက်ခတ်လာပုံကို အဓိက ပုံဖော်ရိုက်ကူးထားပြီး ဟောလီဝုဒ်ကြယ်ပွင့်များနှင့် သတင်းစာဆရာများ ပူးပေါင်းစီစဉ်တင်ဆက်ထားသည်။ **အေပီ။**

အင်ဒီရာနာဂျုန်းဇာတ်ကားနှင့် ကြယ်တာရာစစ်ပွဲဇာတ်ကားများဖြင့် နာမည်ကျော် လူသိများလာသူတစ်ဦး ဖြစ်သလို ပတ်ဝန်းကျင်ရေးရာလှုပ်ရှားသူအဖြစ်လည်း လူသိများသူ မင်းသားကြီး ဟာရစ်ဆင်ဖို့ဒ်။

ပြည်သူ့ဝန်ထမ်းဖြစ်သည်ကို သိရှိလိုက်နာဆောင်ရွက်၊ ခံယူချက်ပြောင်းလဲ

နေပြည်တော် စက်တင်ဘာ ၁၁

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကို ယမန်နေ့ နံနက် ၈ နာရီတွင် အဆိုပါဝန်ကြီးရုံး စုပေါင်းခန်းမ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်**(ယာပုံ)**က ယခုလုပ်ငန်းညှိနှိုင်းအစည်းအဝေး ပြုလုပ်ခြင်းဖြင့် တိုင်းဒေသကြီး/ပြည်နယ် ဦးစီးမှူးများ၏ လိုအပ်ချက်များ၊ ပြုပြင်စရာများနှင့် ဝန်ထမ်းများ၏ လိုအပ်ချက်များကို ပြောင်းလဲလာသည့် ခေတ်စနစ်နှင့်အညီ ဖြည့်ဆည်းပေးနိုင်မည် ဖြစ်ပါကြောင်း၊ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်(၄)ခု ဆောင်ရွက်နေချိန်တွင် အစိုးရဝန်ထမ်းမဟုတ်တော့ဘဲ ပြည်သူ့ဝန်ထမ်းများဖြစ်သည်ကို သိရှိလိုက်နာဆောင်ရွက်ရန်၊ ပြည်သူလူထုဗဟိုပြုအစိုးရဖြစ်သဖြင့် ပြည်သူလူထုအား အထက်စီးဖြင့် ဆက်ဆံခြင်း၊ မချေမငံဆက်ဆံခြင်း လုံးဝမပြုလုပ်ဘဲ ခံယူချက် ပြောင်းလဲရန်၊ ၂၀၁၄ ခုနှစ်တွင် မြန်မာနိုင်ငံ၌ လက်ခံကျင်းပမည့် အာဆီယံအလှည့်ကျဥက္ကဋ္ဌ တာဝန်ထမ်းဆောင်ရာတွင် သက်ဆိုင်ရာ ဦးစီးဌာနများမှ အစည်းအဝေးများကို အောင်မြင်စွာ ကျင်းပနိုင်ရန် ကြိုတင်ပြင်ဆင်ရန်လိုအပ်ပါကြောင်း၊ ဘေးသင့်ပြည်သူများလက်ဝယ်သို့ ကယ်ဆယ်ရေးပစ္စည်းနှင့် ဆန်ရိက္ခာဖိုး၊ အိမ်ဆောက်ပစ္စည်းဖိုးများ ထောက်ပံ့ရာတွင် စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ လိုအပ်သော အထောက်အထားများနှင့်သာ အဆင့်ဆင့် တင်ပြခွင့်ပြုချက် ရယူရမည်ဖြစ်ပါကြောင်း၊ မိမိတို့ ဆောင်ရွက်ခဲ့သည့် လုပ်ငန်းများအပေါ် ပြီးစလွယ်မဟုတ်ဘဲ အားသာချက်၊ အားနည်းချက်များကို ပွင့်ပွင့်လင်းလင်း ဆွေးနွေးပြီး ဆက်လက်လုပ်ဆောင်မည့် လုပ်ငန်းများကို အောင်မြင်အောင်၊ စနစ်ကျအောင်၊ ပွင့်လင်းမြင်သာမှုရှိအောင် မည်သည့်နည်းလမ်းများဖြင့် ဆောင်ရွက်မလဲဆိုတာ အမှန်တရားကို လက်ကိုင်ထားပြီး တိတိကျကျ လိုက်နာဆောင်ရွက်ကြရန် အထူးအလေးထားမှာကြားလိုပါကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး/ပြည်နယ် ဦးစီးမှူးများက လုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြကြသည်။

အစည်းအဝေးကို ယနေ့ဆက်လက်ကျင်းပခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာပိုက်ကျော်ခြင်းအဖွဲ့ ကမ္ဘာ့ပိုက်ကျော်ခြင်းပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်မည်

နေပြည်တော် စက်တင်ဘာ ၁၁

နေပြည်တော် လယ်ဝေးရှိ Training Center-2 ၌ ပြေးခုန်ပစ်အားကစားသမားများ ကိုယ်ကာယကြံ့ခိုင်မှု လေ့ကျင့်ခန်းပြုလုပ်နေမှုများ၊ ဂျူဒို၊ ဘိလိယက်နှင့် စနူကာ အားကစားသမားများ လေ့ကျင့်နေမှုနှင့် Training Center-1 ၌ ဘတ်စကက်ဘော၊ လက်ဝှေ့၊ မွေ့နှင့် ရိုးရာခြင်းလုံး အားကစားသမားများ လေ့ကျင့်နေမှုများကို အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသောင်းထိုက်သည် ယမန်နေ့ နံနက်ပိုင်းတွင် လှည့်လည်စစ်ဆေးအားပေးပြီး အားကစားသမားများအား အောင်မြင်မှုများ ရရှိအောင် ကြိုးစားလေ့ကျင့်ကြရန် မှာကြားသည်။

ထို့နောက် အားကစားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ (၂၈)ကြိမ်မြောက် ထိုင်းဘုရင့်ဖလား ကမ္ဘာ့ပိုက်ကျော်ခြင်းပြိုင်ပွဲ သွားရောက်ယှဉ်ပြိုင်မည့် မြန်မာ့ပိုက်ကျော်ခြင်း အားကစားအဖွဲ့ဝင်များအား တွေ့ဆုံပြီး ယခု သွားရောက်ယှဉ်ပြိုင်မည့် ပြိုင်ပွဲသည် ကမ္ဘာ့အဆင့်အသင်းများနှင့် တွေ့ဆုံယှဉ်ပြိုင်ရမည်ဖြစ်သဖြင့် အစွမ်းကုန်ကြိုးစားယှဉ်ပြိုင်ကြစေလိုကြောင်း၊ အုပ်ချုပ်မှုအဖွဲ့မှ တာဝန်ရှိသူများ စည်းလုံးညီညွတ်ပါမှ အသင်းအောင်နိုင်ရေးကို ရှေးရှုနိုင်မည်ဖြစ်ကြောင်း မှာကြားသည်။

အဆိုပါ ကမ္ဘာ့ပိုက်ကျော်ခြင်း ပြိုင်ပွဲကို ထိုင်းနိုင်ငံ ကူဒန်သာနီမြို့၌ စက်တင်ဘာ ၁၆ ရက်မှ ၂၂ ရက်အထိ ကျင်းပမည်ဖြစ်ပြီး ၂၆ နိုင်ငံ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ရာ မြန်မာ့ပိုက်ကျော်ခြင်းအဖွဲ့မှ အုပ်ချုပ်မှုအဖွဲ့ ၁၀ ဦး၊ အမျိုးသား အားကစားသမား ၁၂ ဦး၊ အမျိုးသမီး အားကစားသမား ၁၂ ဦးတို့ ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

လူကုန်ကူးမှုပပျောက်မှ ဒို့တွေစိတ်မှာ ချမ်းသာရ

အားလုံးပါဝင်ဆောင်ရွက်ရမယ့် လူကုန်ကူးမှုတိုက်ဖျက်ရေး

ပြစ်မှုအကြောင်းပြောတဲ့အခါ ပြစ်မှုကျူးလွန်သူနဲ့ ကျူးလွန်ခံရသူဆိုပြီး ပါဝင်တာ အားလုံးအသိပါပဲ။ တည်ဆဲဥပဒေအားလုံးမှာ အဓိကအနေနဲ့ ပြစ်မှုကျူးလွန်သူကို ဖော်ထုတ်အရေးယူပြစ်ဒဏ်ပေးခြင်း ဆောင်ရွက်ကြပါတယ်။ ၂၁ ရာစု အစောပိုင်းကစပြီး လူ့အခွင့်အရေးကို အာရုံစိုက်လာခဲ့ရာမှာ ပြစ်မှုကျူးလွန်ခြင်းခံရသူ၊ တစ်နည်းအားဖြင့် နစ်နာသူ (Victim) အတွက် ထည့်သွင်းစဉ်းစားလာခဲ့ကြပါတယ်။ ဒါ့ကြောင့် ၁၉၉၀ ပြည့်လွန်နှစ်တွေနောက်ပိုင်း ပြန်လည်ခေါင်းထောင်လာတဲ့ လူကုန်ကူးမှုဆိုတဲ့ လူ့အခွင့်အရေးချိုးဖောက်မှုကြီးကိုတိုက်ဖျက်ဖို့ ကုလသမဂ္ဂက နိုင်ငံဖြတ်ကျော်မှုခင်းများ တိုက်ဖျက်ရေးဆိုင်ရာ ကွန်ဗင်းရှင်းနဲ့ လူကုန်ကူးမှုတိုက်ဖျက်ရေး နောက်ဆက်တွဲစာချုပ်တွေ ပြဋ္ဌာန်းခဲ့ရာမှာ လူကုန်ကူးခံရသူတွေရဲ့ အခွင့်အရေးကာကွယ်ပေးရေး အခန်းကဏ္ဍကို အလေးထားဖော်ပြခဲ့ကြတာ ဖြစ်ပါတယ်။

လူကုန်ကူးသူကို ပြဋ္ဌာန်းဥပဒေအရ အရေးယူအပြစ်ပေးတဲ့လုပ်ငန်းဆောင်ရွက်ချိန်မှာပဲ လူကုန်ကူးခံရတဲ့သူကိုကယ်တင်ပြီး နှစ်သိမ့်ပေးတာ၊ မိဘရပ်ထံ ပြန်ပို့တာ၊ မိသားစုဘဝပြန်လည်ထူထောင်ပေးတာ စတာတွေကိုလည်း ဦးစားပေးဆောင်ရွက်ကြရပါတယ်။

ဒီနေရာမှာ လူကုန်ကူးတဲ့သူ လူပွဲစားတွေကို ဖော်ထုတ်ဖမ်းဆီးအရေးယူတဲ့ လုပ်ငန်းနဲ့ လူကုန်ကူးခံရသူတွေကို ကယ်တင်တဲ့လုပ်ငန်းတွေကို တားဆီးနှိမ်နင်းရေးတပ်ဖွဲ့တွေက ဆောင်ရွက်ကြရပြီး ကယ်တင်ပြီးတဲ့ လူကုန်ကူးခံရသူတွေကို ကျန်းမာရေးစောင့်ရှောက်တာ၊ စိတ်ပိုင်းဆိုင်ရာ နှစ်သိမ့်မှုပေးတာ၊ ယာယီစောင့်ရှောက်ပေးတာ စတာတွေကိုတော့ လူမှုဝန်ထမ်းဌာန ပြည်တွင်းလူမှုအဖွဲ့အစည်းတွေ၊ ကုလသမဂ္ဂအေဂျင်စီတွေ၊ အစိုးရမဟုတ်တဲ့ နိုင်ငံတကာအဖွဲ့အစည်းတွေက ပူးပေါင်းဆောင်ရွက်ကြရပါတယ်။ ပြစ်မှုကျူးလွန်သူကို ဖမ်းဆီးရမိဖို့ သက်သေအထောက်အထား ပြည့်ပြည့်စုံစုံနဲ့ တရားစွဲတင်ပြီး သတ်မှတ်တဲ့ပြစ်ဒဏ်ချမှတ်ရေးတို့ကို တရားစွဲအဖွဲ့အစည်းတွေက ဆောင်ရွက်တာဟာ အရေးကြီးသလို လူကုန်ကူးခံရသူကို ကယ်တင်ပြီးနောက် မဖြစ်မနေ ဆောင်ရွက်ရတဲ့ လုပ်ငန်းစဉ်တွေဟာလည်း အရေးကြီးတဲ့လုပ်ငန်းတွေပဲ ဖြစ်ပါတယ်။

> **လူကုန်ကူးခံရသူတွေဟာ အသိပညာဗဟုသုတနည်းတာ၊ အလုပ်အကိုင်အခွင့်အလမ်းမရှိတာ၊ ဆင်းရဲတာ စတာတွေအပြင် တချို့ဖြစ်ရပ်တွေမှာတော့ တရုတ်ဇနီးအဖြစ် ပေါင်းသင်းရမှာကို သိလျက်နဲ့လိုက်ပါခဲ့တဲ့ဖြစ်ရပ်တွေ ပါလာတယ်လို့ဆိုပါတယ်။**

အထက်မှာပြောခဲ့တာတွေက လူကုန်ကူးမှုတွေ ဖော်ထုတ်ဖမ်းဆီးအရေးယူတဲ့လုပ်ငန်းစဉ်တွေပါ။ အများပြောလေ့ရှိတဲ့စကားအတိုင်း ပြစ်မှုတွေအကြောင်း ပြောတဲ့အခါမှာ ရောဂါဖြစ်မှ ကုသတာထက် ကြိုတင်ကာကွယ်တာကောင်းတယ်ဆိုတဲ့ အယူအဆလိုပဲ မှုခင်းတွေမှာလည်း ရဲတပ်ဖွဲ့ဝင်တွေ ပြောလေ့ရှိတဲ့ ကြို/ကာ လုပ်ငန်းကလည်း မဖြစ်မနေဆောင်ရွက်သင့်တဲ့ လုပ်ငန်းပါပဲ။ လူကုန်ကူးမှုဖြစ်ပွားရတဲ့အကြောင်းအရင်းတွေက နေရာဒေသ၊ နိုင်ငံကို လိုက်ပြီး မတူတာတွေရှိပါတယ်။ မြန်မာနိုင်ငံရဲ့အနေအထားနဲ့ ဒီနေ့ခေတ် ဖော်ထုတ်ရရှိခဲ့တဲ့ လူကုန်ကူးမှုကိန်းဂဏန်းတွေအရ တရုတ်နိုင်ငံက အမျိုးသားတွေအတွက် ဇနီးမယားအဖြစ် ပို့ဆောင်ရောင်းစားတဲ့ လူကုန်ကူးမှုက ၇၀ ရာခိုင်နှုန်းရှိတယ်လို့ ဆိုပါတယ်။ ကျန်တာတွေကတော့ ထိုင်းနိုင်ငံမှာ လိင်နဲ့ လုပ်အားခေါင်းပုံဖြတ်မှု၊ ပြည်တွင်းမှာတော့ အဓမ္မပြည့်တန်ဆာစေခိုင်းမှုတွေ ပါဝင်တယ်လို့ဆိုပါတယ်။ ဒီတော့ ဘယ်လို ကြို/ကာ လုပ်ရမလဲဆိုတဲ့ မေးခွန်းတွေရှိလာပါတယ်။

လူကုန်ကူးခံရသူတွေဟာ အသိပညာဗဟုသုတနည်းတာ၊ အလုပ်အကိုင်

အခွင့်အလမ်းမရှိတာ၊ ဆင်းရဲတာ စတာတွေအပြင် တချို့ဖြစ်ရပ်တွေမှာတော့ တရုတ်ဇနီးအဖြစ် ပေါင်းသင်းရမှာကို သိလျက်နဲ့လိုက်ပါခဲ့တဲ့ ဖြစ်ရပ်တွေပါလာတယ်လို့ ဆိုပါတယ်။ တရုတ်နယ်စပ်အနီးက ပြည်နယ်အချို့မှာဆိုရင် မိဘများကိုယ်တိုင်က တရုတ်ပေးတဲ့ ငွေကို လက်ထပ်တဲ့အခါ တင်တောင်းတဲ့ငွေအဖြစ် လက်ခံပြီး ကြည်ဖြူခွင့်ပြုကြတယ်လို့လည်း ဆိုပါတယ်။

ဒီတော့ ရပ်ကွက်ထဲမှာ၊ ရွာမှာရှိတဲ့သူတွေကို လူကုန်ကူးမှုဆိုတာ ဘယ်လိုဘယ်ကဲ့သို့ တရုတ်မှာ ရောင်းစားခံရရင် ကြုံရမယ့် ဒုက္ခသုက္ခတွေကို သိအောင်ပြောပြဖို့ လိုပါမယ်။ ဒါက အသိပညာပေးတာပါ။ ဆင်းရဲမှုလျှော့ချရေး၊ အလုပ်အကိုင်အခွင့်အလမ်း ရရှိရေးဆိုတာကတော့ ဒေသအာဏာပိုင်များက လက်ရှိအစိုးရဆောင်ရွက်နေတဲ့ လုပ်ငန်းစဉ်တွေမှာ သင့်လျော်တဲ့ အတိုင်းအတာတစ်ခုအထိ ပါဝင်ဆောင်ရွက်ကြရမှာပါ။ နေ့ချင်းညချင်း ကြီးပွားချမ်းသာတဲ့ အလုပ်အကိုင်မျိုးတော့ရဖို့မလွယ်ပေမယ့် ထမင်းနပ်မှန်ဖို့တော့ သင့်တင့်လျောက်ပတ်တဲ့ လုပ်ငန်းကိုင်ငန်းတွေကို ရှာဖွေဖန်တီးပေးနိုင်မယ်ဆိုလဲ မဆိုးလှပါဘူး။ ဒါတွေကဆိုင်ရာအာဏာပိုင်တွေ၊ ကိုယ့်ဒေသမှာရှိတဲ့ အရပ်ဘက်အဖွဲ့အစည်းတွေက စေတနာပါပါ ပူးပေါင်းဆောင်ရွက်သင့်တဲ့ လုပ်ငန်းတွေပါ။

နောက်တစ်ခုကတော့ ဒီကနေ့ လူတွေက စည်းကမ်းဥပဒေတွေကို မသိကြတာ၊ ဂရုမစိုက်ကြတာတွေကြောင့် ဒုက္ခရောက်ကြရတာတွေ ရှိနေတာကို သိအောင်လုပ်ဖို့ လိုပါလိမ့်မယ်။ ဥပမာအားဖြင့် တရုတ်နိုင်ငံထဲကို နယ်စပ်ဖြတ်သန်းခွင့်လက်မှတ်နဲ့ဝင်ပြီးတော့ သုံးရက်လောက် ရထားစီးရတဲ့နေရာကိုသွား တရုတ်အမျိုးသားနဲ့ မင်္ဂလာဆောင် အခမ်းအနားလုပ်ပြီး လက်ထပ် ကလေးမွေး။ အဲဒီလိုနေတာကို တရားဝင်တယ်လို့ မြင်နေကြတယ်။ သူ့နိုင်ငံဥပဒေအရ အဲဒါတွေအားလုံး တစ်ခုမှ တရားမဝင်ပါဘူး။ တရုတ်အာဏာပိုင်တွေက တွေ့ရင်/သိရင် ဖမ်းမယ်၊ ပြစ်ဒဏ်ချမယ်။ ပြီးရင် နယ်စပ်ကနေ ပြည်နှင်ပါမယ်။ နောက်ပြီး နယ်စပ်ပြည်နယ်အချို့က မိဘတွေကလည်း သူတို့သမီး တရုတ်နဲ့ အိမ်ထောင်ကျ၊ ဖုန်းတွေဘာတွေဆက်၊ နှစ်သစ်ကူး လာပြီးကန်တော့၊ ငွေတွေပေး၊ အဲဒါတွေကို သာယာပြီး တရားဝင်တယ်လို့ထင်နေကြတယ်။ ဒါလည်း အထက်က ပြောခဲ့သလိုပါပဲ။ တရားမဝင်ပါ။ အချိန်မရွေး အဖမ်းခံရပြီး ပြန်ပို့ခံရမှာပဲ။ ဒါကို သိအောင် လုပ်ကြရပါမယ်။

ထိုင်းဘက်မှာလည်း ဒီအတိုင်းပါပဲ။ ခုနစ်ရက်သက်တမ်းရှိတဲ့ နယ်စပ်ဖြတ်သန်းခွင့် လက်မှတ်နဲ့ သတ်မှတ်ဧရိယာကျော်ပြီး သွားအလုပ်လုပ်၊ ထိုင်းအလုပ်ရှင်က တရားမဝင်ခိုင်း၊ ရဲ/လဝကကို ဆက်ကြေးပေး စတဲ့ တရားမဝင်နေထိုင်မှုတွေက အမှားကြား အမှန်ဖြစ်နေတာပါ။ ဟိုတုန်းက တရားဝင်အခွင့်အလမ်း မရှိသေးလို့ မှားခဲ့ကြပေမယ့် အခုအချိန်မှာတော့ တရားဝင်လမ်းကြောင်းတွေ ရှိနေပြီဆိုတာ သိကြဖို့ လိုပါပြီ။

ဒါ့ကြောင့် ကျွန်တော်တို့လူတွေ မသိလို့မှားတဲ့ အမှားမျိုး မမှားကြရအောင် အသိပညာဗဟုသုတရကြဖို့ အသိပညာပေးလုပ်ငန်းကို အစိုးရ၊ အရပ်ဘက်၊ နိုင်ငံတကာအဖွဲ့အစည်း၊ ကုလသမဂ္ဂအဖွဲ့အစည်း စတာတွေက နေရာစုံထောင့်စုံကနေ ပူးပေါင်းဆောင်ရွက်ကြရမှာပါ။ ရဲတပ်ဖွဲ့က ပြစ်မှုဖော်ထုတ်အရေးယူတာကို ဆောင်ရွက်နေချိန်မှာပဲ အခြားဌာနဆိုင်ရာတွေ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းတွေ၊ ဒေသတွင်းမှာရှိတဲ့ ကုလသမဂ္ဂနဲ့ အခြားအဖွဲ့အစည်းတွေကလည်း ကျရာလုပ်ငန်းတာဝန်တွေကို ပူးပေါင်းဆောင်ရွက်နေကြဖို့လိုမှာ ဖြစ်ပါတယ်။ တစ်မျိုးသားလုံး ပါဝင်ဆောင်ရွက်မှသာ လူကုန်ကူးမှုကို ထိထိရောက်ရောက်တိုက်ဖျက်နိုင်မှာ ဖြစ်ပါတယ်။ ။

ညွန့်လှိုင်

မိတ်ဆွေကောင်း

- စာအုပ်စာပေ လူ့မိတ်ဆွေ
  တန်ဖိုးကြီးလှပေ။
- စာပေဆိုတာ လူ့အနှစ်
  လေးစားမြတ်နိုးချစ်။
- နိုင်ငံတော်သစ်ထူထောင်ရာ
  စာပေစွမ်းအားအရေးပါ။
- ပိုင်းဝန်းညီညာရွက်ဆောင်ရေး
  စာပေအားနဲ့ လှုံ့ဆော်ပေး။
- တွေးခေါ်ထက်မြက်ရင့်ကျက်အောင်
  စာပေဖတ်လို့ ကျင့်ကြံဆောင်။
- အမှောင်ပြယ်လွင့် ပန်းတွေပွင့်
  စာပေလည်းမြင့် လူမျိုးတင့်။ ။

မောင်ထည်ဝါ(ပျော်ဘွယ်)

လားရှိုး၌ မူးယစ်ဆေးဝါးအန္တရာယ် ပညာပေးဟောပြော

လားရှိုး စက်တင်ဘာ ၁၁

လားရှိုးမြို့ အထက(၇) ပညာရတနာခန်းမ၌ စက်တင်ဘာ ၁၀ ရက် နံနက် ၁၀ နာရီက မူးယစ်ဆေးဝါးအန္တရာယ်ဆိုးကျိုးများနှင့် ကော်ရှူသုံးစွဲခြင်းကြောင့် ဖြစ်ပေါ်တတ်သော နောက်ဆက်တွဲဆိုးကျိုးများအကြောင်း အသိပညာပေးဆွေးနွေးဟောပြောပွဲ ကျင်းပသည်။

အခမ်းအနားတွင် ဒုတိယလက်ထောက်ပညာရေးမှူး ဦးစိုင်းစံအေးက အဖွင့်အမှာစကားပြောကြားပြီး ရဲအုပ်သင်းအောင်က မူးယစ်ဆေးဝါးအန္တရာယ်၏ ဆိုးကျိုးများအကြောင်းနှင့် ကော်ရှူသုံးစွဲခြင်းကြောင့် ဖြစ်ပေါ်တတ်သော နောက်ဆက်တွဲဆိုးကျိုးများအကြောင်း၊ မူးယစ်ဆေးဝါးနှင့်ဆက်နွယ်သော ဥပဒေအကြောင်းတို့ကိုလည်းကောင်း၊ မြို့နယ်ဥပဒေအရာရှိ ဦးဝင်းမောင်က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် မူးယစ်ပြစ်ဒဏ်များ အကြောင်းကိုလည်းကောင်း Projector ဖြင့် အသိပညာပေး ဆွေးနွေးဟောပြောခဲ့ပြီး ကျောင်းအုပ်ဆရာမကြီး ဒေါ်ယိမ်းဆောင်က ဆွေးနွေးဟောပြောမှုများကို အလေးထားလိုက်နာကြရန် ကျောင်းသားကျောင်းသူများအား ဆုံးမစကား ပြောကြားခဲ့ကြောင်း သိရသည်။

ဖော်လွင်(လားရှိုး)

ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ စွမ်းဆောင်ရည်အကဲဖြတ်အဖွဲ့သို့ ပေးပို့တင်ပြလာသည့် အကြံပြုစာများအပေါ် သက်ဆိုင်ရာဝန်ကြီးဌာနများ၏ အရေးယူဆောင်ရွက်ချက်များကို ပြည်သူများသိရှိစေရန် ထုတ်ပြန်ကြေညာခြင်း

၁။ အသေးစားနှင့်အလတ်စားလုပ်ငန်းများ (SME)စဉ်ဆက်မပြတ် စနစ်တကျဖွံ့ဖြိုးတိုးတက်စေရန်အတွက် ဘဏ္ဍာရေးဝန်ကြီးဌာနမှ ဆောင်ရွက်ထားရှိမှုများအား အောက်ပါအတိုင်းရှင်းလင်းပြန်ကြားထားပါကြောင်း-

(က) ဘဏ်များကြီးကြပ်ရေးကော်မတီမှ ၂၂-၁-၂၀၁၀ ရက်နေ့တွင် ညွှန်ကြားချက်အမှတ်၊ (၁/၂၀၁၀)ဖြင့် နိုင်ငံတော်မှ ထုခွဲရောင်းချသည့်မြေနှင့် အဆောက်အအုံများ၊ စက်ရုံအလုပ်ရုံများ ဝယ်ယူသော တိုင်းရင်းသားလုပ်ငန်းရှင်များအား ကျသင့်ငွေ၏သုံးဆယ်ရာခိုင်နှုန်း တစ်လုံးတစ်ခဲတည်းပေးသွင်းပြီးပါက အထူးကိစ္စအနေဖြင့် ကျန်ခုနစ်ဆယ်ရာခိုင်နှုန်းကိုအတိုးနှုန်းတစ်နှစ်လျှင် တစ်ဆယ့်ခြောက်ရာခိုင်နှုန်းဖြင့် ချေးငွေသက်တမ်း (၅)နှစ်အထိ ထုတ်ချေးရန် ဘဏ်များသို့ညွှန်ကြားထားပါကြောင်း၊ ထုတ်ချေးရာတွင် ကျပ်သန်း ၁၀၀၀ နှင့်အထက် ဝယ်ယူသည့်လုပ်ငန်းရှင်များကိုသာ ချေးငွေထုတ်ချေးရန်နှင့် ဆိုင်းငံ့ကာလကို အများဆုံး (၃)နှစ်ထက်မပိုစေဘဲ အတိုးနှုန်းမှအပ အခြားမည်သည့် ဝန်ဆောင်ခမျှကောက်ခံခြင်း မပြုရန်၊ ချေးငွေများအား ပုဂ္ဂလိကပိုင် ပြုလုပ်ရေးကော်မရှင်မှ သတ်မှတ်ပေးသည့် ဘဏ်စာရင်းသို့ စာရင်းပြောင်းနည်းဖြင့်သာ ပေးသွင်းရန်ထပ်မံညွှန်ကြားခဲ့ပါကြောင်း။

(ခ) ထုတ်ချေးသည့်ချေးငွေများအပေါ် အတိုးနှုန်းအား ၁-၁-၂၀၁၂ ရက်နေ့မှစ၍ တစ်နှစ်လျှင် ဆယ့်နှစ်ရာခိုင်နှုန်းဖြင့်သာ အတိုးကောက်ခံလျက်ရှိပါကြောင်းနှင့် နိုင်ငံတော်မှ ထုခွဲရောင်းချသော မြေနှင့်အဆောက်အအုံများဝယ်ယူသည့် လုပ်ငန်းရှင်များ၊ စက်မှုဇုန်လုပ်ငန်းရှင်များနှင့် စီမံကိန်းဝင် စိုက်ပျိုးရေးလုပ်ငန်းရှင်များအနေဖြင့် ချေးငွေရရှိရန် ဘဏ်များသို့လျှောက်ထားနိုင်ပြီး ဘဏ်များမှလည်း လိုအပ်သည့်စိစစ်မှုများ ဆောင်ရွက်ပြီး ချေးငွေမူဝါဒနှင့်အညီ ချေးငွေထုတ်ချေးပေးလျက်ရှိပါကြောင်း။

၂။ SME လုပ်ငန်းများဖွံ့ဖြိုးစေရန် ငွေကြေးဆိုင်ရာမူဝါဒများနှင့် သက်ဆိုင်သည့် အကြံပြုချက်နှင့်စပ်လျဉ်း၍ စက်မှုဝန်ကြီးဌာနနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနတို့မှ ရှင်းလင်းပြန်ကြားရာတွင်-

(က) SME လုပ်ငန်းများအတွက် အာမခံ လုံလောက်စွာတင်သွင်းနိုင်မှုရှိမှသာ ချေးငွေအလုံအလောက်ရရှိနိုင်မည်ဖြစ်ပါကြောင်း၊ SME လုပ်ငန်းများ လိုအပ်သည့်ချေးငွေရရှိနိုင်ရန်အတွက် ဘဏ္ဍာရေးဝန်ကြီးဌာနအနေဖြင့် ချေးငွေအာမခံအဖွဲ့အစည်း (Credit Guarantee Corporation)ပေါ်ပေါက်ရန်အတွက် အစီအစဉ်များရေးဆွဲဆောင်ရွက်လျက်ရှိကာ အဖွဲ့အစည်း ပေါ်ပေါက်လာပါက SME လုပ်ငန်းများမှ အာမခံတင်သွင်းနိုင်ခြင်းမရှိသည့်အပေါ် ယင်းအဖွဲ့မှအာမခံပေးခြင်းဖြင့် လိုအပ်သည့်ချေးငွေများ ရရှိနိုင်မည်ဖြစ်ပါကြောင်း၊ ထို့အပြင် ဘဏ်များတွင် မရွှေ့ပြောင်းနိုင်သောပစ္စည်းများနှင့် ရွှေ့ပြောင်းနိုင်သော ပစ္စည်းများအား သက်ဆိုင်ရာဘဏ်၏ ချေးငွေမူဝါဒနှင့် ကိုက်ညီပါက အငှားဝယ်ယူစနစ် (Hire Purchase System)ဖြင့် ရရှိနိုင်ပါကြောင်း၊ စက်မှုဇုန်များတွင် ရင်ဆိုင်နေရသော ပြဿနာများကို ဖြေရှင်းပေးရန်အတွက် ဘဏ္ဍာရေးဝန်ကြီးဌာန မြန်မာ့အသေးစားနှင့် အလတ်စားစက်မှုလုပ်ငန်းဖွံ့ဖြိုးရေးဘဏ် (SMIDB)သို့ ကျပ်သန်း (၅၀၀၀)အား အတိုးနှုန်း ၈ ဒသမ ၂၅ ရာခိုင်နှုန်းဖြင့် ထုတ်ချေးထားပါကြောင်းနှင့် စက်မှုဇုန်လုပ်ငန်း ချေးငွေများအား အဆိုပါဘဏ်နှင့် ဆက်သွယ်ချေးယူနိုင်ပါကြောင်း။

(ခ) အသေးစားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုဌာနအနေဖြင့် SME လုပ်ငန်းများအတွက် ချေးငွေဆိုင်ရာ Credit Issue ထုတ်ပေးလျက်ရှိရာ ဌာနသို့လာရောက်လျှောက်ထားသော ချေးငွေအဆိုပြုလွှာတွင် SME လုပ်ငန်းများအနေဖြင့် တင်ပြရန်မလိုအပ်သော စာရွက်စာတမ်းများ၊ ထောက်ခံချက်များအား ဖြေလျှော့ပေးပြီးဖြစ်ပါကြောင်း၊ အပ်ငွေ Deposite အပေါ် အတိုးနှုန်းမှာ ရှစ်ရာခိုင်နှုန်းသာဖြစ်၍ SME Loan အတွက် ၈ ဒသမ ၅ ရာခိုင်နှုန်း အတိုးနှုန်းသတ်မှတ်ခြင်းသည် မများသော အတိုးနှုန်း ဖြစ်ပါကြောင်းနှင့် အာဆီယံနိုင်ငံများရှိ ချေးငွေအပေါ် အတိုးနှုန်းများမှာ အောက်ပါအတိုင်းဖြစ်ပါကြောင်း-

(၁) ဘရူနိုင်း	၄. ၆၀%
(၂) မလေးရှား	၄. ၇၇%
(၃) စင်ကာပူ	၅. ၃၈%
(၄) ဖိလစ်ပိုင်	၅. ၉၅%
(၅) ထိုင်း	၇. ၁၃%
(၆) အင်ဒိုနီးရှား	၁၁. ၇၈%
(၇) ဗီယက်နမ်	၁၄. ၇၀%
(၈) ကမ္ဘောဒီးယား	၁၇. ၀၀%
(၉) လာအို	၂၂. ၀၀%
(၁၀) မြန်မာ	၁၃. ၀၀%

(ဂ) နိုင်ငံတော်မှလည်း တစ်နိုင်ငံလုံးအတိုင်းအတာရှိ SME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ချေးငွေရရှိနိုင်စေရန် အာမခံအဖွဲ့အစည်း Credit Guarantee Corporation နှင့် Financial Institution တို့အား တည်ထောင်ပေးရန် ဆောင်ရွက်လျက်ရှိပါကြောင်း။

၃။ SME အတွက် Exemption ကင်းလွတ်ခွင့်၊ သက်သာခွင့်များကို ယခုအသစ်ပြဋ္ဌာန်းထားသော ဥပဒေများနှင့်နှိုင်းယှဉ်ပြီး လုပ်ကိုင်ယှဉ်ပြိုင်နိုင်သည့် အခွင့်အရေးများ ထည့်သွင်းစဉ်းစားပေးစေလိုကြောင်း အကြံပြုချက်နှင့်ပတ်သက်၍ စက်မှုဝန်ကြီးဌာနနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနတို့မှ ပြန်လည်ရှင်းလင်းပြန်ကြားရာတွင် SME အတွက် Exemption ကင်းလွတ်ခွင့်၊ သက်သာခွင့်များကို မြန်မာ့ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ အခွန်ကင်းလွတ်ခွင့်ရရှိပါက ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ SME ဆိုင်ရာကဏ္ဍများကို စွမ်းရည်ပြည့်အကောင်အထည်ဖော်နိုင်ရန် လိုက်လျောညီထွေမှုရှိစေရန်နှင့် ညှိနှိုင်းချိတ်ဆက်ဆောင်ရွက်ခြင်းဖြင့် ခိုင်မာသောစီးပွားရေးဝန်းကျင်ကောင်းကို ထူထောင်နိုင်စေရန် အထောက်အပံ့ပြုမည့် SME Development Law (Draft) အားညှိနှိုင်းရေးဆွဲပြီး ဖြစ်ပါကြောင်း၊ SME Development Law (Draft) အား လွှတ်တော်မှအတည်ပြုပြီးပါက SME များအား အကာအကွယ်ပေးနိုင်မည့် SME Policy ကိုလည်း ပြဋ္ဌာန်းပေးနိုင်မည်ဖြစ်ပါကြောင်းနှင့် ယင်း Law တွင် SME များအတွက် One Stop Service ဖြင့် ဝန်ဆောင်မှုပေးခြင်း၊ အခွန်သက်သာခွင့်ပေးခြင်း၊ အားပေးချီးမြှင့်ခြင်းနှင့် နိုင်ငံတကာနှင့် ယှဉ်ပြိုင်နိုင်စွမ်းရှိရေးအတွက် ဝန်းကျင်ကောင်းဖန်တီးရေးမူဝါဒများ ပါဝင်ပါကြောင်း။

၄။ SME လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရန် ဖြေလျှော့ဆောင်ရွက်မှုများကို ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ရှင်းလင်းပြန်ကြားရာတွင် မြေငှားစာချုပ်(ဂရန်) ဆောင်ရွက်ရာ၌ ဌာနမှသတ်မှတ်ထားသော အချက်အလက် အထောက်အထားများပြည့်စုံပါက ယခင်ကကြာမြင့်ချိန်ရက်ပေါင်း ၃၂ ရက်ဖြင့် ဆောင်ရွက်ပေးခဲ့ရာ ယခုအခါ ကြာမြင့်ချိန်ရက်ပေါင်း ၁၈ ရက်ဖြင့် ဆောင်ရွက်ပေးလျက်ရှိပါကြောင်းနှင့် မြေငှားစာချုပ်(ဂရန်) လျှောက်ထားပြီး လာရောက်မဆက်သွယ်လျှင်သော်လည်းကောင်း၊ အထောက်အထားများ မပြည့်စုံလျှင်သော်လည်းကောင်း သတ်မှတ်ထားသောရက်ထက် ကြန့်ကြာနိုင်ပါကြောင်း။

၅။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ အဆောက်အအုံဆောက်လုပ်ပြီးစီးကြောင်း စစ်ဆေးပြီး လူနေထိုင်ခွင့်ချထားပေးရာတွင် အခွန်ရှင်းလင်းပြီးကြောင်း ထောက်ခံချက်ပါမှသာလျှင် ထုတ်ပေးသည့်ကိစ္စတင်ပြချက်အပေါ် ဘဏ္ဍာရေးဝန်ကြီးဌာနမှ ပြန်လည်ရှင်းလင်းပြန်ကြားရာတွင် အခွန်ရှင်းလင်းပြီးကြောင်း ထောက်ခံချက်ထုတ်ပေးသည့်အတွက် အခွန်ကင်းလွတ်မှုမရှိဘဲ ရသင့်ရထိုက်သောအခွန်ငွေကို ကောက်ခံရရှိလျက်ရှိပါကြောင်းနှင့် အဆောက်အအုံဆောက်လုပ်ခြင်းအတွက် အခွန်ရှင်းလင်းပြီးကြောင်း ထောက်ခံချက် ထုတ်ပေးရာတွင် အမှန်တကယ်အခွန်ပေးဆောင်ပြီးသော လုပ်ငန်းရှင်များအား ကြန့်ကြာမှုမရှိစေရန် ထောက်ခံချက်ထုတ်ပေးလျက်ရှိပါကြောင်း သက်ဆိုင်ရာဝန်ကြီးဌာနများ၏ ပြန်ကြားချက်များအား ဖော်ပြအပ်ပါသည်။

၆။ သက်ဆိုင်ရာဝန်ကြီးဌာနများ၏ အရေးယူဆောင်ရွက်မှုအပေါ် မကျေလည်မှုများ၊ မေးမြန်းစုံစမ်းလိုသည်များရှိခဲ့ပါက ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ စွမ်းဆောင်ရည်အကဲဖြတ်အဖွဲ့သို့ ထပ်မံပေးပို့အကြောင်းကြားနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ စွမ်းဆောင်ရည်အကဲဖြတ်အဖွဲ့

အမှတ်(၁) ချစ်ကြည်ရေးတံတား၌ မြန်မာအလုပ်သမား ခုနစ်ဦးလွှဲပြောင်း

တာချီလိတ် စက်တင်ဘာ ၁၁

ထိုင်းနိုင်ငံသို့ တရားမဝင်သွားရောက်အလုပ်လုပ်ကိုင်နေကြသော မြန်မာအလုပ်သမားများအား ထိုင်းအာဏာပိုင်များမှ နေ့စဉ်စစ်ဆေးဖမ်းဆီးဆောင်ရွက်လျက်ရှိပြီး ဖမ်းဆီးရမိသည့် မြန်မာအလုပ်သမား ကျား ခြောက်ဦး၊ မတစ်ဦး စုစုပေါင်း ခုနစ်ဦးတို့အား စက်တင်ဘာ ၁၀ ရက် နံနက် ၁၁ နာရီ ၁၅ မိနစ်က ထိုင်းနိုင်ငံ မယ်ဆိုင်မြို့ လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန ဦးစီးအရာရှိနထဝပ်ဆန်ဒူအမ်နှင့်အဖွဲ့က အမှတ်(၁)ချစ်ကြည်ရေးတံတားပေါ်၌ လွှဲပြောင်းပေးအပ်ခဲ့ရာ မြန်မာနိုင်ငံဘက်မှ အမှတ်(၈)နိုင်ငံခြားသားများ တရားမဝင်ဝင်ရောက်မှုကာကွယ်ရေးအဖွဲ့ လဝကဦးစီးမှူး ဦးဝင်းအောင်နှင့် တာဝန်ရှိသူများက လက်ခံခဲ့ကြောင်း၊ လက်ခံရရှိသည့် မြန်မာနိုင်ငံသား ခုနစ်ဦးအား တာချီလိတ်မြို့ မကာဟိုခမ်းရပ်ကွက်ရှိ မဟာမြတ်မုနိကျောင်းတိုက်အတွင်း၌ လိုအပ်သည်များမေးမြန်းစစ်ဆေးခဲ့ရာ မွန်းလွဲ ၁ နာရီတွင် စစ်ဆေးမေးမြန်းမှုပြီးဆုံး၍ ၎င်းတို့ဆွေမျိုးများထံသို့ ပြန်လည်အပ်နှံပေးခဲ့ကြောင်းသိရသည်။

မော်ကြီး(တြိဂံနယ်မြေ)

ယာယီဖွင့်လှစ်ထားသောပို့/ဆက်ကယ်ဆယ်ရေး စခန်းမှ ဒုက္ခသည်မိသားစုများအား မိမိတို့နေအိမ်များသို့ ပြန်လည်ပို့ဆောင်ပေးလျက်ရှိ

မိတ္ထီလာ စက်တင်ဘာ ၁၁

မိတ္ထီလာမြို့တွင် မတ် ၂၀ ရက်က ဖြစ်ပွားခဲ့သော ပဋိပက္ခကြောင့် မိမိနေအိမ်များမှ ယာယီဖွင့်လှစ်ထားသည့် ကယ်ဆယ်ရေးစခန်းများဆီသို့ ရောက်ရှိနေသော အစ္စလာမ်ဘာသာမိသားစုဝင်များအား စက်တင်ဘာ ၁၀ ရက် မွန်းလွဲ ၁၂ နာရီခွဲတွင် နေအိမ်များသို့ ပြန်လည် ပို့ဆောင်ပေးကြောင်း သိရသည်။

ယာယီဖွင့်လှစ်ထားသည့် ပို့/ဆက်သင်တန်းကျောင်း ကယ်ဆယ်ရေးစခန်း၌ ရောက်ရှိနေသော အစ္စလာမ်ဘာသာဝင် အိမ်ထောင်စု ၁၅ စု၊ ကျား ၂၈ ဦး၊ မ ၂၄ ဦးစုစုပေါင်း ၅၂ ဦးတို့အား ရန်မျိုးအောင်ရပ်ကွက် နယ်မြေ (၁) (၂) (၇) (၈) (၉) (၁၀) (၁၂)နှင့် (၁၃) တို့ရှိ မပျက်စီးသည့် မိမိတို့နေအိမ်များသို့ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ ခရိုင်လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး၊ မြို့နယ်ဦးစီးမှူး၊ ရန်မျိုးအောင်ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့မှ ပို့ဆောင်ပေးလျက်ရှိကြောင်း သိရသည်။

သိန်းမြင့်ကျော်

စာအုပ်စာပေ လူ့မိတ်ဆွေ

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၁၂-၉-၂၀၁၃ (ကြာသပတေးနေ့)

(၁၃၇၅ ခုနှစ်၊ တော်သလင်းလဆန်း (၈)ရက်၊ ဥပုသ်နေ့)

၆း၀၀ တောင်တန်းသာသနာပြုဆရာတော်ကြီး၏ ပရိတ်တရားတော်

၆း၁၅ မင်းကွန်းဆရာတော်ကြီး၏ အရပ်ဆယ်မျက်နှာမေတ္တာဘာဝနာပွားများခြင်းတရားတော်

၉း၂၀ ဘဒ္ဒန္တဂုဏိကာဘိဝံသ(အဂ္ဂမဟာပဏ္ဍိတ)တွဲဖက်အကျိုးတော်ဆောင်ဆရာတော် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ ကံသုံးဆင့်ကျောင်းတိုက် မင်္ဂလာဒုံမြို့နယ် ရန်ကုန်တိုင်းဒေသကြီးထံမှ နဝင်္ဂဥပေါသထသီလဆောက်တည်ခြင်း။

၁၁း၁၅ ဆိုကြမယ်၊ ပျော်ကြမယ်

၁၂း၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသသတင်း

၂း၄၀ “ဦးခိုက်ဖူးမြော် ကျိုက်မတ်ကော်”

၃း၁၅ “သုခမရင်ခွင်အငြိမ့်သဘင်” “ပေါ်ဦး အငြိမ့်အဖွဲ့” [မင်းသမီး-ဝမ်းကေဇင်(လူရွှင်တော်-ပေါ်ဦး၊ အောင်ချစ်၊ လိပ်မ၊ ပိုင်ကျော်)] (ဒါရိုက်တာ-ဖုန်းမြင့်အောင်)

၈း၀၀ ပြည်တွင်းသတင်း
-နိုင်ငံတကာသတင်း
-မိုးလေဝသသတင်း
-ညဏ်ရည်ချင်းပြိုင်ဘယ်သူနိုင်



✱ နိုင်ငံတော်မှ

စိတ်ဝင်စားမှု ပိုမိုများပြားလာသည်ကို တွေ့ရှိရပါကြောင်း၊ ကော့သောင်းမြို့တွင် တာဝန်ထမ်းဆောင်နေကြသော ဝန်ထမ်းများအနေဖြင့် တစ်ဖက်နိုင်ငံနှင့် နီးကပ်စွာဆက်ဆံရသော ဒေသဖြစ်သည့်အလျောက် နိုင်ငံတော်အပေါ်၊ ဌာနအပေါ်နှင့် မိမိတို့ဒေသအပေါ် သစ္စာစောင့်သိကြရန် လိုအပ်ပါကြောင်း၊ ဒေသခံပြည်သူများအနေဖြင့် မိမိတို့ဒေသတွင် ဖြစ်ပေါ်နေသည့် အခက်အခဲများ၊ အကြောင်းအရာများကို ပွင့်ပွင့်လင်းလင်း တင်ပြကြစေလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် နိုင်ငံရေးပါတီများ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီများနှင့် မြို့မိမြို့ဖများက နယ်မြေဒေသဖွံ့ဖြိုးရေး၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်မီးရရှိရေး ကိစ္စရပ်များနှင့်ပတ်သက်၍ ဆွေးနွေးတင်ပြကြသည်။

၎င်းနောက် လွှတ်တော်ရေးရာကော်မတီဥက္ကဋ္ဌများ၊ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ဆွေးနွေးတင်ပြချက်များနှင့်စပ်လျဉ်း၍ ပြန်လည်ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယကက နိဂုံးချုပ်အမှာစကားပြောကြားရာတွင် မိမိတို့လွှတ်တော်ကိုယ်စားလှယ်များသည် လွှတ်တော်အတွင်း၌ နိုင်ငံတော်နှင့် နိုင်ငံသားများ အကျိုးဖြစ်ထွန်းစေမည့် ကိစ္စရပ်များတွင် ပါတီစွဲ၊ ဝါဒစွဲ၊ ဒေသစွဲ၊ လူမျိုးစွဲ၊ ကိုးကွယ်သည့် ဘာသာစွဲမထားရှိဘဲ စည်းလုံးညီညွတ်စွာ ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ယခုအချိန်အခါတွင် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ထိခိုက်စေနိုင်သော ပြောဆိုမှုများ၊ ဆောင်ရွက်မှုများကို မပြုလုပ်သင့်ပါကြောင်း၊ မြန်မာနိုင်ငံ၏ ဒီမိုကရေစီစနစ် ပိုမိုရှင်သန်ခိုင်မာစေရန်အတွက် တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်စွာဖြင့် ဒီမိုကရေစီကျင့်စဉ်နှင့်အညီ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ပါကြောင်းဖြင့် ပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ပြည်ထောင်စုလွှတ်တော်နာယကနှင့်အဖွဲ့သည် ယနေ့ နံနက် ၈ နာရီတွင် တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့ရှိ ဘုရင့်နောင်မင်းတရားကြီးရုပ်တုနှင့် ဘုရင့်နောင်ကုန်းမြေတို့ကို ကြည့်ရှုလေ့လာကြပြီး ဘုရင့်နောင်မင်းတရားကြီးရုပ်တုပေါ်မှ မြန်မာ-ထိုင်း နှစ်နိုင်ငံ ပင်လယ်ရေကြောင်း နယ်နိမိတ်သတ်မှတ်ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုကြသည်။

ဘုရင့်နောင်မင်းတရားကြီး ပုံတူရုပ်တုကို မြန်မာနိုင်ငံဘက်ခြမ်းရှိ တောင်ကုန်းတစ်ခုပေါ်တွင် တည်ဆောက်ထားရာ အရှေ့လောင်ဂျီတွဒ် ၉၈ ဒီဂရီ ၃၃ မိနစ် ၂၀ စက္ကန့်နှင့် မြောက်လတ္တီတွဒ် ၉ ဒီဂရီ ၅၈ မိနစ် ၃၀ စက္ကန့်အကြားတွင် တည်ရှိပြီး ကုန်းမြေဧရိယာအကျယ်အဝန်းမှာ ၈ ဒသမ ၃၄၇ ဧကရှိကြောင်းနှင့် ကော့သောင်းမြို့၏ ရှုခင်းလှပသောနေရာများတွင် တစ်ခုအပါအဝင်ဖြစ်ကြောင်း သိရှိရသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုလွှတ်တော်နာယကနှင့် အဖွဲ့သည် ကော့သောင်းမြို့ (၅၅)တောင်ကုန်း ရှုခင်းသာပေါ်မှ မြန်မာနိုင်ငံဘက်ခြမ်းရှိ သူဌေးကျွန်း၊ မီးပြကျွန်း၊ ဆလုံကျွန်း၊ ခရုကျွန်း၊ ပုလုံးတုံးတုံးကျွန်း၊ ဇာဒက်ကြီးကျွန်းနှင့် ဇာဒက်ငယ်ကျွန်းတို့ကို ကြည့်ရှုလေ့လာကြသည်။

(၅၅) တောင်ကုန်းသည် ကော့သောင်းမြို့အလယ် ပင်လယ်ရေမျက်နှာပြင်အထက် (၅၅)ပေတွင် တည်ရှိပြီး ကော့သောင်းမြို့၏ အမြင့်ဆုံးနေရာဖြစ်သည်။ ရှုခင်းသာမှ ကော့သောင်းမြို့ ကပ္ပလီပင်လယ်ပြင်၊ ပါချန်မြစ်၊ ထိုင်းနိုင်ငံ ရနောင်းခရိုင်နှင့် မြန်မာ-ထိုင်း နှစ်နိုင်ငံမှပိုင်ဆိုင်သည့် ကျွန်းငယ်များကို တွေ့မြင်နိုင်သည်။

(သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ရခိုင်ပြည်နယ်ကိစ္စနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြား

နေပြည်တော် စက်တင်ဘာ ၁၁

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်သည် စက်တင်ဘာ ၁၀ ရက် နံနက် ၁၀ နာရီတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ရန်ကုန်မြို့၌ ရခိုင်ပြည်နယ်ကိစ္စနှင့်စပ်လျဉ်း၍ ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးအချို့မှ သံအမတ်ကြီးများ၊ ကိုယ်စားလှယ်များအား ရှင်းလင်းပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက ရခိုင်ပြည်နယ်အတွင်း ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် နိုင်ငံတော်အစိုးရ၏ ဆောင်ရွက်ချက်များနှင့် မြေပြင်အခြေအနေမှန်များကို ရှင်းလင်းပြောကြားခဲ့ပြီး တက်ရောက်လာကြသူများ၏ သိရှိလိုသည်များနှင့် မေးမြန်းချက်များကို ဖြေကြားပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးသက်နိုင်ဝင်း မြိုင်ကြီးငူ-မဲသဝေါလမ်း ဖောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံဆိုင်ရာ မက္ကဆီကိုနိုင်ငံ သံအမတ်ကြီးခန့်အပ်ရန် သဘောတူ

နေပြည်တော် စက်တင်ဘာ ၁၂

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော မက္ကဆီကို ပြည်ထောင်စုနိုင်ငံ သံအမတ်ကြီးအဖြစ် မစ္စတာ ရိုဂယ်လီရို ဂရန်ဂေလ်ဟုမ်း မော်ဖင်း အား ခန့်အပ်ရန် မက္ကဆီကိုအစိုးရမှအဆိုပြုလာခြင်းကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရက သဘောတူညီပြီးဖြစ်သည်။

မစ္စတာ ရိုဂယ်လီရို ဂရန်ဂေလ်ဟုမ်း မော်ဖင်းသည် ၁၉၉၉ ခုနှစ်မှ ၂၀၀၄ ခုနှစ်အထိ ကိုရီးယားသမ္မတနိုင်ငံဆိုင်ရာ မက္ကဆီကိုနိုင်ငံသံအမတ်ကြီးအဖြစ်လည်းကောင်း၊ ၂၀၀၄ ခုနှစ်မှ ၂၀၀၉ ခုနှစ်အထိ အိန္ဒိယနိုင်ငံဆိုင်ရာ မက္ကဆီကိုနိုင်ငံသံအမတ်ကြီးအဖြစ်လည်းကောင်း၊ ၂၀၀၉ ခုနှစ်မှ ၂၀၁၁ ခုနှစ်အထိ စီးပွားဆက်ဆံရေးနှင့် နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးဌာန အကြီးအကဲအဖြစ်လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့ပြီး ၂၀၁၃ ခုနှစ် ဇူလိုင်လမှစ၍ စင်ကာပူနိုင်ငံဆိုင်ရာ မက္ကဆီကိုနိုင်ငံ သံအမတ်ကြီးအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။

မစ္စတာ ရိုဂယ်လီရို ဂရန်ဂေလ်ဟုမ်း မော်ဖင်းသည် စင်ကာပူ၌ ရုံးစိုက်နေထိုင်၍ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ မက္ကဆီကိုပြည်ထောင်စုနိုင်ငံ သံအမတ်ကြီးအဖြစ် ပူးတွဲတာဝန်ထမ်းဆောင်မည်ဖြစ်သည်။

(သတင်းစဉ်)

အပြည်ပြည်ဆိုင်ရာဆန်စပါးသုတေသနဇာတိုဌာနမှ ပညာရှင်များနှင့် နိုင်ငံတကာအဖွဲ့များ ပျဉ်းမနားမြို့နယ် မိုးစပါးထွန်တုံးပိတ်ပွဲအခမ်းအနား တက်ရောက်အားပေး

နေပြည်တော် စက်တင်ဘာ ၁၁

သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပွင့်ဆန်းတို့သည် IRRI မှ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရောဘတ်ဇီဂလာ၊ ADB, USAID, FAO, KOICA, JICA, SIDA, IFAD, LIFT, WFP, Swiss-AID, SAMEO - SERCA အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ပညာရှင်များနှင့်အတူ ယနေ့ နံနက် ၇ နာရီတွင် ပျဉ်းမနားမြို့နယ်၌ ကျင်းပသည့် မိုးစပါးထွန်တုံးပိတ်ပွဲသို့ တက်ရောက်အားပေးကြသည်။

နေပြည်တော် ပျဉ်းမနားမြို့နယ်သည် မိုးစပါးစီမံကိန်းလျာထားဧက ၁၅၇၀၁ ဖြစ်ရာ စက်မှုလယ်ယာမြေများ ဖော်ထုတ်စိုက်ပျိုးနိုင်ခဲ့၍ လျာထားဧကထက် ၈၃၄ ဧက ပိုမိုစိုက်ပျိုးနိုင်ပြီး စုစုပေါင်း ၁၆၅၃၅ ဧကဖြင့် ထွန်တုံးပိတ်နိုင်ခဲ့သည်။

ထို့နောက် ချိုင်းကျေးရွာအနီး လယ်ယာသုံးစက်ကိရိယာအရောင်းပြခန်းရှိ ခေတ်မီရိတ်သိမ်းခြွေလှေ့စက်များ၊ လယ်ထွန်စက်ကြီးများ၊ ဘက်စုံ ၁၀ မျိုးသုံး လက်တွန်းထွန်စက်များ၊ ကောက်စိုက်စက်များ၊ လယ်ယာသုံးစက်ကိရိယာအမျိုးမျိုးတို့ကို ကြည့်ရှုလေ့လာကြသည်။

ယင်းနောက် ငလိုက်ဆည်ရေသောက် စက်မှုလယ်ယာစိုက်ကွင်း၌ ပုလဲသွယ်မိုးစပါး ဖြစ်ထွန်းအောင်မြင်နေမှု(အပေါ်ပုံ)၊ နဂါးမောက်သီးစိုက်ခင်း၊ လယ်ယာထွက်ကုန်ပစ္စည်းများနှင့် မျိုးစေ့အရောင်းဆိုင်၌ ခင်းကျင်းပြသထားသော သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက် အမျိုးမျိုးနှင့် တန်ဖိုးမြင့် လယ်ယာထွက်ကုန်များကို ကြည့်ရှုလေ့လာခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

◆ ကျောဖုံးမှ

ကမ္ဘာပေါ်တွင် ကျားရှိသောနိုင်ငံများမှာ အိန္ဒိယ၊ နီပေါ၊ ဘူတန်၊ လာအို၊ ကမ္ဘောဒီးယား၊ ဘင်္ဂလားဒေ့ရှ်၊ ဗီယက်နမ်၊ မြန်မာ၊ ထိုင်း၊ အင်ဒိုနီးရှား၊ မလေးရှား၊ ရုရှားနှင့် တရုတ်နိုင်ငံများမှသာရှိတော့သည်ဟုဆို၏။

ကမ္ဘာတွင် နှစ်စဉ်ကျားများလျော့နည်းလာခြင်းမှာ ကျား၏ခန္ဓာကိုယ်အစိတ်အပိုင်းများသည် ဆေးဖက်ဝင်သောကြောင့် အသတ်ခံရခြင်း၊ သားကောင်အဖြစ် စားသုံးကြခြင်း၊ ခံ့ညားထည်ဝါလှမှုကြောင့် ဖမ်းဆီးခံရခြင်း၊ သဘာဝသစ်တောများပျက်စီးလာခြင်း စသည့်အချက်များကြောင့်ဖြစ်သည်။

ကျားများသည် ဂေဟစနစ်မျှတရှင်သန်ရေးအတွက် အရေးပါသည့် မျိုးနွယ်စုတစ်ခုဖြစ်သည့်အပြင် ကျားအပါအဝင် ဇီဝမျိုးစိတ်ကို ထိန်းသိမ်းနိုင်ရန် ဟူးကောင်းချိုင့်ဝှမ်းသဘာဝနယ်မြေကို ဘေးမဲ့တောအဖြစ် သတ်မှတ်ထားကြောင်း သိရသည်။

(မကွေးလှမြင့်)

မြိုင်ကြီးငူနှင့် ကြာအင်းဆိပ်ကြီးဒေသရှိ နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးသက်နိုင်ဝင်း လှည့်လည်ကြည့်ရှုစစ်ဆေး

နေပြည်တော် စက်တင်ဘာ ၁၁

နယ်စပ်ရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးသက်နိုင်ဝင်းသည် စက်တင်ဘာ ၉ ရက်တွင် လှိုင်းဘွဲ့မြို့နယ် မြိုင်ကြီးငူအထူးဒေသရှိ နယ်စပ်ဒေသ ဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသည့် မြိုင်ကြီးငူ-မဲသဝေါလမ်း ဖောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးပြီး မြိုင်ကြီးငူ အမျိုးသမီး အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်းရှိ ဖွင့်လှစ်ဆဲ အခြေခံ အိမ်တွင်းမှုသင်တန်း၊ အဆင့်မြင့် စက်ချုပ်သင်တန်း သင်ကြားနေမှုနှင့် သင်တန်းသူများ၏ နေထိုင်စားသောက်မှုများအား ကြည့်ရှုစစ်ဆေးကာ သင်တန်းသူများနှင့် ဝန်ထမ်းများအတွက် ထောက်ပံ့ငွေများပေးအပ်သည်။

ညနေပိုင်းတွင် ဘားအံမြို့ အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်း၌ တိုင်းရင်းသားရိုးရာ ဂျပ်ခုတ်သင်တန်း၊ အခြေခံအိမ်တွင်းမှုသင်တန်းနှင့် အဆင့်မြင့်စက်ချုပ်သင်တန်းတို့တွင် တက်ရောက်လျက်ရှိသော သင်တန်းသူများနှင့်တွေ့ဆုံပြီး နယ်စပ်ဒေသ တိုင်းရင်းသားလူမျိုးများ လူမှုစီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရန်နှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး အတွက် နိုင်ငံတော်က အလေးထား ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ မပျောက်ပျက်အောင် ထိန်းသိမ်းသွားကြရန် မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များဖွံ့ဖြိုးရေး သင်တန်းကျောင်း၌ ကျောင်းအုပ်/နည်းပြများနှင့် ကျောင်းသားများအား တွေ့ဆုံ၍ ကျောင်းသားများ၏ နေထိုင်စားသောက်နေမှု၊ ပညာသင်ကြားနေမှုတို့အား ကြည့်ရှုစစ်ဆေးပြီး ထောက်ပံ့ငွေများ ပေးအပ်သည်။

စက်တင်ဘာ ၁၀ ရက်တွင် ကြာအင်းဆိပ်ကြီးမြို့နယ်၌ နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကိုလည်းကောင်း၊ မုဒုံမြို့ အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်းကိုလည်းကောင်း ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

● မြန်မာ့မီးရထားလုပ်ငန်းမှ

မေ ၂၀ ရက်မှာ နောက်ထပ်တွဲပေါင်း လေးဆိုင်းကိုထပ်ချိတ်ခဲ့ပါတယ်။ ဒါနဲ့ အများပြည်သူက ကျန်တဲ့ရထားတွေကိုပါတောင်းဆိုလာကြတော့ ဇွန် ၁၂ ရက်မှာ နောက်ထပ်တွဲပေါင်း နှစ်ဆိုင်းချိတ်လိုက်ပါတယ်။ ထပ်ပြီးတောင်းဆိုကြလို့ စက်တင်ဘာ ၁၀ ရက်မှာ တွဲပေါင်း သုံးဆိုင်းချိတ်လိုက်တဲ့အတွက် အခုဆိုရင်ရထား ၁၄ ဆိုင်း အားလုံးကိုအထူးတွဲများ တစ်တွဲစီနဲ့ အားလုံး ၁၄ ဆိုင်း ၁၄ တွဲပြီး ပြည့်စုံသွားပါပြီ” ဟု အင်ဂျင် နီယာမှူး(မြို့ပြရုံး) တိုင်း(၇) ရန်ကုန်မှ တိုင်းတာဝန်ခံနှင့် လက်ထောက်အထွေထွေမန်နေဂျာ ဦးကျော်ကျော်မျိုးက ရှင်းပြခဲ့သည်။ ဆက်လက်၍ မြန်မာ့မီးရထားလုပ်ငန်း၏ မြို့ပတ်ရထားအခေါ်အဝေါ်များဖြစ်သော ရထားတွဲဆိုင်းများအား က၊ ခ၊ င၊ စ၊ ဆ၊ ဇ၊ မ၊ သ၊ ဏ ၁၊ ဏ ၅၊ တ၊ ပ၊ န၊ ယ ဟူ၍ ရထား ၁၄ ဆိုင်းအား နာမည်များအသီးသီး သတ်မှတ်ထားရှိကြောင်း၊ ယခု ချိတ်ဆက်ပြီးစီးပြီဖြစ်သော အထူးတွဲများမှာ တွဲတစ်တွဲစီတွင် ပန်ကာ ငါးလုံး၊ ဖိုက်ဘာထိုင်ခုံ ၆၂ လုံးစီရှိနေကြောင်း၊ ရှေ့ဆက် မြို့ပတ်ရထားများအား ခေတ်မီသန့်ရှင်းသပ်ရပ်သော အဲကွန်းရထားများဖြစ်လာစေရန် ကြိုးပမ်း ဆောင်ရွက်လျက်ရှိနေကြောင်းနှင့် အောက်တိုဘာလအတွင်း ဖြစ်လာနိုင်စေရန် စီစဉ်နေပါကြောင်း မြန်မာ့မီးရထားလုပ်ငန်းမှ သိရသည်။

(စိုးဝင်း- MLA)

ရန်ကုန် စက်တင်ဘာ ၁၁

၂၀၁၃ အာဆီယံအမျိုးသမီးချန်ပီယံရှစ်ဘောလုံးပြိုင်ပွဲအုပ်စုပွဲစဉ်များကို ယနေ့ညနေပိုင်းက သုဝဏ္ဏကွင်း၌ ဆက်လက်ကျင်းပသည်။

(ပထမပွဲ)
ဩစတြေးလျ-တစ်ဂိုး
မလေးရှား-ဂိုးမရှိ

ဩစတြေးလျ ယူ-၁၉ အသင်းမှာ ပွဲဦးထွက် အမှတ်အပြည့်ရရှိခဲ့သော်လည်း အနိုင်ရရန်ရုန်းကန်ခဲ့ရသောပွဲဖြစ်သည်။ ပွဲစကတည်းက ခြေအသာဖြင့် ဖိကစားနိုင်ခဲ့သော်လည်း ဩစတြေးလျတို့ ၇၄ မိနစ်မှာ အနိုင်ဂိုး ရရှိခဲ့သည်။ ယင်းဂိုးကို အသင်းခေါင်းဆောင် ဘရစ်တနီက သွင်းယူခဲ့ခြင်းဖြစ်သည်။ ဩစတြေးလျအသင်းမှာ ခြေစွမ်းပိုင်းအရ လိုအပ်ချက်များရှိနေသောကြောင့် အုပ်စုတက်ရန် ဗီယက်နမ်၊ ထိုင်းတို့နှင့် အပြိုင်လုရဖွယ်ရှိနေသည်။ မလေးရှားအသင်းနှစ်ပွဲစလုံး ရှုံးနိမ့်ခဲ့သောကြောင့် အုပ်စုမှထွက်ရန် သေချာသွားပြီဖြစ်သည်။

(ဒုတိယပွဲ)
ထိုင်း - လေးဂိုး
ဂျော်ဒန် - ဂိုးမရှိ

ယနေ့ပွဲ

(ပထမပွဲ)
လာအို-ဂျပန်ယူ-၂၃

(ဒုတိယပွဲ)
ဖိလစ်ပိုင်-အင်ဒိုနီးရှား

ဩစတြေးလျအသင်း တစ်ဂိုးဖြင့် ကပ်နိုင်

သတင်း၊ ဓာတ်ပုံ ရှိုင်းထက်ဇော်

မလေးရှားအသင်းဘက်သို့ ဩစတြေးလျအသင်း ထိုးဖောက်တိုက်စစ်ဆင်နေစဉ်။

သဲတင်ယာဉ် ဘီးပေါက် ပလက်ဖောင်းပေါ်ရောက်

မန္တလေး စက်တင်ဘာ ၁၁

မန္တလေးမြို့ ၁၂ လမ်း ကျုံးမြောက်ဘက်လမ်းတွင် ယနေ့ ညနေ ၄ နာရီ ၅၅ မိနစ်က ယာဉ်မောင်း ငြိမ်းချမ်းသော် (၂၁)နှစ် အုန်းချောကျေးရွာနေသူ မောင်းနှင်လာသည့် ကုန်းလမ်းပို့ဆောင်ရေး ဟီးနိုးကုန်တင်ယာဉ် ၈/---- သည် သဲများတင်ဆောင်ပြီး အရှေ့မှအနောက်သို့ မောင်းနှင်လာစဉ် ရှေ့ညာဘီးပေါက်၍ လမ်းဘေးပလက်ဖောင်းပေါ် ကျော်တက်ကာ သုခမ္မာဇရပ်တန်း အမှတ်(၈) ဇရပ်အလှူရှင်ကမ္ပည်းကျောက်စာတိုင်ကို တိုက်မိပြီး သုခမ္မာဇရပ် အမှတ်(၈) အရှေ့တောင်ထောင့်တိုင်အား တိုက်မိမှုဖြစ်ပွားခဲ့သည်။ အဆိုပါဖြစ်ရပ်ကြောင့် ဒဏ်ရာရသူ မရှိကြောင်းနှင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ရှေးဟောင်းသုတေသနဦးစီးဌာနနှင့် ယာဉ်ထိန်းရဲတပ်ဖွဲ့(မန္တလေး)တို့က လိုအပ်သည့် အရေးယူဆောင်ရွက်မှုများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။ **အေးမြ(မန္တလေး)**

❖ ဖွဲကပင်မှ

ပူးပေါင်းကာ စတင်အကောင်အထည်ဖော်နေပြီဖြစ်ပြီး Cable Car သည် လူ ၄၀ ထိ စီးနင်းနိုင်မည်ဖြစ်သည်။ Cable ကြိုးသည် အချင်း ၃၈ မီလီမီတာရှိပြီး သက်တမ်း (၁၀) နှစ်မှ (၁၅) နှစ်ထိ ခံနိုင်အားရှိသည်။ လိုအပ်သည့် အစိတ်အပိုင်းများကို ဆွစ်ဇာလန်နှင့် ဩစတြေးလျနိုင်ငံတို့မှ မှာယူခြင်းဖြစ်ပြီး မလေးရှားမှ ပညာရှင်များနှင့် မြန်မာအင်ဂျင်နီယာများ ပူးပေါင်းကာ နိုင်ငံတကာအဆင့်မီ တည်ဆောက်နေခြင်းဖြစ်သည်။

ဘုရားဖူးလာ ပြည်သူများနှင့် နိုင်ငံခြားခရီးသွား ဧည့်သည်များအတွက် သက်သောင့်သက်သာ တက်ရောက်ဖူးမြော်နိုင်ကြစေရန် အတွက် ဖွဲကပင်တောင်ဆံတော်ရှင်တောင်ခြေမှ စေတီတော်ရင်ပြင်အထိ မီတာ ၁၆၅၀ အား Cable Car တပ်ဆင်နေခြင်းဖြစ်ကာ ခန့်မှန်းကုန်ကျငွေမှာ အမေရိကန်ဒေါ်လာ သန်း ၂၀ ကုန်ကျမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါစီမံကိန်းဖြစ်မြောက်ရေးအတွက် ဖွဲကပင်တောင်ဆရာတော်၊ ပီနန်ဆရာတော်၊ သုံးထပ်ကျောင်းဆရာတော်တို့က ဦးဆောင်ကာ စေတနာရှင်များ၏ အလှူငွေများဖြင့် တည်ဆောက်နေခြင်းဖြစ်ပြီး အနယ်နယ်အရပ်ရပ်မှ လှူဒါန်းလိုသူများသည် ဦးယဉ်ထွေးဆွေ ဖုန်း-၀၉-၄၃၁၁၁၁၈၊ ဦးအောင်မောင်း ဖုန်း-၀၉-၅၆၆၁၀၁၂ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ပြီး မန္တလေးမြို့မှ လှူဒါန်းလိုသောအလှူရှင်များ အနေဖြင့် ရှမ်းတိုင်းရင်းသားများ သာရေးနာရေးအသင်းသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

ရေကြောင်းသတိပေးချက်

၁။ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော PTTEP International Limited သည် မုတ္တမကမ်းလွန် လုပ်ကွက်အမှတ် M-9 တွင် Zawtika Offshore Pipeline Construction Project လုပ်ငန်းများဆောင်ရွက်လျက်ရှိရာ 18" Spool Installation လုပ်ငန်းများကို MV.SEAMEC PRINCESS ဖြင့် ၂၀၁၃ ခုနှစ် စက်တင်ဘာ ၁၂ ရက်မှ ၂၀၁၃ ခုနှစ် အောက်တိုဘာ ၃၀ ရက်အထိ ဆောင်ရွက်သွားမည်ဖြစ်သည်။

၂။ Zawtika Offshore Pipeline Construction Project တွင် 18" Spool Installation လုပ်ငန်းများ ဆောင်ရွက်မည့် ZPQ Location Coordinate မှာ မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၁၁ မိနစ် ၂၇ ဒသမ ၈၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၀၂ မိနစ် ၄၄ ဒသမ ၃၁၇ စက္ကန့်တွင် ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ မုတ္တမကမ်းလွန်လုပ်ကွက်အမှတ် M-9 တွင် Zawtika Offshore Pipeline Construction Project လုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ 18" Spool Installation လုပ်ငန်းများကို MV.SEAMEC PRINCESS ဖြင့် ဆောင်ရွက်နေစဉ်ကာလအတွင်း လုပ်ငန်းများ နှောင့်နှေးကြန့်ကြာမှုမဖြစ်ပေါ်စေရေးအတွက် ဖော်ပြပါလုပ်ငန်းခွင်ဧရိယာမှ လေးကီလိုမီတာပတ်လည်အတွင်းအား ရေကြောင်းသတိပေးချက် (Notice to Mariners) ထုတ်ပြန်ကြေညာထားပါ၍ သင်္ဘောကြီးငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားထားခြင်း၊ ငါးဖမ်းဆီးခြင်းနှင့် ငါးဖမ်းကိရိယာများ ချထားခြင်း မပြုလုပ်ကြရန် အသိပေးကြေညာအပ်ပါသည်။

ငါးလုပ်ငန်းဦးစီးဌာန

မြန်မာနိုင်ငံ၏ တယ်လီကွန်းဈေးကွက် ရှင်သန်ကြီးထွားခိုင်မာလာစေရေး ဆွေးနွေး

နေပြည်တော် စက်တင်ဘာ ၁၁

Myanmar Connect 2013 ကို စက်တင်ဘာ ၁၀ ရက် နံနက်ပိုင်းက နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (MICC) Delegates Listening Room(1) ၌ ကျင်းပရာ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြတ်ဟိန်း တက်ရောက်အမှာစကားပြောကြားသည်။

ကမ္ဘာ့နိုင်ငံပေါင်း ၂၅ နိုင်ငံမှ အသိပညာရှင် ၄၀၀ ကျော် တက်ရောက်ဆွေးနွေးခဲ့ကြသည့် အဆိုပါဆွေးနွေးပွဲတွင် မြန်မာနိုင်ငံ၏ ဆက်သွယ်ရေး၊ သတင်းအချက်အလက်နှင့် နည်းပညာကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရေးဆိုင်ရာများ၊ မြန်မာနိုင်ငံ၏ ပြောင်းလဲလာသော ဆက်သွယ်ရေးဥပဒေဆိုင်ရာများ၊ မြန်မာနိုင်ငံ၏ တယ်လီကွန်းဈေးကွက်နှင့် နိုင်ငံတကာ တယ်လီကွန်းဈေးကွက်သို့ ချိတ်ဆက်ဆောင်ရွက်၍ မြန်မာနိုင်ငံ၏ တယ်လီကွန်းဈေးကွက် ရှင်သန်ကြီးထွားခိုင်မာလာစေရေးနှင့် ဈေးကွက်ရင်းနှီးမြှုပ်နှံမှု အခွင့်အရေးဆိုင်ရာများနှင့် မျှော်မှန်းချက်များ၊ ဆက်သွယ်ရေးနည်းပညာကဏ္ဍ အဆောက်အအုံဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် အစီအစဉ်များ ချမှတ်ရေးဆွဲရေးဆိုင်ရာများအပေါ် ဘက်စုံထောင့်စုံ ကဏ္ဍစုံမှ ဝိုင်းဝန်းဆွေးနွေးခဲ့ကြသည်။

မွန်းလွဲပိုင်းတွင် အခမ်းအနားသို့ တက်ရောက်လာကြသည့် တာဝန်ရှိသူများက မြန်မာ့ဆက်သွယ်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ပြည်တွင်း ပြည်ပ သတင်းမီဒီယာများနှင့်တွေ့ဆုံကာ သိရှိလိုသည့်အချက်အလက်ဆိုင်ရာများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် အခမ်းအနားကို အစီအစဉ်များအတိုင်း ဆက်လက်ကျင်းပခဲ့ကြပြီး ညနေပိုင်းတွင် ရုပ်သိမ်းလိုက်သည်။

အဆိုပါ အစည်းအဝေးကို စက်တင်ဘာ ၁၁ ရက်အထိ နှစ်ရက်ကျင်းပခဲ့ပြီး ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာနနှင့်အတူ Capacity Media မှ တာဝန်ရှိအဖွဲ့အစည်းများ ပူးပေါင်းကျင်းပခြင်းဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် သတင်းရယူလိုသည့် ပြည်တွင်း၊ ပြည်ပသတင်းထောက်များ သတင်းရယူခွင့်လျှောက်ထားနိုင်

နေပြည်တော် စက်တင်ဘာ ၁၁

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ (27th SEA Games)အား ၂၀၁၃ ခုနှစ် ဒီဇင်ဘာလ(၁)ရက်နေ့မှ(၂၂)ရက်နေ့အထိကျင်းပမည်ဖြစ်ရာ ယင်းအားကစားပြိုင်ပွဲတွင် သတင်းရယူလိုသည့် ပြည်တွင်း၊ ပြည်ပသတင်းထောက်များသည် 27th SEA Games Accreditation နှင့် ပတ်သက်သော အချက်အလက်များအား Website လိပ်စာ www.27 seagames 2013.com တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်းနှင့် Accreditation Form များအား ယင်း Website တွင်လည်းကောင်း၊ ပြန်ကြားရေးဝန်ကြီးဌာန Website ဖြစ်သည့် www.moi.gov.mm မှ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း Web Portal တွင်လည်းကောင်း Download ဆွဲ၍ ရယူနိုင်ကြောင်း သိရသည်။

အဆိုပါ Accreditation Form များအားဖြည့်စွက်ပြီးပါက ယင်းဖြည့်စွက်ပြီး Form နှင့်အတူ သက်ဆိုင်ရာ မီဒီယာဌာနများ၏ ထောက်ခံချက်ကိုပူးတွဲ၍ အီးမေးလ်လိပ်စာ myanmarmpc @gmail.com သို့ စက်တင်ဘာလ(၂၅)ရက်နောက်ဆုံးထား၍ ပေးပို့ကြရမည်ဖြစ်ကြောင်းနှင့် မရှင်းလင်းသည်များ၊ သိလိုသည်များရှိပါက ယင်း အီးမေးလ်သို့ပင် ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အရက်မူးပြီး ဆဲဆိုကြိမ်းမောင်းသူအား ဖမ်းဆီးအရေးယူ

နေပြည်တော် စက်တင်ဘာ ၁၁

စက်တင်ဘာ ၃ ရက် ညနေ ၆ နာရီတွင် မကွေးမြို့နယ် ထုံးပေါက်တော(မြောက်)ရွာနေ ဦးခင်ဦး (၄၁) နှစ်သည် နေအိမ်မှ ရွာမြောက်ဘက်ရှိ ပဲတလင်းသို့ မြေပဲများစောင့်ရန် ဆိုင်ကယ်ဖြင့်သွားစဉ် တစ်ရွာတည်းနေ သက်နိုင်ဦး(၂၉) နှစ်မှာ အရက်မူးလျက် ၎င်း၏နေအိမ်မှ ပြေးထွက်လာပြီး ညစ်ညမ်းစွာဆဲဆိုကာ လောက်လေးဂွဖြင့် ခုနစ်ချက် ပစ်ခတ်ခဲ့သည်။ ထိုသို့ပစ်ခတ်ခဲ့သော်လည်း ဦးခင်ဦးမှာ ပြဿနာဖြစ်မည်စိုး၍ နေအိမ်သို့ပြန်ခဲ့စဉ် သက်နိုင်ဦးမှ ဦးခင်ဦး၏ နေအိမ်ရှေ့အထိလိုက်လာပြီး အရိုးအသွား ခြောက်ပေခန့်ရှိ ခက်ရင်းခွအား ကိုင်ဆောင်ကာ ခြိမ်းခြောက်၍ ညစ်ညမ်းစွာဆဲဆိုခြင်းများပြုလုပ်ခဲ့သဖြင့် ဦးခင်ဦး၏ ဇနီးဖြစ်သူ ဒေါ်ညွန့်ညွန့်ဌေးက ကျေးရွာအုပ်ချုပ်ရေးမှူးထံ သွားရောက်တိုင်တန်းခဲ့ရာ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့်အဖွဲ့က သက်နိုင်ဦးအား ခေါ်ယူ၍ နောက်နေ့တွင် နှစ်ဦးနှစ်ဖက် ဖြေရှင်းပေးမည်ဟုပြောပြီး သက်နိုင်ဦးအားပြန်လွှတ်ခဲ့ကြောင်း၊ ဆင့်ခေါ်သည့်အချိန်တွင် သက်နိုင်ဦးမှာ ထွက်ပြေးတိမ်းရှောင်နေပြီး စက်တင်ဘာ ၉ ရက်တွင် ရွာသို့ပြန်လည် ရောက်ရှိလာသဖြင့် သက်နိုင်ဦးအား အရေးယူပေးရန် တိုင်တန်းသောကြောင့် မကွေးမြို့မ ရဲစခန်းက (ပ) ၁၇၆/၂၀၁၃၊ ပြစ်မှုပုဒ်မ ၂၉၄/၅၀၆ ဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

(ရဲပြန်ကြား)

မီးခဲပြာဖုံး ကျောင်းသား ကျောင်းသူ အားကစားဘဝမှ

တင်ကော့(ဗန်းမော်)

မြန်မာနိုင်ငံတွင် အားကစားလောက ကျယ်ပြန့်ရေးနှင့် ထူးချွန်သူ အားကစားမောင်မယ်များ ပေါ်ထွန်းရေး၊ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာရှိ လူတော်လူကောင်းများ မွေးထုတ်နိုင်ရေး အတွက် အဓိကမှာ စာသင်ကျောင်းများ ဖြစ်ပါသည်။

၁၉၆၃-၁၉၆၄ စာသင်နှစ် စီမံကိန်းများအဖြစ် ပညာရေးဌာန တာဝန်ခံလူရည်ချွန် စီမံကိန်းများဖြင့် ၁၉၆၅ ခုနှစ်တွင် ငပလီလူရည်ချွန်စခန်းသာမက အင်းလေးလူရည်ချွန်စခန်းများ အသစ်တိုးချဲ့ဖွင့်လှစ်ခဲ့သည်။

ကျောင်းစာတော် လူငယ်အတော်များများ ရွေးချယ်ပြီး လူရည်ချွန်စခန်းသို့ ရွေးချယ်ပို့ဆောင်ခဲ့သည်။ ယခုအချိန်တွင် အသက်အရွယ်ရလာကြပြီး အငြိမ်းစားဘဝသို့ ကူးပြောင်းခဲ့ကြသည်။ စာရေးသူ၏ သူငယ်ချင်းများမှာ စစ်ဗိုလ်ချုပ်ကြီး၊ ဒေါက်တာကြီး၊ ကျောင်းအုပ်ဆရာကြီး၊ ဥပဒေအရာရှိကြီး၊ အင်ဂျင်နီယာကြီးများ စသည်ဖြင့် ပညာတော်လူတော် လူကောင်းများ ဖြစ်ခဲ့ကြပါသည်။

အားကစားထူးချွန်သည့် လူငယ်များကိုလည်း မန္တလေး၊ ရန်ကုန်၊ တောင်ကြီး၊ ကချင်ပြည်နယ်/တိုင်းဒေသကြီး၊ မြို့နယ် အထက်တန်းကျောင်း ကိုယ်စားပြု တိုင်းဒေသကြီး/ပြည်နယ် ကျောင်းသားပွဲတော်သို့ ပါဝင်ခဲ့ပြီးမှ မြန်မာနိုင်ငံ ကိုယ်စားပြုများဖြစ်ခဲ့သည့် အရှေ့တောင်အာရှ အေးမောင်ကြီး (မန္တလေးတိုင်းဒေသကြီး) ကျောင်းသားဘောလုံးလက်ရွေးစင် ၁၉၆၄ ခုနှစ် ကျောင်းသားအကောင်းဆုံး အလယ်တန်း ဘောလုံးဆုရခဲ့သူဖြစ်သည်။ "ဂျင်မီ" ၁၉၆၅ (ရန်ကုန်တိုင်းဒေသကြီး) ကျောင်းသားကိုယ်စားပြု ဘောလုံးကစားခြင်း ၁၉၆၆ ခု ကျောင်းသား တာလတ်အပြေးသမားသို့ ရောက်ရှိလာပြီး အရှေ့တောင်အာရှ ရွှေဆုရယူပေးခဲ့သူဖြစ်သည်။

မျိုးဝင်းညွန့်
၁၉၆၄ (ရှမ်းပြည်နယ်) ကျောင်းသားကိုယ်စားပြု
မျိုးဝင်းညွန့်
၁၉၆၅(ရန်ကုန်တိုင်းဒေသကြီး) ကျောင်းသားကိုယ်စားပြု
စိန်ဝင်းကြီး
၁၉၆၄ (ရှမ်းပြည်နယ်တောင်ကြီး) ကျောင်းသားကိုယ်စားပြု
မလှလှဝင်း
(ပြေးခုန်ပစ် ရန်ကုန်တိုင်းဒေသကြီး) ကျောင်းသူကိုယ်စားပြု
မနိုရင်
(ပြေးခုန်ပစ် ရန်ကုန်တိုင်းဒေသကြီး) ကျောင်းသူကိုယ်စားပြု
မဘောဘီ
(ဘောလီဘောမယ်-ကြက်တောင်မယ် ကချင်ပြည်နယ် ကိုယ်စားပြု)

ရွှေတံဆိပ်ရယူပေးခဲ့သူများ ဖြစ်သည်။ နောင်လာမည့် ကျောင်းသား ကျောင်းသူလေးများ မြန်မာပြည်ကိုယ်စားပြုနိုင်ကြပါစေ။

ယခုအရှေ့တောင်အာရှ အားကစားပွဲတော်တွင် ပါဝင်နေကြသည့် လူရွယ်လူငယ်၊ ကျောင်းသား ကျောင်းသူများ တို့မြန်မာနိုင်ငံအတွက် ရွှေဆုကြီးများများယူပေးကြပါ။ မြန်မာနိုင်ငံအလံ တိုင်ထိပ်ရောက်တာ မြင်လိုပါသည်။

ဆီးဂိမ်းပွဲတော်ကြိုဆိုဂုဏ်ပြု စက်ဘီးစီးအားကစားသမား ရမည်းသင်းရောက်ရှိ

ရမည်းသင်း   စက်တင်ဘာ   ၁၁

(၂၇)ကြိမ်မြောက် ဆီးဂိမ်းပွဲတော်အကြိုဂုဏ်ပြု တစ်ကိုယ်တော် စက်ဘီးစီး အားကစားသမားသည် စက်တင်ဘာ ၁၀ ရက် ညနေ ၆ နာရီ မိနစ် ၂၀ တွင် မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့သို့ ရောက်ရှိရာ မြို့နယ်တာဝန်ရှိသူများက ကြိုဆို၍ လိုအပ်သည်များစီစဉ်ပေးသည်ဟုသိရသည်။

ယင်းစက်ဘီးစီးအားကစားသမားမှာ ဦးခင်မောင်သန်း မှန်ကုန်းကျေးရွာ ကွဲသောင်အုပ်စု အင်္ဂပူမြို့နယ် ဧရာဝတီတိုင်းဒေသကြီးမှဖြစ်ပြီး အသက် (၄၇) နှစ်အရွယ်ဖြစ်သည်။ ဩဂုတ် ၂၃ ရက်တွင် ပန်းတနော်မြို့မှ စတင်ထွက်ခွာ၍ ဧရာဝတီမြစ်ရိုးတစ်လျှောက် စက်ဘီးစီးနင်း၍ခရီးဆက်ခဲ့ရာ မြစ်ကြီးနားမြို့သို့ စက်တင်ဘာ ၃ ရက်တွင်ရောက်ရှိသည်။ မြစ်ကြီးနားမြို့မှ စက်တင်ဘာ ၅ ရက်တွင် ပြန်လည်ထွက်ခွာလာခဲ့ပြီး ဟိုပင်မြို့၊ အင်းတော်မြို့၊ ဇင်းမြို့၊ ရွှေဘိုမြို့၊ ကျောက်ဆည်မြို့တို့တွင် လည်းကောင်း၊ စက်တင်ဘာ ၁၀ ရက် ညတွင် ရမည်းသင်းမြို့၌ လည်းကောင်း ညအိပ်ခဲ့ပြီး စက်တင်ဘာ ၁၁ ရက်တွင် ရမည်းသင်းမြို့မှ နေပြည်တော်သို့ ဆက်လက်ထွက်ခွာခဲ့ကြောင်း သိရသည်။

ယခုကဲ့သို့ မိုင်ပေါင်းများစွာ စက်ဘီးဖြင့် ဂုဏ်ပြုစီးနင်းရသည့် ဦးခင်မောင်သန်း၏ ရည်ရွယ်ချက်ကို မေးမြန်းရာတွင်-

(၁) လျင်မြန်တိုးတက်လာသော မိုဘိုင်းဆက်သွယ်ရေးစနစ်ခွင့်ပြုစီမံခဲ့သော သမ္မတနှင့် အစိုးရအဖွဲ့အား ကြိုဆိုဂုဏ်ပြုခြင်း။

(၂) ၂၀၁၃ ခုနှစ် (၂၇)ကြိမ်မြောက် ဆီးဂိမ်းပွဲတော်ကိုကြိုဆိုခြင်း။

(၃) ဆီးဂိမ်းတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် နိုင်ငံ့ဂုဏ်ဆောင်အားကစားသမားများနှင့် စက်ဘီးအားကစားသမားများအား အားပေးဂုဏ်ပြုစီးနင်းခြင်းဖြင့် ဂုဏ်ပြုခြင်းဖြစ်သည်ဟု ဦးခင်မောင်သန်းက ဖြေကြားသည်။ နေပြည်တော်မှ အပြန်တွင်လည်း ယခုကဲ့သို့ပင် ရန်ကုန်-ပန်းတနော်အထိ ဂုဏ်ပြုစီးနင်းသွားမည်ဟုသိရပြီး ဆီးဂိမ်းပွဲတော်ကျင်းပနေသော ရက်များတွင်လည်း နေပြည်တော်မှ ငွေဆောင်ကမ်းခြေရွက်လှေပြိုင်ပွဲသို့ ယခုကဲ့သို့ပင် စက်ဘီးဖြင့် သွားရောက်အားပေး ဂုဏ်ပြုရန် စီစဉ်ထားပြီး လိုက်ပါလိုသူများ ဖုန်း ၀၉-၃၁၆၉၆၆၆၉ သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **လှိုင်သန်းတင့်(ရမည်းသင်း)**

အီတလီစီးရီးအေပွဲစဉ်(၃)ကို စက်တင်ဘာ ၁၄၊ ၁၅၊ ၁၆၊ ၁၇ ရက်တွေမှာ ကျင်းပသွားဖို့ ရှိပါတယ်။ အဆိုပါ စီးရီးအေပွဲစဉ်(၃)မှာတော့ အသင်းကြီးနှစ်သင်းဖြစ်တဲ့ အင်တာမီလန်နဲ့ ဂျူဗင်တပ်တို့ဆုံတွေ့နေတာကြောင့် အကြိတ်အနယ်ရှိနိုင်သလို စိတ်ဝင်စားဖို့လည်း ကောင်းပါတယ်။

စီးရီးအေ ရင်ခုန်သံ ၃

ရှိုင်း မင်း မင်း

အင်တာမီလန် - ဂျူဗင်တပ်
ည ၁၀း၃၀ (၁၄-၉-၂၀၁၃)

နည်းပြသစ် မက်ဇာရီလက်ထက်မှာ အင်တာမီလန်ရဲ့ခြေ ကောင်းမွန်လာပါတယ်။ အထူးသဖြင့် အင်တာမီလန်ရဲ့ ခံစစ်ကစားပုံက ကျစ်လျစ်မှုရှိပြီး ပေးဂိုးမရှိသေးပါဘူး။ အိမ်ကွင်းလည်းဖြစ်တာကြောင့် ဂျူဗင်တပ်ကို ယှဉ်နိုင်တဲ့ အင်အားရှိပါတယ်။ ဂျူဗင်တပ်ရဲ့ခြေ ကောင်းနေပေမယ့် ဒီပွဲမှာ အင်တာမီလန် အနိမ့်ဆုံး သရေရမှာပါ။

နာပိုလီ - အတ္တလန္တာ
နံနက် ၁း၁၅ (၁၅-၉-၂၀၁၃)

နာပိုလီရဲ့ခြေအကောင်းဆုံးပုံစံမှာ ရှိနေပါတယ်။ အထူးသဖြင့် နှစ်ပွဲကစားပြီး ခုနစ်ဂိုးအထိသွင်းယူထားတဲ့ ဂိုးသွင်းအားက ကြောက်စရာကောင်းပါတယ်။ အတ္တလန္တာရဲ့ ခြေကလည်း မဆိုးဘူးဆိုပေမယ့် နာပိုလီရဲ့တိုက်စစ်စုဖွဲ့မှုကို ရေရှည်တောင့်ခံဖို့မလွယ်ဘူး။ ဥရောပပွဲရှိပေမယ့် နာပိုလီ အိမ်ကွင်းမှာ နှစ်ဂိုးအသာနဲ့ အနိုင်ရမှာပါ။

တိုရီနို - အေစီမီလန်
နံနက် ၁း၁၅ (၁၅-၉-၂၀၁၃)

ချန်ပီယံလိဂ်ကစားဖို့ ရှိပေမယ့် တစ်ပွဲရှုံးထားတဲ့အေစီမီလန်အနေနဲ့ ဒီပွဲမှာ အနိုင်ရအောင် အားစိုက်လာမှာပါ။ ကာကာပြန်ပြီးရောက်လာလို့ အေစီမီလန်ရဲ့ ကွင်းလယ်ကစားပုံလည်း ကောင်းလာနိုင်ပါတယ်။ ဒါကြောင့် ခြေသာမန်သာရှိတဲ့ တိုရီနိုအနေနဲ့ အိမ်ကွင်းဖြစ်ပေမယ့် ထိန်းဖို့ခက်မှာပါ။ အေစီမီလန်ပဲ ကပ်နိုင်ဖို့ရှိတယ်။

ဖီယိုရင်တီးနား - ကယ်ဂလီယာရီ
ညနေ ၅း၀၀ (၁၅-၉-၂၀၁၃)

ဖီယိုရင်တီးနားရဲ့ ခြေကလည်း အကောင်းဆုံးပုံစံမှာ ရှိပါတယ်။ နာပိုလီနည်းတူ တိုက်စစ်ကနှစ်ပွဲမှာ ခုနစ်ဂိုးသွင်းထားပါတယ်။ အိမ်ကွင်းလည်းဖြစ်လို့ ဖီယိုရင်တီးနားတို့ ကယ်ဂလီယာရီကို ဖိအားပေးနိုင်မှာပါ။ ကယ်ဂလီယာရီက ခြေမဆိုးပေမယ့် အဝေးကွင်းမှာ စိတ်မချရလို့ ဖီယိုရင်တီးနားကိုပဲ နှစ်သက်မိပါတယ်။

ဗီရိုနာ - ဆာစူအိုလို
ည ၇း၃၀ (၁၅-၉-၂၀၁၃)

တန်းတက်အသင်းတွေအထဲမှာ ဆာစူအိုလိုရဲ့ခြေက အားအပျော့ဆုံးပါ။ နှစ်ပွဲစလုံးရှုံးပြီး တိုက်စစ်က တစ်ဂိုးသာသွင်းနိုင်ပါတယ်။ ဗီရိုနာက ရိုးမားကို ဂိုးပြတ်ရှုံးခဲ့ရပေမယ့် အိမ်ကွင်းမှာဆိုရင် အေစီမီလန်ကိုတောင် အနိုင်ရခဲ့တဲ့ အသင်းပါ။ အသင်းလိုက်ကစားပုံလည်း ကောင်းလို့ ဗီရိုနာကိုပဲ နှစ်သက်မိပါတယ်။

လာဇီယို - ချီယေဗို
ည ၇း၃၀ (၁၅-၉-၂၀၁၃)

လာဇီယိုခြေက မငြိမ်ပါဘူး။ ခံစစ်က အားပျော့မှုတွေ ရှိနေပါတယ်။ ဒါပေမယ့် အိမ်ကွင်းမှာ ကစားရမှာဖြစ်လို့ ရလဒ်ကောင်းအောင် အားစိုက်လာမှာပါ။ ဒါ့အပြင် ချီယေဗိုကလည်း နှစ်ပွဲကစားပြီးချိန်မှာ နိုင်ပွဲမရှိသေးဘဲ တိုက်စစ်ကလည်း နှစ်ဂိုးသာရသေးတဲ့အထိ အားပျော့နေပါတယ်။ ။



ကျောက်ဖြူအထူးစီးပွားရေးဇုန်အား သဘာဝပတ်ဝန်းကျင် ထိခိုက်မှုအနည်းဆုံးနှင့် ဒေသခံများ လူမှုစီးပွားဘဝဖွံ့ဖြိုးရန် စနစ်တကျဆောင်ရွက်မည်

ကျောက်ဖြူအထူးစီးပွားရေးဇုန်အား သဘာဝပတ်ဝန်းကျင် ထိခိုက်မှုအနည်းဆုံးဖြစ်ရန်နှင့် ဒေသခံများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရန် စနစ်တကျ Master Plan ရေးဆွဲထားကြောင်း သိရသည်။

ကျောက်ဖြူအထူးစီးပွားရေးဇုန်သည် မြန်မာနိုင်ငံ၏အနောက်ဘက် မဟာဗျူဟာမြောက် ပင်လယ်ထွက်ပေါက်နေရာတစ်နေရာဖြစ်ပြီး အရှေ့အလယ်ပိုင်းနိုင်ငံများသို့ ရေနံစိမ်းနှင့် ကုန်စည်များအလွယ်တကူ သယ်ယူတင်ပို့နိုင်ခြင်း၊ မဟာဗျူဟာမြောက်နေရာတွင် တည်ရှိနေသောကြောင့် ကုန်စည်သိုလှောင်ရာနေရာအဖြစ် အောင်မြင်စွာ တည်ထောင်နိုင်မည်ဖြစ်သည်။

အဆိုပါ အထူးစီးပွားရေးဇုန်တည်ထောင်မည့် ပတ်ဝန်းကျင်တွင် သဘာဝမှပေးထားသည့် ရေစူးအနက် မီတာ ၃၀ ရှိနေခြင်း၊ လှိုင်းဒဏ်လေဒဏ်ကို အကာအကွယ်ပေးထားသည့် တောင်တန်းများရှိနေခြင်း၊ ရေနက်ဆိပ်ကမ်းကောင်းများတည်ဆောက်နိုင်သည့်နေရာ ၁၀ ခုခန့်ရှိနေခြင်းတို့ကြောင့် အောင်မြင်ရန်များစွာအလားအလာအကောင်းဆုံးနေရာဖြစ်သည်။

အလားတူ ထားဝယ်အထူးစီးပွားရေးဇုန်သည် ရေနက်ဆိပ်ကမ်းတည်ဆောက်ရန် ရေစူးအနက် မီတာ ၂၀ သာရှိပြီး သီလဝါအထူးစီးပွားရေးဇုန်သည် ရေနက်ဆိပ်ကမ်းတည်ဆောက်ရန် ရေစူးအနက် ၁၀ မီတာရှိကြောင်း သိရသည်။ ထို့ကြောင့် ကျောက်ဖြူအထူးစီးပွားရေးဇုန်၏ အောင်မြင်လာမှုအပေါ် မူတည်ပြီး ချဲ့ထွင်လုပ်ကိုင်နိုင်သည့် မြေနေရာနှင့် ရေစူးအနက်တို့ရှိနေခြင်းသည် အားသာချက်တစ်ခုဖြစ်သည်။

ကျောက်ဖြူ အထူးစီးပွားရေးဇုန်၏ Shot term အနေဖြင့် လုပ်သားအခြေပြုစက်ရုံများဖြစ်သည့် အထည်ချုပ်လုပ်ငန်း၊ ငါးပုစွန်အေးခဲခြင်းလုပ်ငန်း၊ ကလေးကစားစရာပြုလုပ်သည့် လုပ်ငန်းများကို တည်ထောင်လုပ်ကိုင်သွားမည်ဖြစ်လို Medium term အနေဖြင့် ဒေသနှင့် ကိုက်ညီမှုရှိပြီး Environmental Friendly SE2 ဖြစ်စေမည့် စက်ရုံ၊ အလုပ်ရုံများတည်ဆောက်လုပ်ကိုင်သွားမည်ဖြစ်သည်။

အထူးစီးပွားရေးဇုန် ပြုလုပ်ရခြင်းမှာ မြန်မာနိုင်ငံတွင် ဖွံ့ဖြိုးတိုးတက်မှုအနည်းဆုံး ပြည်နယ်များဖြစ်သည့် ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့ကို နိုင်ငံတော်အစိုးရအနေဖြင့် ယင်းပြည်နယ်များကို ဖွံ့ဖြိုးတိုးတက်စေရန် လမ်းညွှန်ချက်မူဝါဒချမှတ်ခဲ့ခြင်းကြောင့် ကျောက်ဖြူဒေသတွင် အထူးစီးပွားရေးဇုန် တည်ဆောက်ခြင်းဖြစ်ကြောင်း ကျောက်ဖြူအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ ဦးမြင့်သိန်းက ပြောကြားသည်။

၎င်းဇုန် Master Plan အပြီးသတ်ရေးဆွဲနိုင်ရေးအတွက် ရေနက်ဆိပ်ကမ်းတည်ဆောက်မည့် အဆိုပြုနေရာများ၊ အထူးစီးပွားရေးဇုန်တည်ဆောက်မည့် အဆိုပြုနေရာများ၊ ရုံးချိန်ဒေသရှိ Gas Turbine တည်ဆောက်မည့်နေရာများ၊ ရေသိုလှောင်ဖြန့်ဖြူးရရှိနိုင်မည့်နေရာများကို အသေးစိတ်ကွင်းဆင်းလေ့လာပြီး ကျောက်ဖြူဒေသခံပြည်သူများ၊ လွှတ်တော်ကိုယ်စားလှယ်များဖြင့် တွေ့ဆုံ၍ ဇုန်အကောင်အထည်ဖော်ဆောင်ရေးလုပ်ငန်းစဉ်များ၊ စောင့်ကြည့်စိစစ်ရေးအဖွဲ့ ဖွဲ့စည်းနိုင်ရေးတို့ကို ဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်း ၎င်းကဆက်လက်ပြောကြားသည်။

ကျောက်ဖြူအထူးစီးပွားရေးဇုန်အကြံပေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဒေါက်တာမောင်မောင်သိန်းက အကြံပေးအဖွဲ့အနေဖြင့် ကျောက်ဖြူ SEZ များ ရင်းနှီးတည်ဆောက်သူများကို အိတ်ဖွင့်တင်ဒါမခေါ်ယူမီ ရင်းနှီးတည်ဆောက်သူများမလွဲမသွေလိုက်နာအကောင်အထည်ဖော်ဆောင်ရွက်ရမည့် စည်းမျဉ်းစည်းကမ်းသတ်မှတ်ချက်များကို ရေးဆွဲနိုင်ရေးအတွက် SEZ နှင့်ပတ်သက်၍ နိုင်ငံတကာအတွေ့အကြုံရှိသည့် Consulting Firm အဖွဲ့ကို ပထမဦးဆုံး ရွေးချယ်မည်။ ရွေးချယ်ခံရသည့် Consulting Firm အနေဖြင့် အိတ်ဖွင့်တင်ဒါခေါ်ယူရေးအတွက် အပြည်ပြည်ဆိုင်ရာစံချိန်စံညွှန်းများနှင့်အညီ Terms and Conditions နှင့် Terms of Reference ကို ရေးဆွဲပေးရမည်ဖြစ်ပြီး ရေးဆွဲပြီးနောက် အကြံပေးအဖွဲ့အနေဖြင့် ဇုန်နှင့်ပတ်သက်၍ ရင်းနှီးတည်ဆောက်သူများကို အိတ်ဖွင့်တင်ဒါခေါ်ယူသွားမည်ဖြစ်သည်။ အိတ်ဖွင့်တင်ဒါခေါ်ယူရာတွင်လည်း လုပ်ထုံးလုပ်နည်းများနှင့်အညီ စိစစ်ရွေးချယ်ရာ၌ မျှမျှတတ၊ မှန်မှန်ကန်ကန် ပွင့်လင်းမြင်သာမှုရှိရှိဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ကျောက်ဖြူအထူးစီးပွားရေးဇုန် ဖွံ့ဖြိုးတိုးတက်မှုနှင့်ဆက်နွယ်မှုမရှိသည့် အခြေအနေများတွင် ကျောက်ဖြူ-ကူမင်း သဘာဝဓာတ်ငွေ့ပိုက်လိုင်းနှင့် ရေနံစိမ်းပိုက်လိုင်းဆက်သွယ်မှု ပြီးစီးခြင်း၊ ကျောက်ဖြူဒေသ မဒေးကျွန်းတွင် တန်ချိန် သုံးသိန်းဆိုက်ကပ်ဝင်ထွက်နိုင်သည့် Oil Tanker Port ရေနံတင်ဆိပ်ကမ်းတစ်ခုရှိနေသည့်အတွက် ဇုန်နှင့်ပတ်သက်ပြီး ရင်းနှီးတည်ဆောက်ရန် စိတ်ဝင်စားသူများရှိနေသည်ဟု သိရသည်။

ယင်းအထူးစီးပွားရေးဇုန် ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ အလုပ်အကိုင်အခွင့်အလမ်းများပေါ်များလာမည်ဖြစ်ပြီး ၎င်းစီမံကိန်းသည် သဘာဝပတ်ဝန်းကျင်ထိခိုက်မှု အနည်းဆုံးဖြစ်အောင် ဆောင်ရွက်သွားမည်ဖြစ်သောကြောင့် ဒေသခံများ၏ လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။

(သော်ဇက်)

ပုစွန်တောင်၌ ဆင်ခြေထောက်ရောဂါကာကွယ်ဆေး တိုက်ကျွေး

ပုစွန်တောင်   စက်တင်ဘာ ၁၁

ရန်ကုန်တိုင်းဒေသကြီး ပုဇွန်တောင်မြို့နယ်လုံးကျွတ် ဆင်ခြေထောက်ရောဂါကာကွယ်ဆေးတိုက်ကျွေးခြင်းကို စက်တင်ဘာ ၉ ရက် ညနေ ၆ နာရီကရပ်ကွက်အသီးသီး၌ ဆေးတိုက်အဖွဲ့ငယ်များဖြင့် အိမ်တိုင်ရာရောက် တိုက်ကျွေးရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဇေယျ၊ အမျိုးသမီးရေးရာအဖွဲ့နှင့် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်လှလှဌေး၊ ဆရာဝန်ကြီး ဒေါက်တာဒေါ်ယဉ်မြင့်တို့က ကြီးကြပ်ကြည့်ရှုအားပေးကြကြောင်း သိရသည်။

(မြို့နယ်ထွေ/အုပ်)

ဆင်ဆာ့လမ်းပေါ်ရှိ သံကူကွန်ကရစ်တံတား ၉၀ ရာခိုင်နှုန်းပြီးစီး

မြစ်ကြီးနား စက်တင်ဘာ ၁၁

ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ်အတွင်း မြို့အင်္ဂါရပ်နှင့်ညီညွတ်စေရေး၊ မြို့ပြဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကိုပြည်နယ်အစိုးရအဖွဲ့၏ လမ်းညွှန်မှုဖြင့် သက်ဆိုင်ရာဌာနများက အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိရာ သီတာရပ်ကွက်နှင့် စီတာပူရပ်ကွက်တို့ကို ဆက်သွယ်ထားသော ရပ်ကွက်ချင်းဆက် ဆင်ဆာ့လမ်းပေါ်ရှိ သံကူကွန်ကရစ်တံတားမှာ ၉၀ ရာခိုင်နှုန်းဆောက်လုပ်ပြီးစီးလျက်ရှိကြောင်း သိရသည်။

အဆိုပါတံတားကို မြို့နယ်ဆောက်လုပ်ရေးရုံးမှ လက်ထောက်အင်ဂျင်နီယာ (မြို့ပြ) ဦးခင်စိုးက တာဝန်ယူ၍ အငယ်တန်းအင်ဂျင်နီယာများဖြစ်ကြသည့် ဒေါ်ဆွေလင်းသန့်၊ ဒေါ်ခင်ချိုဦးတို့ဦးဆောင်ကာ အကျယ် ၂၂ ပေ၊ အရှည် ပေ ၅၀၊ ယာဉ်တစ်စီးချင်း တန် ၆၀ ခန့် နှစ်လမ်းသွားသံကူကွန်ကရစ်တံတားအဖြစ် ခွင့်ပြုရန်ပုံငွေ ၇၃၅ သိန်းကျော် အကုန်အကျခံကာ တည်ဆောက်ခြင်းဖြစ်သည်။

ယခင်က ယခုဆောက်လုပ်သည့် တံတားနေရာတွင် လူလျှောက်နိုင်ရုံသာ သစ်သားတံတားဖြင့် သွားလာနေခဲ့ရာမှ တံတားကြီးပြီးစီးသွားပါက ကျောင်းသား ကျောင်းသူများ၊ ရဟန်းရှင်လူပြည်သူများ ယခင်ကထက် အဆင်ပြေချောမွေ့လွယ်ကူလျင်မြန်စွာ သွားလာနိုင်တော့မည်ဖြစ်ကြောင်း တံတားဆောက်လုပ်ရေးတာဝန်ခံ အင်ဂျင်နီယာက ပြောကြားသည်။

မိုယ်းကျ(မြစ်ကြီးနား)

အထက(၁) ပန်းဘဲတန်း (၁၉၉၀-၂၀၁၂)ပညာသင်နှစ် ကျောင်းသူဟောင်းများ၏ ပထမအကြိမ် မြတ်ဆရာပူဇော်ပွဲနှင့် ကျောင်းသူဟောင်းများ မိတ်ဆုံစားပွဲနှိုးဆော်လွှာ

အထက(၁)ပန်းဘဲတန်းကျောင်းတွင် ၁၉၉၀-၂၀၁၂ခုနှစ်အတွင်းတွင် ပညာသင်ကြားပေးခဲ့ကြသော လုပ်သက် ၁၀ နှစ်နှင့်အထက်ရှိ ဆရာမများ အား ပူဇော်ကန်တော့ပွဲကျင်းပမည်ဖြစ်ပါသဖြင့် ကျောင်းသူဟောင်းများအနေဖြင့် အာစရိယပူဇော်ပွဲ အချိန်မီဖြစ်မြောက်နိုင်ရေးအတွက် တတ် နိုင်သည့်ဘက်မှ ပါဝင်ဆောင်ရွက်ပေးကြပါရန်နှင့် အမှုဆောင်အဖွဲ့တွင် မပါဝင်သေးသည့် စာသင်နှစ်မှ ကျောင်းသူဟောင်းများလည်း ဆက်သွယ် ပေးကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

မှတ်ချက်။ ။ကန်တော့ခံဆရာမများနှင့်ကျောင်းသူများအားလုံး ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ပွဲသို့ တက်ရောက်ကြပါရန် လေးစား စွာ ကြိုတင်ဖိတ်ကြားအပ်ပါသည်။

ကျင်းပမည့်ခန့်မှန်းနေ့စွဲ။ ။ ၁၅-၁၂-၂၀၁၃ ရက် (တနင်္ဂနွေနေ့)

အောက်ပါအမှုဆောင်အဖွဲ့ဝင်များထံ ဆက်သွယ်၍ လှူဒါန်းနိုင်ပါသည်။

မော်မော်ထွန်း	၁၉၉၀	ဖုန်း-၀၉-၈၆၃၀၅၅၇	အေးသီတာမွန်	၂၀၀၁	ဖုန်း-၀၉-၇၃၀၄၅၉၈၃
နန်းပုလဲဖေ	၁၉၉၃	ဖုန်း-၀၉-၅၂၀၃၂၆၈	ခင်မျိုးသော်	၂၀၀၁	ဖုန်း-၀၉-၅၆၇၀၃၉၆
သူသူခိုင်	၁၉၉၇	ဖုန်း-၀၉-၄၂၁၁၀၄၂၂၅	နှင်းအေးခိုင်	၂၀၀၂	ဖုန်း-၀၉-၄၃၁၂၄၀၃၇
ဝါဝါအောင်	၁၉၉၃	ဖုန်း-၀၉-၅၀၅၃၂၄၇	ဟေမာန်ဝင်းချို (ဂျူးဂျူး)	၂၀၀၃	ဖုန်း-၀၉၅၁၁၃၄၆၆
မိုးသက်သက်ဆွေ	၂၀၀၀	ဖုန်း-၀၉-၄၃၀၈၅၂၉၉	မေသီရိလွင်	၂၀၀၃	ဖုန်း-၀၉-၅၁၀၄၅၄၉
ခိုင်ဇာဝေ	၂၀၀၀	ဖုန်း-၀၉-၅၅၀၆၂၅၀	အေးခိုင်စိုး	၂၀၀၅	ဖုန်း-၀၉-၅၁၈၇၄၃၆

စက်မှုဝန်ကြီးဌာန
အထည်အလိပ်လုပ်ငန်း
အိတ်ဖွင့်အဆိုပြုလွှာခေါ်ယူပြီး ငှားရမ်းခြင်းဆောင်ရွက်မည့် စက်ရုံခွဲများ၏ တင်ဒါပိတ်ရက်ပြင်ဆင်ခြင်း

၁။ အထည်အလိပ်လုပ်ငန်းလက်အောက်ရှိ စက်ရုံခွဲများအား ပုဂ္ဂလိကသို့ ငှားရမ်းခြင်းလုပ်ငန်း ဆောင်ရွက်ရန် ၁၃-၈-၂၀၁၃ ရက်မှ ၁၉-၈-၂၀၁၃ ရက်အထိ နေ့စဉ်ထုတ် မြန်မာ့အလင်းနှင့် ကြေးမုံသတင်းစာတို့တွင် အိတ်ဖွင့်တင်ဒါ ခေါ်ယူခဲ့ပါသည်။

၂။ အောက်ဖော်ပြပါ စက်ရုံခွဲများအား ပုဂ္ဂလိကသို့ ငှားရမ်းခြင်းလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်ရန်အတွက် တင်ဒါပိတ်သိမ်းမည့်ရက်များအား ယှဉ်တွဲဖော်ပြပါအတိုင်း ပြင်ဆင်သတ်မှတ်ကြောင်း ကြေညာအပ်ပါသည်။

စဉ်	စက်ရုံခွဲ	ယခင်တင်ဒါပိတ်သိမ်းမည့်ရက်	ပြင်ဆင်သည့်တင်ဒါပိတ်ရက်
(က)	အမှတ်(၆) အထည်စက်ရုံခွဲ(မုံရွာ)	၁၂-၉-၂၀၁၃	၂၃-၉-၂၀၁၃
(ခ)	အမှတ်(၇) အထည်စက်ရုံခွဲ (ဝမ်းတွင်း)	၁၂-၉-၂၀၁၃	၂၃-၉-၂၀၁၃
(ဂ)	အမှတ် (၈) အထည်စက်ရုံခွဲ (ရမည်းသင်း)	၁၂-၉-၂၀၁၃	၂၃-၉-၂၀၁၃

၃။ လုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့်နှင့် လျင်မြန်ထိရောက်စွာ ဆောင်ရွက်နိုင်ရေးအတွက် ထပ်မံဖြည့်စွက်ထားသော တင်ဒါစည်းကမ်းချက်များနှင့်အညီ အိတ်ဖွင့်တင်ဒါပေးသွင်းနိုင်ရန် အောက်ဖော်ပြပါ လိပ်စာသို့ ဆက်သွယ်စုံစမ်းနိုင်ပါကြောင်း ကြော်ငြာအပ်ပါသည်။

ဆက်သွယ်ရမည့်လိပ်စာ - **ညွှန်ကြားရေးမှူး၊ ပစ္စည်းစီမံရေးဌာန၊ အထည်အလိပ်လုပ်ငန်း**

အပြည့်အစုံ **ရုံးအမှတ်(၃၇)၊ စက်မှုဝန်ကြီးဌာန၊ နေပြည်တော်**

ဖုန်း - ၀၆၇-၄၀၈၁၅၆/၄၀၈၃၃၈/၄၀၈၁၈၅

ငယ်စဉ်ကတည်းက အနုပညာဝါသနာထုံသူ အကယ်ဒမီမင်းသမီးကြီးသီသီ

၁၉၅၀ နှင့် ၁၉၆၀ ပြည့်နှစ်ကာလများက မြန်မာ့ရုပ်ရှင်လောက၏ ထင်ရှားသောသရုပ်ဆောင်များအနက် ထင်ရှားခဲ့သူတစ်ဦးမှာ အကယ်ဒမီရုပ်ရှင်မင်းသမီး သီသီဖြစ်ပါသည်။ မင်းသမီးကြီး ဒေါ်သီသီကို ၁၉၃၄ ခုနှစ်တွင် သဲကုန်းမြို့၌ မွေးဖွားခဲ့သည်။ အစိုးရဝန်ထမ်းဖြစ်သူ ဖခင် ရန်ကုန်သို့ပြောင်းရွှေ့ရာမှ ရန်ကုန်သို့ရောက်ရှိခဲ့သည်။ ငယ်စဉ်ကပင် အနုပညာဝါသနာထုံခဲ့သူ မင်းသမီး သီသီအဖို့ ဗိုလ်ချုပ်ဈေးတွင် ဆိုင်ဖွင့်၍ စီးပွားရေးလုပ်ငန်းလုပ်ကိုင်ခဲ့ရာမှ ဈေးလာဝယ်သည့် ရုပ်ရှင်မင်းသား ခင်မောင်နှင့် ခင်မင်မိပြီး ဒေါ်သီသီအတွက် ရုပ်ရှင်လောကသို့ ရောက်ရှိရန် အကြောင်းဖန်လာခဲ့သည်။

ရုပ်ရှင်မင်းသမီး သီသီသည် ၁၉၅၂ ခုနှစ်တွင် ဒါရိုက်တာ ဝင်းဖေ၊ ဝတ္ထု ဇာတ်ညွှန်း သမာဓိရှင်လုံး၏ 'စွန့်ဝံ့သူ' ရုပ်ရှင်ဇာတ်ကားတွင် မင်းသား ခင်မောင်နှင့်အတူ မင်းသမီးအဖြစ် ပထမဆုံးပါဝင်သရုပ်ဆောင်ခွင့် ရရှိခဲ့သည်။ ထိုဇာတ်ကားတွင် ခေါင်းဆောင်မင်းသမီးအဖြစ် ပါဝင်ခွင့် ရရှိခဲ့သူ သီသီမှာ ထိုအချိန်က အသက်(၁၈)နှစ်အရွယ်သာ ရှိသေးသော်လည်း ယင်းဇာတ်ကားတွင် စိတ္တဇဝေဒနာရှင်တစ်ဦးအဖြစ် ခက်ခက်ခဲခဲပီပြင်စွာသရုပ်ဆောင်ခဲ့ရသည်။

ထို့နောက် တက္ကသိုလ်ဝင်းဖေ၏ 'နှင်းဝေဝေ'အသံတိတ်ဇာတ်ကားနှင့် 'ချစ်သွေးသောက်'ဇာတ်ကားတို့တွင် ဆက်လက်ပါဝင်ခွင့်ရရှိလာခဲ့သည်။ ထို့နောက် ၁၉၅၆ ခုနှစ်တွင် မင်းသမီး သီသီအတွက် ပထမဆုံးသော အသံထွက်ဇာတ်ကားဖြစ်သည့် ဝတစ်လုံးရုပ်ရှင်ကုမ္ပဏီမှ ဒါရိုက်တာ ဦးဘသင်း၏ 'မေချစ်တဲ့မောင်'ဇာတ်ကားတွင် ပါဝင်သရုပ်ဆောင်ခဲ့သည်။ ယင်းနောက် 'မိချစ်ဘချစ်' ဇာတ်ကားတို့တွင်လည်း ဆက်တိုက်ဆိုသလို သရုပ်ဆောင်ခဲ့သည်။

ထို့ပြင် မင်းသမီးကြီး သီသီသည် ရွှေမန်းရုပ်ရှင်၏ ပွဲဦးထွက်ဇာတ်ကားအဖြစ် ဒါရိုက်တာ ရွှေဒုံးဘီအောင် ရိုက်ကူးခဲ့သည့်'အတွေ့'ဇာတ်ကားတွင် မင်းသားမောင်သင်၊ ဦးကျော်လုံး တို့နှင့် တွဲဖက်ရိုက်ကူးခဲ့ပြီး ယင်းဇာတ်ကားဖြင့် ၁၉၆၂ ခုနှစ် အတွက် အကောင်းဆုံးအမျိုးသမီးဇာတ်ဆောင်ဆုကို မင်းသမီး သီသီကလည်းကောင်း၊ အကောင်းဆုံး အမျိုးသားဇာတ်ပို့ဆုကို သရုပ်ဆောင် ဦးကျော်လုံးကလည်းကောင်း ဇာတ်ကားတစ်ကားတည်းဖြင့် အကယ်ဒမီနှစ်ဆု ရရှိ ဆွတ်ခူးနိုင်ခဲ့သည်။

အကယ်ဒမီဆုရ ထိပ်တန်းမင်းသမီးတစ်ဦးဖြစ်လာခဲ့သည့် သီသီသည် ၁၉၆၃ ခုနှစ်တွင် ဆရာ ဗိုလ်ဗကို ဒါရိုက်တာအဖြစ်ဖန်တီးခဲ့သည့် နယ်ချဲ့တရုတ်ဖြူချေမှုန်းသည့် မော်ကွန်းတင်စစ်ကားဖြစ်သော သူရချစ်ညို မြင်ကွင်းကျယ် စီနီမာ စကုတ်ဇာတ်ကားတွင် လည်းကောင်း၊ ၁၉၆၅ ခုတွင် ဗိုလ်ဗကိုကိုယ်တိုင် သရုပ်ဆောင်ဒါရိုက်တာအဖြစ် ပါဝင်ထားပြီး ဇော်လွင်၊ နော်စိန်စိန် ဦး၊ ဘကွန်း၊ ကျော်လီဆွေ၊

ချိုချိုမြင့်၊ ဘေဘီနွဲ့ တို့နှင့်တွဲဖက်ပါဝင်ထားသည့် ငါးပွင့်တစ်ခိုင်ဇာတ်ကားတို့တွင်လည်းကောင်း ပါဝင်ရိုက်ကူးပြီး ယင်းဇာတ်ကားများကို ရွှေဂုန်၊ တပင်ရွှေထီး၊ သီတာ၊ မရိုးဆန်းရုံတို့တွင် ပြသခဲ့သည်။ ထို့ပြင် ရွှေတောင်မော် တိုက်ပွဲဇာတ်ကားတွင် မင်းသမီး သီသီက ဇော်လွင်၊ ဘကွန်း၊ သာဆန်းတို့နှင့် တွဲဖက်သရုပ်ဆောင်ထားပြီး ယင်းဇာတ်ကားကို လိုက်ဟောက်(စ်)၊ ရွှေမန်း၊ သီတာရုံတို့တွင် တင်ဆက်ပြသခဲ့ရာ ပရိသတ်များ အထူးအားပေးခဲ့ကြသည်။

ထို့အပြင် မင်းသမီးကြီးသီသီသည် ထိုအချိန်က ထိပ်တန်းမင်းသား၊ မင်းသမီးများဖြစ်ကြသည့် ထွန်းဝေ၊ မောင်သင်၊ မြင့်မြင့်ခင်တို့နှင့် တွဲဖက်ကာ ဒါရိုက်တာ ရွှေဘော်ရိုက်ကူးသည့် မေတ္တာရေလှိုင်းဇာတ်ကားတွင် ပါဝင်ခဲ့ပြန်သည်။

မြန်မာ့ရုပ်ရှင်လောက၏ ထိပ်တန်းမင်းသမီးတစ်ဦးဖြစ်သည့် အကယ်ဒမီမင်းသမီး သီသီသည် ၁၉၈၂ ခုနှစ်တွင် ၎င်း၏ကိုယ်ပိုင် သီတာဦးရုပ်ရှင်ကုမ္ပဏီမှ ထုတ်လုပ်ပြီး ဒါရိုက်တာ ထွန်းဝင်းရိုက်ကူးသည့် 'ဘဝကိုစိန်ခေါ်ကြသူ' ဇာတ်ကားတွင် ပါဝင်သရုပ်ဆောင်ခဲ့ပြီးနောက် ရုပ်ရှင်လောကမှ အနားယူခဲ့သည်။ မြန်မာ့ရုပ်ရှင်လောက၏ ကြယ်တစ်ပွင့်ဖြစ်သူ အကယ်ဒမီမင်းသမီး သီသီ၏ ဆယ်စုနှစ်တစ်ခုခန့်အကြာ ရုပ်ရှင်သက်တမ်းအတွင်း ရိုက်ကူးခဲ့သည့် ရုပ်ရှင်ကားအရေအတွက်မှာ များပြားခြင်းမရှိခဲ့သော်လည်း ရုပ်ရှင်လောကတွင် မှတ်တိုင်တစ်ခုစိုက်ထူနိုင်ခဲ့သူဖြစ်သည်။

အနုပညာဝါသနာထုံသူ ဂန္တဝင်ရုပ်ရှင်မင်းသမီးကြီး သီသီ၏ အနုပညာသက်တမ်းနှင့် အနုပညာလှုပ်ရှားမှုများမှာ နည်းပါးသဖြင့် ယနေ့ခေတ်လူငယ်များအတွက် လက်လှမ်းမမီ ဖြစ်ခဲ့ရသော်လည်း သူ၏ အနုပညာအမွေအနှစ်များသည် ယနေ့ထက်တိုင် ရှင်သန်နေဆဲဖြစ်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

မေစန္ဒာ - ရေးသားသည်

ဖြိုးစန္ဒာမြင့်

ဂျပန်ဖက်ရှင်ကုမ္ပဏီ၏ မျက်နှာသစ်မော်လ်ဒယ်များဖြစ်လာမည့် Girls' Generation အဖွဲ့

ဂျပန်နိုင်ငံ၏ နာမည်ကျော်လက်ကိုင်အိတ်ကုမ္ပဏီတစ်ခုဖြစ်သည့် Samantha Thavasa မှ အသစ်ထုတ်လုပ်မည့် ဂျင်းအဝတ်အစားနှင့်အသုံးအဆောင်ပစ္စည်းများ၏ မျက်နှာသစ်မော်လ်ဒယ်များအဖြစ် တောင်ကိုရီးယားကြယ်ပွင့်များဖြစ်သည့် Girls' Generation အဖွဲ့အား ရွေးချယ်ထားကြောင်း သိရသည်။

တောင်ကိုရီးယားနိုင်ငံ၏ ထိပ်တန်းဂီတအဖွဲ့တစ်ဖွဲ့ဖြစ်သလို အဖွဲ့ဝင်တိုင်း၏ ဆွဲဆောင်မှုရှိသည့်အလှတရားများက အဆိုပါ ကုန်ပစ္စည်းအမှတ်တံဆိပ်အား လူများပိုမိုစိတ်ဝင်စားစေရန်အတွက် ယင်းအဖွဲ့ကို မျက်နှာသစ်မော်လ်ဒယ်များအဖြစ် ရွေးချယ်ရခြင်းဖြစ်ကြောင်း သိရသည်။

"Girls' Generation အဖွဲ့ရဲ့ ဂီတဖန်တီးမှုနဲ့ ဖက်ရှင်ပိုင်းဆိုင်ရာတွေဟာ လူတွေကို အလွန်ဆွဲဆောင်မှုရှိစေပါတယ်။ ဒီအဖွဲ့ကို မျက်နှာသစ်မော်လ်ဒယ်များအဖြစ် ရွေးချယ်ဝတ်ဆင်စေခြင်းဖြင့် ကုန်ပစ္စည်းအပေါ်လည်း လူအများစိတ်ဝင်စားစေနိုင်မည်ဖြစ်ကြောင်း Samantha Thavasa မှ တာဝန်ရှိသူတစ်ဦးက ဆိုသည်။

ထို့ပြင် Girls' Generation အဖွဲ့၏ ဂီတလှုပ်ရှားမှုများအနေဖြင့် နိုဝင်ဘာ ၉ ရက်တွင် ဟောင်ကောင်ရှိ Chek Lap Kok ကျွန်း၌ ကျင်းပမည့် AsiaWorld ကုန်စည်ပြပွဲ၌ ပါဝင်ဖျော်ဖြေမည်ဖြစ်ပြီး ဆက်လက်၍ အင်ဒိုနီးရှားနှင့် စင်ကာပူနိုင်ငံတို့တွင်လည်း ဖျော်ဖြေသွားမည်ဖြစ်ကြောင်း သိရသည်။

အာဂျင်တီးနားအသင်း ကမ္ဘာ့ဖလားချန်ပီယံဖြစ်လာရန် မက်ဆီမျှော်လင့်နေ

အာဂျင်တီးနားကြယ်ပွင့် လီယွန်နယ်မက်ဆီသည် လာမည့် ၂၀၁၄ ခုနှစ်တွင် ဘရာဇီးနိုင်ငံ၌ ကျင်းပမည့် ဖီဖာ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် အာဂျင်တီးနားအသင်း ကမ္ဘာ့ဖလားချန်ပီယံဖြစ်လာရန် မျှော်လင့်ထားကြောင်း သိရသည်။

အာဂျင်တီးနား အသင်းသည် ၁၉၇၈ ခုနှစ်က ကမ္ဘာ့ဖလားချန်ပီယံအဖြစ် ရပ်တည်နိုင်ခဲ့ပြီး နည်းပြဆက်ဘယ်လာအနေဖြင့် အာဂျင်တီးနားအသင်း၏ ကမ္ဘာ့မျှော်လင့်ချက်သည်လည်း တိုက်စစ်မှူးလီယွန်နယ်မက်ဆီအပေါ်တွင် တည်မှီနေသည်ဟု ဆိုသည်။

အာဂျင်တီးနားအသင်းတွင် ဟီဂူအင်၊ အဂူရို၊ လာဗက်ဇီ၊ ဒီမာရီယာ စသည့် ကစားသမားကောင်းများလည်းရှိနေခြင်းကြောင့်သာ ကမ္ဘာ့ဖလားချန်ပီယံဘွဲ့ကို အာဂျင်တီးနားအသင်းရယူရန် မျှော်လင့်ထားခြင်းဖြစ်ကြောင်းလည်း တိုက်စစ်မှူးမက်ဆီက ဆိုသည်။

လက်ရှိတွင် အာဂျင်တီးနားအသင်းသည် ကမ္ဘာ့ဖလားခြေစစ်ပွဲစဉ် ၁၄ ပွဲကစားအပြီးတွင် ရှစ်ပွဲနိုင်၊ ငါးပွဲသရေ၊ တစ်ပွဲရှုံးရလဒ်ဖြင့် ရမှတ် ၂၉ မှတ်ရရှိကာ ကိုလံဘီယာအသင်း၏ အထက်တွင် သုံးမှတ်အကွာဖြင့် အုပ်စုကို ဦးဆောင်လျက်ရှိသည်။

ဦးခေါင်းဒဏ်ရာရရှိခဲ့သည့်တိုက်စစ်မှူးရွှန်းနီ မန်ချက်စတာဒါဘီတွင် ပါဝင်နိုင်ရန် ပစ်မှတ်ထားနေ

အင်္ဂလန်အသင်းနှင့် မန်ယူအသင်းတို့၏ အားထားရသော တိုက်စစ်မှူးရွှန်းနီသည် လေ့ကျင့်ရေးကွင်းတွင် ဦးခေါင်းဒဏ်ရာရရှိခဲ့ခြင်းကြောင့် မန်ယူအသင်းက လီဗာပူးအသင်းကို တစ်ဂိုး- ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သော ပွဲစဉ်နှင့် လွဲခဲ့ရပြီး လက်ရှိတွင်မူ စက်တင်ဘာ ၂၂ ရက်တွင် မြို့ခံပြိုင်ဘက် မန်စီးတီးအသင်းနှင့် ယှဉ်ပြိုင်ကစားမည့် မန်ချက်စတာဒါဘီပွဲစဉ်တွင် ပါဝင်လာနိုင်ရန် ပစ်မှတ်ထားလျက်ရှိကြောင်း သိရသည်။

မန်ယူတိုက်စစ်မှူးရွှန်းနီသည် ဦးခေါင်းဒဏ်ရာရရှိခဲ့ခြင်းကြောင့် အင်္ဂလန်အသင်း၏ ကမ္ဘာ့ဖလားခြေစစ်ပွဲစဉ်များ ဖြစ်သည့် မော်ဒိုဗာ၊ ယူကရိန်း စသည့် အသင်းများနှင့် ယှဉ်ပြိုင်ခဲ့သည့် ပွဲစဉ်များနှင့် လွဲချော်ခဲ့ရပြီး ရွှန်းနီ၏ ဦးခေါင်းဒဏ်ရာသည် ရက်သတ္တသုံးပတ်ကြာ အနားယူရလိမ့်မည်ဖြစ်ကြောင်း မန်ယူအသင်းနည်းပြ ဒေးဗစ်မိုယက်က အစောပိုင်းတွင် ထုတ်ဖော်ပြောကြားခဲ့သည်။

ယခုသီတင်းပတ်အကုန်တွင် အပေါ့စားလေ့ကျင့်မှုများ ပြန်လည်စတင်ပြုလုပ်ရန် ရည်ရွယ်ထားပြီး စက်တင်ဘာ ၂၂ ရက်တွင် မန်စီးတီးအသင်း၏ အိမ်ကွင်းအီတီဟက်ဒ်၌ ယှဉ်ပြိုင်ရမည့် မန်ယူအသင်း၏ ပရီမီယာလိဂ်ပွဲစဉ်တွင် ပါဝင်လာရန် မျှော်လင့်ထားကြောင်း တိုက်စစ်မှူး ရွှန်းနီက ပြောကြားခဲ့သည်။

မန်ယူအသင်းမန်နေဂျာဒေးဗစ်မိုယက်အနေဖြင့်လည်း မန်စီးတီးအသင်းနှင့် ပွဲစဉ်တွင် တိုက်စစ်မှူးရွှန်းနီကို ထည့်သွင်းအသုံးပြုနိုင်ရန်လည်း မျှော်လင့်ထားကြောင်း သိရသည်။

သို့ရာတွင် စက်တင်ဘာ ၁၄ ရက်တွင် ခရစ္စတယ်ပဲလေ့စ်အသင်းနှင့် ယှဉ်ပြိုင်ကစားမည့် ပရီမီယာလိဂ်ပွဲစဉ်နှင့် စက်တင်ဘာ ၁၈ ရက်တွင် ဂျာမန်ဘွန်ဒက်လီဂါကလပ် လေဗာကူဆင်အသင်းနှင့် ယှဉ်ပြိုင်ရမည့် ချန်ပီယံလိဂ်အဖွင့်ပွဲစဉ်တို့တွင်မူ ပါဝင်လာရန် အခွင့်အလမ်းရရှိလိမ့်မည် မဟုတ်ကြောင်း သိရသည်။

ငွေကြယ်

ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ဂျူလီယိုဆီဇာကို ဂိုးသမားအဖြစ် ရွေးချယ်မည်

ဘရာဇီးနိုင်ငံ၌ ကျင်းပမည့် ၂၀၁၄ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် အသုံးပြုမည့် ဂိုးသမားသုံးဦးအနက် ဂိုးသမားဂျူလီယိုဆီဇာကို တစ်ဦးအပါအဝင်အဖြစ် ထည့်သွင်းအသုံးပြုသွားမည်ဖြစ်ကြောင်း ဘရာဇီးအသင်းနည်းပြ ဖီးလစ်ပီ စကိုလာရီက လူသိရှင်ကြားပြောကြားခဲ့သည်။

ထို့အပြင် ဘရာဇီးအသင်းသည် ကမ္ဘာ့ဖလားပြိုင်ပွဲမတိုင်မီ ချစ်ကြည်ရေးခြေစမ်းပွဲများနှင့် လေ့ကျင့်ရေးပိုင်းများ အများအပြားပြုလုပ်ထားပြီဖြစ်သည့်အပြင် ဂိုးသမားဂျူလီယိုဆီဇာအား ကလပ်အသင်းအဆင့်တွင် မကစားနိုင်ခဲ့လျှင်သော်မှ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ထည့်သွင်းအသုံးပြုသွားရန် အသင့်ရှိနေကြောင်း နည်းပြဖီးလစ်ပီ စကိုလာရီက ဂျူလီယိုဆီဇာအား အာမခံချက်ပေးခဲ့ပြီးဖြစ်သည်။

အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

နေပြည်တော်ကောင်စီနယ်မြေ၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ဥတ္တရခရိုင် အင်ဂျင်နီယာမှူးရုံးမှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုရန်ပုံငွေဖြင့် ဆောင်ရွက်သော လမ်း/တံတားလုပ်ငန်းများအတွက်လိုအပ်သည့် အောက်ဖော်ပြပါ လမ်းခင်းပစ္စည်းများကို လမ်းအလိုက်(မြန်မာကျပ်ငွေဖြင့်) ဝယ်ယူလိုပါသဖြင့် ပစ္စည်းပေးသွင်းသူများ တင်ဒါပေးသွင်းနိုင်ပါကြောင်းကြော်ငြာအပ်ပါသည်။

စဉ်	ကျောက်အမျိုးအစား	အရေအတွက်
၁။	ခွဲကျောက်မျိုးစုံ	၃၂၁ ကျင်း

တင်ဒါပုံစံတင်ရောင်းချမည့်ရက် - ၁၁-၉-၂၀၁၃ရက် နံနက် ၉း၃၀ နာရီ
တင်ဒါပိတ်မည့်ရက်/အချိန် - ၂၅-၉-၂၀၁၃ရက် ညနေ ၁၆း၀၀ နာရီ
တင်ဒါဖွင့်မည့်ရက်/အချိန် - ၂၇-၉-၂၀၁၃ ရက် နံနက် ၁၀း၀၀ နာရီ

တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို နေပြည်တော်ကောင်စီနယ်မြေ၊ ပြည်သူ့ ဆောက်လုပ်ရေးလုပ်ငန်း ဥတ္တရခရိုင်၊ အင်ဂျင်နီယာမှူးရုံး၊ပျဉ်းမနားမြို့၊ ဖုန်း ၀၆၇-၂၁၁၅၄ တွင် ၁၁-၉-၂၀၁၃ ရက်မှစ၍ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းဝယ်ယူနိုင်ပါသည်။

ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်(ဘားလားကျေးရွာ)(ယခုငွေနံ့သာစံပြကျေးရွာ)ရှိ ရန်ကုန်တိုင်းစစ်ဌာနချုပ် ကုန်းမြင့်သာ၊ မရမ်းကုန်းမြို့နယ်မှ ၁၉၉၆ ခုနှစ်၊ အောက်တိုဘာ ၇ ရက် ရက်စွဲဖြင့် ချပေးထားသော ကွင်းအမှတ် ၄၉၅-အေရှိ မြေကွက်အမှတ် ၉၈၂ ဟုခေါ်တွင်သော မြေကွက်အား ဦးစိုးလှိုင်(ဘ)ဦးတင်စိန် (အေအေ/၀၄၃၂၅၃) ကိုင်ဆောင်သူအမည်ဖြင့် ချပေးထားသော မြေချပါမစ်သည် အကျယ်အဝန်းအားဖြင့် (အလျားပေ ၁၀၀×အနံ ပေ ၁၂၀)ရှိပြီး အဆိုပါမြေကွက်အား ဦးစိုးလှိုင်မှတစ်ဆင့် ဦးဝင်းအောင် [၁၂/မဂဒ(နိုင်)၀၄၃၀၅၆]က ဝယ်ယူမည်ဖြစ်ပါသဖြင့် အဆိုပါမြေကွက်နှင့် ပတ်သက်၍ ကန့်ကွက်လိုသူများသည် ဤကြော်ငြာပါသည့် ရက်မှ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားစာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်တော့်ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးမြောက်အောင် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးဝင်းအောင်[၁၂/မဂဒ(နိုင်)၀၄၃၀၅၆]၊ ဖုန်း-၀၉-၅၁၆၅၆၀၃

တက္ကသိုလ်ပညာသင်ဆု လျှောက်ထားရန်ကြေညာချက်

၁။ ၂၀၁၂-၂၀၁၃ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ပြီး အောက်ပါ တက္ကသိုလ်များသို့ တက်ရောက်သင်ကြားခွင့်ရရှိသူ တပ်မတော်တွင် တာဝန်ထမ်းဆောင်ဆဲ စစ်မှုထမ်းများ၏သား/သမီးများ၊ အရပ်သားဝန်ထမ်းများ၏ သား/သမီးများနှင့် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၏ သား/သမီးများအား တက္ကသိုလ်ပညာသင်ဆု ချီးမြှင့်မည်ဖြစ်ပါသည်-

(က) ဆေးတက္ကသိုလ်များ
(ခ) သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်များ
(ဂ) နည်းပညာတက္ကသိုလ်များ (Centre of Excellence-COE)
(ဃ) အဆင့်မြင့်ကွန်ပျူတာတက္ကသိုလ်များ(Centre of Excellence-COE)
(င) နည်းပညာတက္ကသိုလ်(ရတနာပုံဆိုက်ဘာစီးတီး)
(စ) စီးပွားရေးတက္ကသိုလ်များ
(ဆ) ပညာရေးတက္ကသိုလ်များ
(ဇ) ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်
(ဈ) မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်၊ ရေဆင်း

၂။ လျှောက်ထားလိုသူများသည် တိုင်းစစ်ဌာနချုပ်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့များ၊ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့များသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

စစ်ရေးချုပ်ရုံး

ရေစကြိုတွင် သနပ်ခါးပင်ခိုးသူအား ဖော်ထုတ်ဖမ်းဆီး

ရေစကြို စက်တင်ဘာ ၁၁

ရေစကြိုမြို့နယ် မြေဖြူကျောင်းရွာနေ ကိုမျိုးလွင်၏ သနပ်ခါးခြံမှ သနပ်ခါးအပင် ၅၇ ပင် ကာလတန်ကြေးနှစ်သိန်းခွဲခန့် အခိုးခံရမှု ဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ကိုမျိုးလွင်က မိမိခြံမှ သနပ်ခါးပင်များ ဩဂုတ် ၇ ရက်က ၂၇ ပင်နှင့် ၁၆ ရက်က အပင် ၃၀ စုစုပေါင်း ၅၇ ပင် အခိုးခံရသဖြင့် ဩဂုတ် ၁၈ ရက်တွင် ရေစကြိုရဲစခန်းသို့ သတင်းပို့တိုင်ကြားခဲ့သည်။ ထို့နောက် ရေစကြိုရဲစခန်းမှ ဒုရဲအုပ်ကိုကိုလင်းနှင့် ရဲတပ်ဖွဲ့ဝင်များက အခင်းဖြစ်ရာခြံသို့ သွားရောက်ပြီး ခြံအတွင်း၌ ကျန်ခဲ့သည့် ခြေရာခံ၍လိုက်ရာ သနပ်ခါးပင်ခိုးသူများမှာ ၎င်းအခင်းဖြစ်ခြံနှင့် တစ်ဖာလုံခန့်အကွာ မပေါသီ ဦးမြင့်သိန်း၏ သနပ်ခါးခြံစောင့် မြင့်နိုင်နှင့် ဝင်းနိုင်တို့ပူးပေါင်းကာ ခိုးယူခြင်းဖြစ်ကြောင်း ဝန်ခံထွက်ဆိုသည့်အပြင် ပခုက္ကူသို့ သွားရောက်ရောင်းချသော သနပ်ခါး ၅၂ ပင်ကိုလည်း သက်သေခံပစ္စည်းအဖြစ် ပြန်လည်သိမ်းဆည်းရရှိခဲ့သည်။

ယင်းအမှုနှင့် ပတ်သက်၍ ရေစကြိုရဲစခန်းက (ပ)အမှတ် ၁၈၉၊ ပြစ်မှုပုဒ်မ ၃၇၉ အရ အမှုဖွင့်၍ မြင့်နိုင်(၃၈)နှစ်၊ မြေနီကုန်းရွာနှင့် ဝင်းနိုင်(၃၄)နှစ် အညာတောရွာ ရေစကြိုမြို့နယ်နေသူတို့အား မြို့နယ်တရားရုံးသို့ တရားစွဲတင်ပို့ထားကြောင်း သိရသည်။

(စေတနာလှိုင်)

သဲတင်သင်္ဘော၏ သဲလှောင်ကန်အတွင်း လူတစ်ဦး ပြုတ်ကျသေဆုံး

မြိတ် စက်တင်ဘာ ၁၁

မြိတ်ခရိုင် ကျွန်းစုမြို့နယ် ကမ်းရိုးတန်းရေပြင်တွင် ပင်လယ်သဲစုပ်သင်္ဘောဖြင့် သဲများထုတ်ယူပြီး နိုင်ငံခြားသို့ တင်ပို့ရောင်းချလျက်ရှိရာ စက်တင်ဘာ ၈ ရက် မွန်းလွဲ ၂ နာရီခွဲခန့်က ဆားကျွန်းအနီး ပင်လယ်ပြင်တွင် နိုင်ငံခြား သဲတင်သင်္ဘော MV.MEGSA ARIES သည် သဲများ စုပ်တင်ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ သဲတင်သင်္ဘောပေါ်တွင် သန့်ရှင်းရေးနှင့် သဲတင်လုပ်ငန်းများ လုပ်ကိုင်လျက်ရှိသော မြိတ်မြို့ ကန်ဖျားရပ် မြေနီလမ်း လမ်းသွယ်(၃) နေ မြတ်ဇော်(၃၃) နှစ်သည် လုပ်ငန်းများ ဆောင်ရွက်နေစဉ် ရုတ်တရက် ပျောက်ဆုံးသွားသဖြင့် သင်္ဘောသားများ၊ အထွေထွေလုပ်သားများနှင့် ကုမ္ပဏီဝန်ထမ်းများက လိုက်လံရှာဖွေသော်လည်း မတွေ့ရှိရသဖြင့် ညနေ ၄ နာရီတွင် မြိတ်မြို့မရဲစခန်းသို့ လူပျောက် သွားရောက်တိုင်ကြားခဲ့သည်။

အဆိုပါ တိုင်ကြားချက်နှင့် စပ်လျဉ်း၍ ကျွန်းစုမြို့မရဲစခန်း ပထက်ရဲကင်းမှူး ရဲအုပ်အောင်မြင့်ဌေးနှင့် တာဝန်ရှိသူများက သွားရောက်စစ်ဆေးမှုများ ပြုလုပ်ခဲ့ရာ သဲတင်သင်္ဘော၏ သဲလှောင်ကန်အတွင်း သဲများဖုံး၍ သေဆုံးလျက်ရှိကြောင်း တွေ့ရသည်။ သေဆုံးသူ မြတ်ဇော်၏ အလောင်းအား မြိတ်မြို့ အထွေထွေရောဂါကု ဆေးရုံကြီးသို့ တင်ပို့ကာ သေမှုသေခင်းဖြစ်၍ အမှုဖွင့် စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(မြိတ်ခရိုင်ပြန်/ဆက်)

နေပြည်တော်တွင် ဆိုင်ကယ်လဲကျရာမှ ထူမနေစဉ် နောက်မှမှန်လုံယာဉ်ဝင်တိုက်၍ သေဆုံး

နေပြည်တော် စက်တင်ဘာ ၁၁

နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှူးရုံးတွင် ရဲအုပ်ကျော်ကျော်ထွန်း တာဝန်မှူးတာဝန်ထမ်းဆောင်နေစဉ် စက်တင်ဘာ ၇ ရက် ညနေ ၅ နာရီ ၁၀ မိနစ်က ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သတင်းရရှိသဖြင့် သက်သေများနှင့်အတူ အခင်းဖြစ်နေရာသို့ သွားရောက်စစ်ဆေးရာ ရန်ကုန်-မန္တလေးကားလမ်း မိုင်တိုင်အမှတ်(၂၅၄-၇)နှင့် (၂၂၅)အကြားတွင် ပျဉ်းမနားမြို့ဘက်မှ တပ်ကုန်းဘက်သို့ လော့ဂျား(၁၁၀)ဆိုင်ကယ် ၃၃ယ/----စီးနင်းလာသူ အောင်ဇော်လင်း(၃၀)နှစ် ကျွန်းရောင်းကျေးရွာ ဇေယျာသီရိမြို့နယ်နေသူသည် ခွေးတစ်ကောင်အား တိုက်မိပြီး လဲကျသွားရာမှ ဆိုင်ကယ်ပြန်လည်ထူမနေစဉ် ယာဉ်မောင်းဇော်ဦး(၄၃)နှစ် ဝေပုလ္လ(၅)လမ်း(ဃ)ရပ်ကွက် မြောက်ဥက္ကလာပမြို့နယ် ရန်ကုန်မြို့နေသူ မောင်းနှင်လာသော ၂က/---နေပြည်တော်-မကွေး ခရီးသည်တင်မှန်လုံယာဉ်က ၎င်းအား နောက်မှဝင်တိုက်ခဲ့ရာ အောင်ဇော်လင်းမှာ ဝဲနားမှ သွေးထွက်၊ ဝဲ၊ ယာမျက်ခုံးပေါက်ပြဲ၊ ယာလက်ပြင်ပွန်းပဲ့စုတ်ပြဲ၊ ရင်ဘတ်၊ ဝဲနားထင်နှင့် ဝဲဘယ်ပါး၊ ဝဲခြေသလုံးများ ပေါက်ပြဲဒဏ်ရာများရရှိပြီး နေပြည်တော် ခုတင်(၁၀၀၀)ဆေးရုံသို့ ပို့ဆောင်စဉ် သေဆုံးသွားသဖြင့် ယာဉ်အား မဆင်မခြင်မောင်းနှင်သူ ဇော်ဦးအား ရေဆင်းနယ်မြေရဲစခန်းက ယာဉ်(ပ) ၁၆/၂၀၁၃၊ ပြစ်မှုပုဒ်မ ၃၀၄-(က)ဖြင့် အမှုဖွင့်ပြီး ရဲအုပ်ကျော်ကျော်ထွန်းက စစ်ဆေးလျက်ရှိကြောင်း သိရသည်။

နေလှိုင်း(ပျဉ်းမနား)

နောင်ချိုတွင် စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

နောင်ချို စက်တင်ဘာ ၁၁

လားရှိုးမူးယစ် (နောင်ချိုလှုပ်ရှား)မှ ရဲအုပ်ငြိမ်းချမ်းစိုးဦးစီးအဖွဲ့သည် စက်တင်ဘာ ၁၀ ရက် ညနေ ၃ နာရီတွင် သက်သေများနှင့်အတူ နောင်ချိုမြို့အဝင် လဝကရုံးအနီး၌ မူးယစ်ဆေးဝါးများ ရှောင်တခင်ရှာဖွေစစ်ဆေးစဉ် မူဆယ်မှ မန္တလေးသို့ ယာဉ်မောင်း ဇော်မင်းလတ်မောင်းနှင်လာသည့် အဲဗားတော့ပ်ယာဉ်အသင်းမှ ဆလွန်းယာဉ် ၃က/.....အား ရှာဖွေရာ ယာဉ်ပေါ်ပါခရီးသည် ကျော်သီဟ၏ Sport ခရီးဆောင်အိတ်အတွင်းမှ ခဲစက္ကူဖြင့် ထုပ်လျက် ပလတ်စတစ် ကပ်ခွာအိတ်ငယ် တစ်အိတ်လျှင် 88 နှင့် 1 စာတန်း တစ်ဖက်စီပါ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀ ပါ ကိုးထုပ် စုစုပေါင်း စိတ်ကြွရူးသွပ်ဆေးပြား ၁၈၀၀ နှင့် ကျော်သီဟအမည်ပါ နိုင်ငံသားစိစစ်ရေးကတ်ပြားတစ်ခု၊ ဖုန်းကတ်ပါ Tintele လက်ကိုင်ဖုန်းတစ်လုံးတို့အား တွေ့ရှိသဖြင့် ကျော်သီဟ (၂၆)နှစ် အရောင်းအဝယ် (၈၈)လမ်း၊ (၂၂ × ၂၃) လမ်းကြား ချမ်းအေးသာစံမြို့နယ် မန္တလေးတိုင်းဒေသကြီးနေသူနှင့် ညီညီလွင် (၂၄)နှစ် အရောင်းအဝယ် (၁၈)လမ်း၊ (၈၆ × ၈၇)လမ်းကြား အောင်မြေသာစံမြို့နယ် မန္တလေးတိုင်းဒေသကြီးနေသူတို့အား အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

ဇော်လွင် (လားရှိုး)

ရေနံခိုးယူသူအား ဖမ်းဆီးရမိ

နေပြည်တော် စက်တင်ဘာ ၁၁

ထောက်ရှာပင်ကမ်းနီရေနံမြေလုံခြုံရေးတပ်သား အောင်ကျော်စိုး (၄၈)နှစ်နှင့်အဖွဲ့သည် စက်တင်ဘာ ၉ ရက် ည ၉ နာရီကျော်ခန့်က ရွှေတပင်နယ်မြေအတွင်း ကင်းလှည့်စစ်ဆေးစဉ် ရေနံတွင်းအမှတ် (၆၀၅)၏တောင်ဘက် ပေ ၃၀၀ ခန့်အကွာတွင် ရေနံပိုက်လိုင်းအဆက်ကော်ပလ္လင်အား မူလီလျှော့၍ ရေနံခိုးယူနေသူ မင်းဘူးမြို့ အမှတ် (၁)ရပ်ကွက် တမာတန်းရပ်နေ မဇင်မာလွင် (၂၄)နှစ်အား ရေနံစိမ်း သုံးဂါလန်ခန့်ပါ ဘိုမပလတ်စတစ်အိတ်ကို အဝါရောင်ပီနံအိတ်ဖြင့်စွပ်ထားသည့် အထုပ်တစ်ထုပ်နှင့်အတူ တွေ့ရှိဖမ်းဆီးရမိသဖြင့် အရေးယူပေးရန် တိုင်တန်းသဖြင့် မင်းဘူးမြို့မရဲစခန်းက (ပ)၁၃၉/၂၀၁၃၊ ပြည်သူပိုင်ပစ္စည်းကာကွယ်စောင့်ရှောက်ရေးဥပဒေပုဒ်မ ၆(၁) ဖြင့် အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

(ရဲပြန်ကြား)

ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း
ဧရာဝတီတိုင်းဒေသကြီး၊ ဖျာပုံခရိုင်
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

ဧရာဝတီတိုင်းဒေသကြီး၊ ဖျာပုံခရိုင်၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု/တိုင်းဒေသကြီး ခွင့်ပြုရန်ပုံငွေဖြင့် လမ်း/တံတားလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် လိုအပ်သော လမ်းခင်းကျောက်အမျိုးမျိုး၊ မြစ်ကျောက်စရစ်၊ မြစ်သဲ၊ ဘိလပ်မြေနှင့်သစ်များအား လမ်းအလိုက်(မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသည်။

တင်ဒါလျှောက်လွှာရောင်းချမည့်ရက် - ၁၂-၉-၂၀၁၃ ရက်
တင်ဒါလျှောက်လွှာပိတ်မည့်ရက် - ၂၅-၉-၂၀၁၃ ရက်
တင်ဒါဖွင့်မည့် ရက်/အချိန်/နေရာ - ၂၅-၉-၂၀၁၃ ရက် မွန်းလွဲ ၂း၀၀ နာရီ ဖျာပုံခရိုင်အင်ဂျင်နီယာမှူးရုံး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ (၁၁)ရပ်ကွက်၊ (၅)လမ်း၊ ဖျာပုံမြို့။

အိတ်ဖွင့်တင်ဒါစည်းကမ်းချက်၊ လမ်းအလိုက် ပစ္စည်းလိုအပ်ချက်နှင့် အသေးစိတ်အချက်အလက်များကို အောက်ဖော်ပြပါဌာနတွင် ၁၂-၉-၂၀၁၃ ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

လျှောက်လွှာဝယ်ယူရမည့်နေရာ - အင်ဂျင်နီယာမှူးရုံး
ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း
(၁၁)ရပ်ကွက်၊ (၅)လမ်း၊ ဖျာပုံမြို့။
ဖုန်း-၀၄၅-၄၀၄၂၅







မေတ္တာရပ်ခံခြင်း

၁၀-၉-၂၀၁၃ ရက်တွင် ဆာကူရာတာဝါမှ မြောက်ဒဂုံ(၁၃)ရပ်ကွက်သို့ သွားစဉ် TAXI တစ်စီးပေါ်၌ ကျွန်တော်၏ကင်မရာမေ့ကျန်ခဲ့ပါသဖြင့် တွေ့ရှိပါက Ph:09-450007022, 09-5175816 သို့ အကြောင်းကြားပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။

Camera အမျိုးအစားမှာ-
Canon 1D MARK IV ဖြစ်ပြီး
135 mm Lens နှင့်တွဲလျက်
ပါရှိပါသည်။

ညောင်ရမ်းပိဋကတ်ကျောက်စာများ စနစ်တကျ ထိန်းသိမ်းစောင့်ရှောက်သင့်

မိတ္ထီလာ စက်တင်ဘာ ၁၁

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ်၏ တောင်ဘက်တွင် ညောင်ရမ်းကျေးရွာတည်ရှိသည်။ ညောင်ရမ်းကျေးရွာသည် ညောင်ရမ်းမြို့ဟောင်းတည်ရှိရာ နေရာလည်းဖြစ်သည်။ အဆိုပါ ညောင်ရမ်းကျေးရွာရှိ ညောင်ရမ်းပိဋကတ်ကျောက်စာများမှာ ယခုအခါ အချို့က အမိုးအကာနှင့် အချို့ကအမိုးသာရှိပြီး အကာမရှိဘဲ စနစ်တကျ ထိန်းသိမ်းစောင့်ရှောက်မည့်သူ ကင်းဝေးနေလေသည်။

ညောင်ရမ်းပိဋကတ်ကျောက်စာများကို ၁၂၉၀ ခုနှစ်က စတင်ပြီး ထိုအချိန်က ညောင်ရမ်းမြို့မအရပ်သား သူဌေးဦးဘိုးရုံးအမည်ရသည့် ပုဂ္ဂိုလ်သည် မန္တလေးရွှေမြို့တော်မှ ကျောက်ဆစ်သမားများကိုခေါ်ယူကာမင်းတုန်းမင်းတရားကြီးကုသိုလ်တော် ကျောက်စာများနည်းတူ သုတ်၊ ဝိနည်း၊ အဘိဓမ္မာတည်းဟူသောပိဋကတ်စာပေများအား ကျောက်စာရေးထိုးလှူဒါန်းခဲ့ခြင်းဖြစ်သည်။ ကျောက်စာများကို ၁၂၉၀နှစ်တွင်စတင်ရေးထိုးပြီး၁၃၀၃ ခုနှစ်အထိ (၁၃) နှစ်အကြာရေးထိုးခြင်းလုပ်ငန်း ဆောင်ရွက်ခဲ့ပြီး ၁၃၀၃ ခုနှစ်တွင် ဒုတိယကမ္ဘာစစ်စတင်ဖြစ်ပွားသောကြောင့် ကျောက်စာရေးထိုးခြင်းလုပ်ငန်းများ ရပ်ဆိုင်းခဲ့ရကာ ဆက်လက်ရေးထိုးနိုင်ခြင်း မရှိတော့ပေ။ ဒုတိယကမ္ဘာစစ်ဖြစ်ပြီးနောက် ၁၃၀၇ ခုနှစ်၌ ကျောက်စာကောင်းမှုရှင် သူဌေးဦးဘိုးရုံးမှာ အသက် (၈၁) နှစ်အရွယ်တွင် ညောင်ရမ်းမြို့မရပ်တွင်ပင် ကွယ်လွန်သွားလေသည်။ မင်းတုန်းမင်းတရားကြီး မန္တလေးနန်းမြို့ကို တည်ထောင်ပြီး(၅)နှစ်အကြာ ၁၂၂၆ ခုနှစ်တွင် မွေးဖွားခဲ့သည့် သူဌေးဦးဘိုးရုံးသည် မင်းတုန်းမင်းကြီး၏ ကုသိုလ်တော်ကျောက်စာများကို အားကျနည်းယူကာ ပိဋကတ်စာပေများကို စကျင်ကျောက်ဖြူဖြင့် အရွယ်ပမာဏ အမြင့်ငါးပေ၊ မျက်နှာစာပြင်(ပြက်) အကျယ် ၃ ပေ ၆ လက်မခန့်ရှိသည့် ကျောက်စာများအဖြစ် ရေးထိုးကောင်းမှုပြုကာ ကျောက်စာတိုက်ရုံလေးရုံဖြင့် စုစုပေါင်း ကျောက်စာချပ်ရေ ၅၁၃ ချပ်ကိုထားရှိပေးထားခဲ့သည်။ နှစ်ကာလကြာမြင့်လာသဖြင့် လေဒဏ်မိုးဒဏ် ရာသီဥတုသဘာဝဘေးဒဏ်များကြောင့်လည်းကောင်း၊ ညောင်ရမ်းကျောက်စာများအား လေ့လာရန်အတွက် လာရောက်ကူးယူသည့် ခေတ်ပညာတတ်ကျောက်စာလေ့လာသူများ၏ စည်းကမ်းမဲ့ကူးယူမှုများကြောင့်လည်းကောင်း၊ ကျောက်စာများ၏ တန်ဖိုးကိုနားမလည်ဘဲ ဝိုင်းဝန်းထိန်းသိမ်းမှု မပြုလုပ်ကြသည့် ဒေသခံအချို့ကြောင့်လည်းကောင်း ကျောက်စာရုံများ ယိုယွင်းကာ ကျောက်စာအချို့သည်လည်း လက္ခဏာများ ချွတ်ယွင်းပျက်စီးနေလေပြီ။

ယခုအခါ ကျောက်စာရုံများတည်ရှိရာ ညောင်ရမ်းမြို့မရပ် ရွှေမုဌေ ပိဋကတ်ကျောင်းတိုက်ဆရာတော်နှင့် တာဝန်သိဒါယကာ ဒါယိကာမတချို့က သူဌေးဦးဘိုးရုံးလှူဒါန်းခဲ့သည့် ပိဋကတ်ကျောက်စာပေများကို တတ်စွမ်းသရွေ့ ထိန်းသိမ်းစောင့်ရှောက်ထားရှိလျက်ရှိသည်။ သို့တိုင်ကျောက်စာများ၏ အမိုးအကာမဲ့ပျက်စီးနေမှုများအား ကျောက်စာရုံများ ပြန်လည်တည်ဆောက် ထိန်းသိမ်းရေးနှင့် ကျောက်စာများ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ဆောင်ရွက်သွားကြရန် သက်ဆိုင်ရာ တာဝန်ရှိသူများနှင့်ပိဋကတ်စာပေချစ်မြတ်နိုးသူ တာဝန်သိပြည်သူများ ကူညီစောင်မမှုများရရှိမှသာ တတ်နိုင်ပေမည်။

အမျိုးဘာသာသာသနာကိုချစ်မြတ်နိုးကာ ဗုဒ္ဓမြတ်စွာဘုရား၏ ပိဋကတ်စာပေများကို မင်းတုန်းမင်းတရားကြီးနည်းတူ တူမတူသောဇွဲလုံ့လထက်သန်သော စေတနာသဒ္ဓါတရားတို့ဖြင့် ကျောက်စာချပ်ပေါင်း ၅၂၀ တို့ဖြင့် နောင်လာနောက်သားတို့ သိမှတ်စိမ့်သောငှာ ကျောက်စာရေးထိုးလှူဒါန်းခဲ့သည့် ညောင်ရမ်းမြို့သားသူဌေးဦးဘိုးရုံး၏ တာဝန်သိစိတ်၊သာသနာမြတ်နိုးစိတ်၊ တိုင်းပြည်ချစ်စိတ်တို့ မြှုပ်နှံထားရာ တန်ဖိုးထားအပ်သော ပိဋကတ်ကျောက်စာများသည် ပျက်စီးပျောက်ကွယ်သွားပေတော့မည်။

သို့ဖြစ်၍ မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ် ညောင်ရမ်းမြို့မ ကျေးရွာရွှေမုဌေ ပိဋကတ်ကျောင်းတိုက်အတွင်းရှိ သူဌေးဦးဘိုးရုံး၏ကောင်းမှု ညောင်ရမ်းပိဋကတ်ကျောက်စာများအား သက်ဆိုင်ရာတာဝန်ရှိသူများသည်လည်းကောင်း၊ ပိဋကတ်စာပေများကို မြတ်နိုးတန်ဖိုးထားသည့် တာဝန်သိပြည်သူများသည်လည်းကောင်း အချိန်မီဂရုပြုထိန်းသိမ်း စောင့်ရှောက်သင့်ကြပါကြောင်း ရေးသားတင်ပြလိုက်ပါသည်။ ။

ချမ်းသာ(မိတ္ထီလာ)

ညောင်ကန်ဒေသ၌ သောက်သုံးရေအပြင် ပညာရေးအခက်အခဲဖြစ်ပေါ်နေ

တောင်သာ စက်တင်ဘာ ၁၁

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် တောင်သာမြို့နယ် ညောင်ကန်တဲကြီးကုန်းဒေသတစ်ခွင် ထန်းပင်ပေါင်းသောင်းချီရှိသော်လည်း ဆင်းရဲမှုနှင့်ငွေကြေးရရှိမှုကွာဟသောကြောင့် ထန်းတက်သူမရှိဖြစ်နေကြောင်းသိရသည်။ "ထန်းတက်သူလည်းမရှိဘူး၊ ကျွန်တော်တို့ ညောင်ကန်တဲကြီးကုန်းဒေသမှာ သောက်သုံးရေအပြင် ပညာရေးအခက်အခဲပါရှိနေပါတယ်" ဟုညောင်ကန်ရွာသားက ပြောသည်။

ညောင်ကန်တဲကြီးကုန်း၊ ကြက်ကန်ဇီးကန်ဒေသခံများသည် နှစ်မိုင်ခန့်ဝေးကွာသော သံဘိုရွာနှင့်ငါးမိုင်ဝေးသော ကျောဇီရွာသို့ နေ့စဉ်နှစ်ခေါက်နှုန်းနှင့် ရေစည်တိုက်နေကြရသည်။ ယခင်က ရေတစ်စည် ကျပ် ၂၅၀နှုန်းရှိသော်လည်း ယခုအခါ ကျပ်၁၅၀နှုန်းပေးရသည်ဟု ဒေသခံတစ်ဦးကပြောသည်။ အဆိုပါဒေသများသည် စိုက်ပျိုးရေးထက် ရေအခက်အခဲပြေလည်စေရန်ရေရရှိရေး အချိန်ပေးလုပ်ဆောင်နေကြရသည်။ စိုက်ပျိုးထားသော ပဲတီစိမ်းများပျက်စီးကုန်သည့်အပြင် မြေပဲခင်းများမှာလည်း မိုးကိုမျှော်လင့်နေကြောင်း သိရသည်။ ပညာရေးအနေအထားမှာလည်း နှစ်မိုင်ခန့်ဝေးကွာသော သံဘိုရွာမူလတန်းကျောင်းသို့ သွားရောက်ကျောင်းတက်နေကြရသည်။ ဆိုင်ကယ်နှင့်မပို့နိုင်သူများသည် ခြေကျင်ခရီးကောင်းကောင်းသွားနိုင်သည့် ခုနစ်နှစ်၊ ရှစ်နှစ်အရွယ်ကျမှကျောင်းထားရသည်။ ကျောင်းပို့တစ်ခေါက်၊ ကျောင်းပြန်တစ်ခေါက်နှင့် ကျေးလက်နေပြည်သူများပညာရေးအတွက် ခက်ခဲမှုများစွာဖြစ်ပေါ်လျက်ရှိသည်။

"ကျွန်တော်တို့ရွာကနေ နှစ်မိုင်ဝေးတဲ့ခရီးကို ခြေကျင်သွားဖို့ဆိုတာငါးနှစ်၊ ခြောက်နှစ်ကလေးတွေအဖို့ မလွယ်ဘူးလေ၊ ဆိုင်ကယ်သွားပို့ရင်လည်း အချိန်ပေးရတာ၊ တောင်ကုန်းတွေဆိုတော့ စက်ဘီးနဲ့လည်းမလွယ်ဘူး၊ ပညာရေးမှာ အားပေးပါဆိုပေမယ့် သွားလာရေးနဲ့စားဝတ်နေရေးဒုက္ခကကြီးမားတော့ ပညာမတတ်တဲ့သူတွေ ကျွန်တော်တို့ဒေသမှာများနေတာပေါ့ဗျာ" ဟု တဲကြီးကုန်းရွာသားတစ်ဦးကပြောသည်။

ညောင်ကန်တဲကြီးကုန်း၊ ကြက်ကန်ဇီးကန်ဒေသခံများသည် မိုးကိုမျှော်လင့်ပြီးစိုက်ပျိုးရသလို မိုးရွာမှ သောက်သုံးရေ လုံလောက်စွာရရှိပြီး စိုက်ပျိုးမှုအခြေအနေလည်းမကောင်းသောကြောင့် ပညာရေးကိုအားမပေးနိုင်ကာ မန္တလေး၊ ရန်ကုန်နှင့် မလေးရှားနိုင်ငံများသို့ လူငယ်လူရွယ်အများစု အလုပ်ထွက်လုပ်နေရကြောင်းဒေသခံများထံမှသိရသည်။ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းလုပ်ချင်ပေမယ့် ဒေသကဆင်းရဲတော့ ဆရာဆရာမတွေကို လစာပေးပြီးမငှားနိုင်ဘူးဖြစ်နေတယ်ဟု ကိုစိုးသိန်းက ဆက်လက်ပြောပြသည်။ညောင်ကန်တဲကြီးကုန်း၊ ဇီးကန်ရွာဒေသသည် ကျောဇီတောင်ဘက် ခြောက်မိုင်ခန့်၊ ပုဂံ-မြင်းခြံကားလမ်းနှင့် ငါးမိုင်အကွာတွင် တည်ရှိကြောင်း သိရသည်။

နေဦးမောင်(ပခုက္ကူ)

အစိုးရ/စီးပွားရေးကြော်ငြာ

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ
ဒုတိယဗဟိုစီးပွားရေးဇုန်စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရန်
မြေငှားရမ်းခြင်းအတွက်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာနိုင်ငံ၊ ရန်ကုန်မြို့တွင် အောက်ဖော်ပြပါနေရာ၌ ဒုတိယဗဟိုစီးပွားရေးဇုန်စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရန်မြေငှားရမ်းခြင်းအတွက် နိုင်ငံခြားကုမ္ပဏီများ၊ ပြည်တွင်းကုမ္ပဏီနှင့် နိုင်ငံခြားကုမ္ပဏီတို့ပါဝင်သော ဖက်စပ်လုပ်ငန်းများ(Joint Ventures)မှ တင်ဒါတင်သွင်းနိုင်ရေး ဖိတ်ခေါ်အပ်ပါသည်။

တည်နေရာ - မင်းဓမ္မလမ်းနှင့်တော်ဝင်လမ်းထောင့်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

မြေဧရိယာ - ၁၆. ၅၅၁ ဧက

၂။ အဆိုပါ မြေနေရာတွင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက အတည်ပြုသည့် အစီအစဉ်များနှင့်အညီ တည်ဆောက် လုပ်ကိုင်ရန် ဖြစ်ပါသည်။

၃။ စီမံကိန်းတွင် ဟိုတယ်၊ ကွန်ဗင်းရှင်းစင်တာ၊ ပြခန်းကြီးများ၊ ကဇာတ်ရုံများ၊ ရုပ်ရှင်ရုံများ၊ စားသောက်ဆိုင်ကြီးများ၊ အီလက်ထရွန်နစ်စင်တာများ၊ အရောင်းခန်းမကြီးများ (Shopping Mall)နှင့် ရုံးခန်းအဆောက်အအုံများ (Office Appartment)တည်ဆောက်လုပ်ကိုင်ခြင်းတို့ ပါဝင်နိုင်ပါသည်။

၄။ တင်ဒါများကို ငွေကြေးဆိုင်ရာ အဆိုပြုလွှာနှင့် ကျွမ်းကျင်မှုနည်းပညာဆိုင်ရာ အဆိုပြုလွှာဟူ၍ စာအိတ်နှစ်ခုဖြင့် တင်သွင်းရန်နှင့် တင်ဒါတင်သွင်းသူများ လိုက်နာရန်ညွှန်ကြားချက်များ (Instructions to Tenderers)နှင့် အညီပြုစုဖော်ပြရန် ဖြစ်ပါသည်။

၅။ တင်ဒါတင်သွင်းသူများသည် တင်ဒါဆိုင်ရာ သိရှိလိုသောအချက်အလက်များကို အင်ဂျင်နီယာဌာန(အဆောက်အအုံ) ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီသို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

၆။ တင်ဒါစာရွက်စာတမ်းများ အပြည့်အစုံကို ရန်ကုန်မြို့ မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်၊ ငွေစာရင်းအမှတ်- 1-DA-06-91886(MFTB)သို့ ပြည်ပငွေစာရင်းလွှဲပြောင်းမှု (Overseas account transfer) နည်းလမ်းဖြင့် အမေရိကန်ဒေါ်လာတစ်ထောင် (USD1000)ပေးသွင်း၍ အထက်ဖော်ပြပါလိပ်စာ၌ ၁၉-၉-၂၀၁၃ရက်မှစတင်၍ဝယ်ယူနိုင်ပါသည် (သို့မဟုတ်)ကျပ် ၁၀၀၀၀၀၀/-(ကျပ်တစ်သန်းတိတိ)ကိုအင်ဂျင်နီယာဌာန (အဆောက်အအုံ) ရုံးတွင် ငွေသွင်းချလန်ရယူပြီး ရန်ကုန်မြို့တော်ဘဏ် ငွေစာရင်းအမှတ် DY-9 သို့ပေးသွင်း၍ ဝယ်ယူနိုင်ပါသည်။ ပေးသွင်းငွေအတွက် မည်သည့်အကြောင်းနှင့်မျှ ငွေပြန်အမ်းမည်မဟုတ်ပါ။

၇။ တင်ဒါများကို ၂၀၁၃ ခုနှစ် ဒီဇင်ဘာလ ၂ ရက် ၁၅ နာရီမတိုင်မီ အထက်ဖော်ပြပါ ရုံးသို့ တင်သွင်းရပါမည်။ နောက်ကျတင်သွင်းသော တင်ဒါများကို လက်ခံစဉ်းစားမည် မဟုတ်ပါ။

၈။ တင်ဒါနှင့်အတူ တင်ဒါတင်သွင်းမှုအာမခံအဖြစ် အမေရိကန်ဒေါ်လာတစ်သန်း(USD 1000000)တန်ဘိုးရှိ သက်တမ်း(၆)လရှိသော ဘဏ်အာမခံပါရှိရမည်ဖြစ်ပြီး ယင်းဘဏ်အာမခံကို ပြည်တွင်း(သို့) မြန်မာ့နိုင်ငံခြား ကုန်သွယ်မှုဘဏ်၏ အဆက်အသွယ်ဘဏ်ဖြစ်သော ပြည်ပဘဏ်မှ ထုတ်ပေးခြင်းဖြစ်ရပါမည်။

၉။ တင်ဒါဖွင့်လှစ်ခြင်း အခမ်းအနားကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီရုံး၌ တင်ဒါ တင်သွင်းသူ ကိုယ်စားလှယ်များ ရှေ့မှောက်တွင် ပြုလုပ်မည်ဖြစ်ပါသည်။ တင်ဒါဖွင့်လှစ်မည့်နေ့ရက်နှင့်အချိန်ကို တင်ဒါတင်သွင်းသူများသို့ အကြောင်းကြားပါမည်။

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ
စီးပွားရေးအဆောက်အအုံများစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရန်
မြေငှားရမ်းခြင်းအတွက်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာနိုင်ငံ၊ ရန်ကုန်မြို့တွင် အောက်ဖော်ပြပါနေရာ၌ စီးပွားရေးအဆောက်အအုံများစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရန်မြေငှားရမ်းခြင်းအတွက် နိုင်ငံခြားကုမ္ပဏီများ၊ ပြည်တွင်းကုမ္ပဏီနှင့် နိုင်ငံခြားကုမ္ပဏီတို့ပါဝင်သော ဖက်စပ်လုပ်ငန်းများ(Joint Ventures)မှ တင်ဒါတင်သွင်းနိုင်ရေး ဖိတ်ခေါ်အပ်ပါသည်။

တည်နေရာ - ဗိုလ်မင်းရောင်လမ်းနှင့် မြန်မာ့ဂုဏ်ရည်လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

မြေဧရိယာ - ၈. ၅၁၈ ဧက

၂။ အဆိုပါ မြေနေရာတွင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက အတည်ပြုသည့် အစီအစဉ်များနှင့်အညီ တည်ဆောက်လုပ်ကိုင်ရန် ဖြစ်ပါသည်။

၃။ စီမံကိန်းတွင် ဟိုတယ်၊ ကွန်ဗင်းရှင်းစင်တာ၊ ပြခန်းကြီးများ၊ ကဇာတ်ရုံများ၊ ရုပ်ရှင်ရုံများ၊ စားသောက်ဆိုင်ကြီးများ၊ အီလက်ထရွန်နစ်စင်တာများ၊ အရောင်းခန်းမကြီးများ(Shopping Mall)၊ ရုံးခန်းအဆောက်အအုံများ (Office Appartment)နှင့် လူနေတိုက်ခန်းများ(Condo) တည်ဆောက်လုပ်ကိုင်ခြင်းတို့ ပါဝင်နိုင်ပါသည်။

၄။ တင်ဒါများကို ငွေကြေးဆိုင်ရာ အဆိုပြုလွှာနှင့် ကျွမ်းကျင်မှုနည်းပညာဆိုင်ရာ အဆိုပြုလွှာဟူ၍ စာအိတ်နှစ်ခုဖြင့် တင်သွင်းရန်နှင့် တင်ဒါတင်သွင်းသူများ လိုက်နာရန် ညွှန်ကြားချက်များ (Instructions to Tenderers)နှင့် အညီပြုစုဖော်ပြရန် ဖြစ်ပါသည်။

၅။ တင်ဒါတင်သွင်းသူများသည် တင်ဒါဆိုင်ရာ သိရှိလိုသောအချက်အလက်များကို အင်ဂျင်နီယာဌာန(အဆောက်အအုံ) ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီသို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

၆။ တင်ဒါစာရွက်စာတမ်းများ အပြည့်အစုံကို ရန်ကုန်မြို့ မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်၊ ငွေစာရင်းအမှတ်-1-DA-06-91886(MFTB)သို့ ပြည်ပငွေစာရင်းလွှဲပြောင်းမှု (Overseas account transfer)နည်းလမ်းဖြင့် အမေရိကန်ဒေါ်လာတစ်ထောင် (USD1000)ပေးသွင်း၍ အထက်ဖော်ပြပါလိပ်စာ၌ ၁၉-၉-၂၀၁၃ရက်မှစတင်၍ဝယ်ယူနိုင်ပါသည် (သို့မဟုတ်)ကျပ် ၁၀၀၀၀၀၀/-(ကျပ်တစ်သန်းတိတိ)ကိုအင်ဂျင်နီယာဌာန(အဆောက်အအုံ) ရုံးတွင် ငွေသွင်းချလန်ရယူပြီး ရန်ကုန်မြို့တော်ဘဏ် ငွေစာရင်းအမှတ် DY-9သို့ ပေးသွင်း၍ ဝယ်ယူနိုင်ပါသည်။ ပေးသွင်းငွေအတွက် မည်သည့်အကြောင်းနှင့်မျှ ငွေပြန်အမ်းမည်မဟုတ်ပါ။

၇။ တင်ဒါများကို ၂၀၁၃ ခုနှစ် ဒီဇင်ဘာလ ၂ ရက် ၁၅း၀၀နာရီမတိုင်မီ အထက်ဖော်ပြပါ ရုံးသို့ တင်သွင်းရပါမည်။ နောက်ကျတင်သွင်းသော တင်ဒါများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။

၈။ တင်ဒါနှင့်အတူ တင်ဒါတင်သွင်းမှုအာမခံအဖြစ် အမေရိကန်ဒေါ်လာတစ်သန်း(USD 1000000)တန်ဘိုးရှိ သက်တမ်း(၆)လရှိသော ဘဏ်အာမခံပါရှိရမည်ဖြစ်ပြီး ယင်းဘဏ်အာမခံကို ပြည်တွင်း(သို့) မြန်မာ့နိုင်ငံခြား ကုန်သွယ်မှုဘဏ်၏ အဆက်အသွယ်ဘဏ်ဖြစ်သော ပြည်ပဘဏ်မှ ထုတ်ပေးခြင်းဖြစ်ရပါမည်။

၉။ တင်ဒါဖွင့်လှစ်ခြင်းအခမ်းအနားကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီရုံး၌ တင်ဒါတင်သွင်းသူကိုယ်စားလှယ်များ ရှေ့မှောက်တွင် ပြုလုပ်မည်ဖြစ်ပါသည်။ တင်ဒါဖွင့်လှစ်မည့်နေ့ရက်နှင့်အချိန်ကို တင်ဒါတင်သွင်းသူများသို့ အကြောင်းကြားပါမည်။

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

SEVEN စံ

ဒဂုံမြို့သစ်
အရှေ့ပိုင်း၊ တောင်ပိုင်း
ဆိပ်ကမ်းရှိ မြေကွက်များ
ရောင်းလို ဝယ်လိုသူများ
ဆက်သွယ်နိုင်ပါသည်
ပွဲခပေးရန်မလိုပါ။
အိမ်အရောက်ငွေပေးချေသည်။
ဖုန်း-၀၁-၂၀၅၇၄၈
၀၉-၇၃၁၁၉၀၉၉
၀၉-၃၁၇၁၅၂၄၇

စမ်းချောင်းတိုက်ခန်း
ရောင်းမည်

၁။ မင်းလမ်းပေ(၁၂½×၆၀) ၆လွှာ၊ ကျွန်းပါကေး၊ ကြွေပြား၊ သံပန်း၊ ဆန်းရှိုက် AC (၁)၊ အိပ်ခန်း(၁)၊ ဘိုထိုင်အိမ်သာ။ ပြင်ဆင်ပြီး။ (၃၉၅)သိန်း

၂။ ဦးဖိုးလမ်း၊ ပေ(၂၂×၅၇)၊ ၇-လွှာ ပါကေး၊ ကြွေပြား၊ သံပန်း၊ ဆန်းရှိုက် AC (၁)၊ အိပ်ခန်း(၁)၊ ဘိုထိုင်အိမ်သာ၊ ပြင်ဆင်ပြီး။ သိန်း(၄၉၀)

ဖုန်း-၀၉-၇၃၁၅၆၄၉၄
၀၉-၇၃၂၀၁၁၇၉

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလှုပ်ရှားမှုအဖြစ် ကြွပ်ကြွပ်အိတ်များ လိုက်လံကောက်ယူ

ချောင်းဦး စက်တင်ဘာ ၁၁

ချောင်းဦးမြို့နယ် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလှုပ်ရှားမှုဟောပြောပွဲကို စက်တင်ဘာ ၉ ရက် မွန်းလွဲ ၁ နာရီက ချောင်းဦးမြို့အခြေခံပညာအထက်တန်းကျောင်း အနော်ရထာခန်းမ၌ကျင်းပရာ ဆရာဦးကျော်ဇော (လှသိပ္ပံရွှေဘို)က ကြွပ်ကြွပ်အိတ်၏ ဆိုးရွားသော၊ ယုတ်ညံ့သော၊ ညစ်ညမ်းသော ပြဿနာများအကြောင်း သိကောင်းစရာများကို ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် တက်ရောက်လာသောသူများက ချောင်းဦးမြို့ မြို့မရပ်ရှိ စည်ပင်သာယာဈေး အတွင်းနှင့် အပြင်ရှိ ကြွပ်ကြွပ်အိတ်များ လိုက်လံကောက်ယူသိမ်းဆည်းခြင်းလုပ်ငန်းကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)**

ကြွပ်ကြွပ်အိတ်များကို လိုက်လံကောက်ယူသိမ်းဆည်းရာတွင် ပါဝင်ဆောင်ရွက်ခဲ့သူ w.com northan လူငယ်အဖွဲ့ဝင် ဒေါ်ကြည်ကြည်က "ဒီနေ့ ဟောပြောပွဲကို တက်ရောက်ခဲ့ရတဲ့အတွက် ကြွပ်ကြွပ်အိတ်ဟာ ရေထဲမှာရော မြေကြီးထဲမှာပါ နှစ်တစ်ထောင် ဆွေးမြည့်ခြင်းမရှိဘဲ မီးရှို့ပါကလည်း မီးရှို့လို့ ထွက်လာတဲ့ ဒိုင်အောက်ဆင်ခေါ် အငွေ့ဟာ နှစ်ပေါင်းရာနှင့်ချီပြီး လေထုထဲမှာ ကျန်ရှိနေတာကြောင့် ဒီလေကို ရှူမိတဲ့လူက ကင်ဆာဖြစ်စေပြီး သန္ဓေသားပျက်စီးတာတွေဖြစ်မယ်၊ နောက်ကြွပ်ကြွပ်အိတ်နဲ့ ပူနွေးတဲ့အစားအစာတွေထည့်သုံးရင် ကင်ဆာဖြစ်မယ်စတဲ့ ကြွပ်ကြွပ်အိတ်ရဲ့ဆိုးကျိုးတွေကို သိခဲ့ရပါတယ်၊ ဒါကြောင့် ကြွပ်ကြွပ်အိတ်ကို လျှော့သုံးနိုင်သလောက် လျှော့သုံးနိုင်အောင် ကြိုးစားနေထိုင်ဖို့ မိမိရော မိမိပတ်ဝန်းကျင်ကိုပါ နှိုးဆော်သွားမှာဖြစ်ပါတယ်"ဟုပြောပြခဲ့သည်။

ချောင်းဦး(ပြန်/ဆက်)

ဆင်ခြေထောက်ရောဂါကာကွယ်ဆေးနှင့် သန်ချဆေးတိုက်ကျွေး

ကျောက်တန်း စက်တင်ဘာ ၁၁

ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့နယ် တံတားမြို့နယ်ခွဲအတွင်းရှိ မြို့ပေါ် လေးရပ်ကွက်နှင့် ကျေးရွာ ၁၂ ရွာတို့တွင် ဆင်ခြေထောက်ရောဂါကာကွယ်ဆေးနှင့် သန်ချဆေးတိုက်ကျွေးခြင်းကို စက်တင်ဘာ ၉ ရက်က ပြုလုပ်ခဲ့သည်။ ကျောက်တန်းတစ်မြို့နယ်လုံးတွင် စီမံချက်တစ်ရပ်အနေဖြင့် မြို့ပေါ်ရပ်ကွက်များနှင့် ကျေးလက်များပါမကျန် တိုက်ကျွေးခြင်းဖြစ်ပြီး ငါးနှစ်ဆက်တိုက် တိုက်ကျွေးသွားမည်ဖြစ်သည်။

တိုက်ကျွေးရာတွင် (၂) နှစ်အထက်မှစ၍ တိုက်ကျွေးမည်ဖြစ်ပြီး ကိုယ်ဝန်ဆောင်များ၊ သွေးတိုး၊ ဆီးချို၊ နှလုံး၊ ကျောက်ကပ်၊ ပန်းနာရင်ကျပ်နှင့် အခြားဆေးစားနေရသူများနှင့် အိပ်ရာထဲလဲနေသူများကို ချန်လှပ်တိုက်ကျွေးသွားမည်ဖြစ်ကြောင်းသိရသည်။

(၆၈၉)

မိုင်းအသိပညာပေးဟောပြောပွဲကျင်းပ

မော်လမြိုင် စက်တင်ဘာ ၁၁

မွန်ပြည်နယ် သထုံခရိုင် ကျိုက်ထိုမြို့နယ် ကင်မွန်းချောင်းကျေးရွာ ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်မြတ်ကြီး၏ရင်ပြင်တော် တိဿဆောင်ဧည့်ခန်းမတွင် စက်တင်ဘာ ၇ ရက် နံနက် ၁၁ နာရီက မိုင်းအသိပညာပေးဆွေးနွေးဟောပြောပွဲကျင်းပသည်။

အဆိုပါဟောပြောပွဲသို့ ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော် လုံခြုံရေးကော်မတီဥက္ကဋ္ဌ မွန်ပြည်နယ်ရဲတပ်ဖွဲ့ ရဲမှူးကြီးမျိုးဆွေဝင်း၊ သထုံခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးအောင်သန်း၊ ကျိုက်ထိုမြို့နယ် အုပ်ချုပ်ရေးမှူး ဦးမျိုးအောင်၊ စေတီတော်ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးဌေးဝင်းနှင့် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း လုံခြုံရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ၊ နယ်မြေခံတပ်ရင်းမှ ဗိုလ်ချုပ်မင်းထက်အောင်၊ ကင်မွန်းစခန်း ကျေးရွာ အုပ်ချုပ်ရေးမှူး ဦးကျော်သူရလှိုင်နှင့် ကျေးရွာအုပ်ချုပ်ရေးအဖွဲ့မှတာဝန်ရှိသူများ၊ ပြည်သူ့စစ်အဖွဲ့ဝင်များ၊ စေတီတော်စည်းကမ်းထိန်းသိမ်းရေးအဖွဲ့ဝင်များအပါအဝင် အင်အား ၇၀ ခန့်တက်ရောက်သည်။

အခမ်းအနားတွင် မွန်ပြည်နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးမျိုးဆွေဝင်းက ဆံတော်ရှင် စေတီတော်မြတ်ကြီး လုံခြုံရေးအတွက် စီမံဆောင်ရွက်နေသော လုံခြုံရေးပူးပေါင်းဆောင်ရွက်မှုများ၊ ခေတ်မီပစ္စည်းကိရိယာများဖြင့် စစ်ဆေးရှာဖွေသည့်ဆောင်ရွက်မှုများ ဆွေးနွေးခဲ့ပြီး ဆက်လက်၍ မိုင်းဖောက်ခွဲဖျက်ဆီးမှုမခံရစေရေးအတွက် မိုင်း၏အခြေခံသဘောတရားများ၊ မိုင်းအမျိုးအစားများ၊ မိုင်းများပေါက်ကွဲပုံနည်းလမ်းများ၊ မြန်မာနိုင်ငံတွင် ဖြစ်ပွားခဲ့သော မိုင်းဖောက်ခွဲမှုဖြစ်စဉ်များအား ပရိုဂျက်တာဖြင့် ချပြရှင်းလင်း အသိပညာပေး ဟောပြောခဲ့ကြောင်း သိရသည်။**(ယာပုံ)**

ဆက်လက်၍ မွန်ပြည်နယ် သထုံခရိုင်အတွင်းရှိ မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးများ၊ နယ်မြေရဲစခန်းများ၊ ရဲကင်းများအား စစ်ဆေးခဲ့ကြောင်းသိရသည်။

ကျော်သန်း(မော်လမြိုင်)

အစိုးရ/စီးပွားရေးကြော်ငြာ

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မန္တလေးခရိုင် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေဖြင့် အဆောက်အအုံလုပ်ငန်းများဆောင်ရွက်ရန် လိုအပ်သည့် တည်ဆောက်ရေးပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

စဉ်	ပစ္စည်းအမျိုးအစား	အရေအတွက်	
(က)	အုတ်	၁၄၀၀၀၀	ချပ်
(ခ)	ဘိလပ်မြေ	၄၀၇၄	အိတ်
(ဂ)	Chipping	၁၂၀	ကျင်း
(ဃ)	သစ်မာခွဲသားဆိုဒ်စုံ	၂၀	တန်
(င)	တောသစ်ခွဲသားဆိုဒ်စုံ	၃၀	တန်
(စ)	တံခါးပြတင်းသုံးကျွန်းသစ်ခွဲသား	၁၀	တန်

တင်ဒါလျှောက်လွှာပိတ်ရက် ၁၉-၉-၂၀၁၃ရက်မွန်းတည့် ၁၂း၀၀နာရီ

၂။ တင်ဒါလျှောက်လွှာပုံစံများကို အောက်ဖော်ပြပါဌာနများတွင် ၁၃-၉-၂၀၁၃ ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

တင်ဒါလျှောက်လွှာ ခရိုင်အင်ဂျင်နီယာမှူး၊ မန္တလေး
ဝယ်ယူရမည့်နေရာ ဖုန်း-၀၂-၆၆၃၇၁၊ ၀၂-၇၀၁၄၃
တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
စက်မှုလယ်ယာဦးစီးဌာန
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စက်မှုလယ်ယာဦးစီးဌာနမှ ထွန်စက်အပိုပစ္စည်းများ၊ ထွန်/ထယ်နှင့် ထွန်/ထယ်အပိုပစ္စည်းများ၊ ရိတ်သိမ်းခြွေလှေ့စက် အပိုပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

တင်ဒါပုံစံရောင်းချမည့်ရက် ၉-၉-၂၀၁၃ရက်
တင်ဒါပိတ်မည့်ရက်နှင့်အချိန် ၉-၁၀-၂၀၁၃ ရက်၊ ၁၆း၃၀ နာရီ

တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း ဖုန်း-၀၆၇-၄၃၁၂၄၂၊ ၄၃၁၂၄၃ သို့ စုံစမ်းမေးမြန်းဝယ်ယူနိုင်ပါသည်။

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ၊ စက်မှုလယ်ယာဦးစီးဌာန
ရုံးအမှတ်(၅၀)၊ နေပြည်တော်



အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်နေ ဦးစံညွှန့်၊ ဒေါ်တင်အေးတို့၏သား မျိုးမင်းထွေး(ခ)မင်းမင်း [၁၂/မဂတ(နိုင်)၀၂၀၂၈၄]နှင့် ဦးခင်မောင်တင့်-ဒေါ်ခင်မြင့်တို့၏ သမီး ရင်ရင်နု(ခ)ပို့ပို့[၁၂/သဃက(နိုင်)၀၈၅၇၂၆]တို့သည် မိဘ၊ ညီအစ်ကိုမောင်နှမများအား အကြိမ်ကြိမ် စိတ်ဆင်းရဲအောင်ပြုလုပ်၍ ငွေရေးကြေးရေး ပြဿနာများ၊ လူမှုရေးအရှုပ်အရှင်းပြဿနာများလည်း ပြုလုပ်ထားရှိပါသည်။

သို့ပါ၍ မျိုးမင်းထွေး(ခ)မင်းမင်းနှင့် ရင်ရင်နု(ခ)ပို့ပို့နှင့် ပတ်သက်သော ကိစ္စအဝဝတို့အား လုံးဝ သက်ဆိုင်ခြင်းမရှိတော့ကြောင်းနှင့် တာဝန်ယူဖြေရှင်း ဆောင်ရွက်ပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

မိခင် ဒေါ်ခင်မြင့်နှင့် အစ်ကို၊ အစ်မများ

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ အထက်ပန်းဆိုးတန်းလမ်း၊ (၁-လွှာ/ယာ) အမှတ် (၁၇၈) ဟု ခေါ်တွင်သော ပေ(၁၆×၄၀) ရှိတိုက်ခန်းကိုလက်ဝယ်ထားရှိပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသူ ဦးသောင်းမြင့်[၁၂/မဂတ(နိုင်)၀၂၄၀၅၉]၊ (ZLN- ၀၉၁၇၅၄) ထံမှ အပျောက်စနစ်ဖြင့် ကျွန်ုပ်၏ မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ၂-၉-၂၀၁၃ ရက်က ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးအပ်ပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်ပြုလုပ်ခြင်းနှင့် ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူတို့မှ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစပြီး (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် ကျော်လွန်၍ ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြော်ငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်သင့်မြတ်မေ (LL.B), D.B.L
အထက်တန်းရှေ့နေ (စဉ်-၃၉၈၉၃)
အမှတ်(၃/၃၄)လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉ ၄၃၁၃၇၂၄၂

ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၅၆)၊ မြေကွက်အမှတ် (၁၃၂၆/ခ)၊ ၀. ၀၂၇ ဧက၊ (၁၂၀၀) စတုရန်းပေ၊ အလျားပေ(၂၀)၊ အနံပေ(၆၀) အကျယ်ရှိသော နှစ်(၆၀)ဂရန် မြေကွက်ခေါ် (၅၆)ရပ်ကွက်၊ အောင်တံခွန်(၂)လမ်း၊ အိမ်အမှတ်(၁၃၂၆/ခ) ဟု ခေါ်တွင်သည့် မြေနှင့် နေအိမ်အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးကို လက်ဝယ် ထားရှိပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဒေါ်ခင်ဌေးရီ၊ [၁၂/မရက(နိုင်)၀၃၄၂၇၇]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသဖြင့် အပြီးသတ်ငွေမချေမီ ကန့်ကွက်လိုပါက ယနေ့မှစ၍ (၁၄) ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထားများဖြင့် ကျွန်ုပ်တို့ထံ လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် ထိုရက်ကျော်လွန်သည့်တိုင် ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်မျိုးမမခင်(LL.B)	**ဦးရည်နိုင်ထွန်း(LL.B)**
အထက်တန်းရှေ့နေ	**အထက်တန်းရှေ့နေ**
(စဉ်-၃၆၅၄၉)	**(စဉ်-၃၁၈၂၆)**

အမှတ်(၁၃၇၉/က)၊ ရွှေယင်းမာ(၃)လမ်း၊(၂၄)ရပ်ကွက်၊
ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်။ ဖုန်း-၀၉-၄၂၀၈၈၉၀၄၊ ၀၉-၃၁၂၆၄၄၃၉

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ (၁၁၀)လမ်း၊ အမှတ်(၁၅)၊ (၆လွှာ) (ခေါင်းရင်းခန်း)အား ဦးမူနီရောင်း(ခ)ဦးခင်မောင်မြင့်မှ ကိုယ်တိုင်ပိုင်ဆိုင်ပြီး တရားဝင်စီမံခန့်ခွဲ ရောင်းချပိုင်သူဖြစ်ကြောင်း မြွက်ဟကြေညာ၍ ရောင်းချရန်ကမ်းလှမ်းသည်ကို ကျွန်ုပ်၏မိတ်ဆွေမှအဆိုပါ တိုက်ခန်းနှင့် တွယ်ကပ်လျက်ရှိသော အကျိုးခံစားခွင့်အရပ်ရပ်အား အပိုင်ဝယ်ယူရန် စရန်ငွေအချို့ပေးချေပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်း အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူမည်သူမဆို ပိုင်ဆိုင်ခွင့်အထောက်အထား၊ မူရင်းများနှင့်တကွ ဤကြော်ငြာစာပါသည့် နေ့ရက်မှ (၅)ရက်အတွင်း ကျွန်ုပ်တို့ထံလာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည့်တိုင် တစ်စုံတစ်ရာကန့်ကွက်ခြင်းမရှိခဲ့ပါက တိုက်ခန်းအရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ တရားဝင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးကြည်လင်း	**ဒေါ်သူဇာဟန်**
B.Sc, H.G.P.,R.L,C.B.L,D.B.L.,	**LL.B.,LL.M**
တရားလွှတ်တော်ရှေ့နေ(စဉ်-၄၈၅၀)	**အထက်တန်းရှေ့နေ(စဉ်-၂၄၅၃၇)**

ဖုန်း-၀၉-၇၃၁၀၄၂၁၇၊ ၀၁-၅၄၄၄၀၂၊ ၀၉-၄၂၅၂၇၂၁၆၁

စိန်ဖူးတော်နှင့် ငှက်မြတ်နားတော်လှည့်လည်ပူဇော်

ရန်ကုန်　　စက်တင်ဘာ　　၁၁

ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၌ တည်ထားကိုးကွယ်ထားသော အောင်ဗောဓိ ဆုတောင်းပြည့် စေတီတော် စိန်ဖူးတော်နှင့် ငှက်မြတ်နားတော်တို့ကို စေတီတော်ဂေါပကအဖွဲ့၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ရပ်ကွက် အသီးသီးရှိ အုပ်ချုပ်ရေးမှူးများ ဦးဆောင်မှုဖြင့် ရပ်ကွက်အတွင်းရှိ လမ်းအသီးသီးတို့တွင် ဒေသစာရီကြွချီလှည့်လည် အပူဇော်ခံလျက်ရှိသည်။ အမှတ်(၂၅)ရပ်ကွက်ရှိ ပုညကုသလဓမ္မာရုံ၌ စက်တင်ဘာ ၁၀ ရက်တွင် တစ်ညတာကိန်းဝပ် သီတင်းသုံးစံပယ်တော်မူပြီး စက်တင်ဘာ ၁၁ ရက်တွင် သတ်မှတ်နေရာအသီးသီးတို့၌ ဆက်လက်ဒေသစာရီကြွချီ လှည့်လည်အပူဇော်ခံမည်ဖြစ်ကြောင်း သိရသည်။

ခင်မောင်ဝင်း(ကြေးမုံ)

နံ့ရုံကပ်စာပေရေချမ်းစင်၌ စာစဉ်အသစ်များဖြည့်တင်း

ရန်ကုန်　စက်တင်ဘာ　၁၁

ဗဟန်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက ပြည်သူကိုဗဟိုပြုသော အများပြည်သူ ဝန်ဆောင်မှုလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ၁ ရက်တွင် မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများသည် ပြည်သူများ စာစဉ်များကို အလွယ်တကူနှင့် အချိန်မီဖတ်ရှုနိုင်ရန်အတွက် စာပေရေချမ်းစင်များ ထားရှိသည့် ရွှေဂုံတိုင်အထူးကုဆေးရုံ၊ ဇီဝိတဒါနသံဃာ့ဆေးရုံ၊ တိုင်းရင်းဆေးရုံ၊ ငါးထပ်ကြီး၊ ခြောက်ထပ်ကြီး၊ ကြေးသွန်းဘုရား၊ အဲယားပုဂံအေးရှားဝင်း လေယာဉ်လက်မှတ် အရောင်းဌာနများသို့သွားရောက်၍ စာစဉ်များ အသစ်ဖြည့်တင်းခြင်း လုပ်ငန်းကို ဆောင်ရွက်ခဲ့ကြသည်။

အဆိုပါ နံ့ရုံကပ်စာပေရေချမ်းစင်များကို ဗဟန်းမြို့နယ်အတွင်း ဇူလိုင် ၁ ရက်က စတင်ဖွင့်လှစ် ထားရှိပေးခဲ့ကြောင်း သိရသည်။

(မြို့နယ်ပြန်/ဆက်)

လင်မယားကြား ဝင်ရောက်ဖျန်ဖြေသူများအား ရိုက်နှက်

ရန်ကုန်　စက်တင်ဘာ　၁၁

ဆိပ်ဖြူမြို့နယ် ငှက်ပြာကြီးကျေးရွာနေ အောင်ဇော်(၂၈)နှစ်နှင့် ဇနီးဖြစ်သူ မငြိမ်းငြိမ်းစိုးတို့သည် စက်တင်ဘာ ၇ ရက် ညနေ ၄ နာရီခန့်က လင်မယားချင်း စကားများစဉ် မငြိမ်းငြိမ်းစိုး၏ အစ်မဖြစ်သူ မရင်ရင်စိုး(၂၉)နှစ်နှင့် အဒေါ်ဖြစ်သူ ဒေါ်ရီရီမြင့်(၄၇)နှစ်တို့က ဝင်ရောက်ဖျန်ဖြေခဲ့ရာ အောင်ဇော်က မရင်ရင်စိုးနှင့် ဒေါ်ရီရီမြင့်တို့အား သစ်သားထင်းချောင်းဖြင့် ရိုက်ခဲ့သဖြင့် ဒဏ်ရာများ အသီးသီးရရှိသွားကြ ကြောင်း သိရသည်။ **(ရဲပြန်ကြား)**

စီးပွားရေးကြော်ငြာ



အတုအယောင်မှသည် အစစ်အမှန်သို့

နေဇာဇာထွန်း

လူတို့သည် နံနက်လင်းပြီဆိုသည်နှင့်ပင် တစ်နေ့တာ အချိန် များကိုကျော်ဖြတ်ရင်း မိမိတို့၏လုပ်ငန်းဆောင်တာ များကို လုပ်ကိုင်နေကြရသည်။ ဆင်းရဲချမ်းသာအလိုက် ကာယအား၊ ဉာဏအားကိုအသုံးချကာ နိစ္စဓူဝ ရုန်းကန် လှုပ်ရှားနေကြရသည်။ ထိုကဲ့သို့ လုပ်ကိုင်ရင်းဖြင့် တစ်နေ့တာ ပင်ပန်းနွမ်းနယ်ခဲ့သမျှ ခန္ဓာကိုယ်တစ်ခုလုံး ညောင်းညာ ကိုက်ခဲမှုဒဏ်ကို အနည်းနှင့်အများတော့ ခံစားကြရသည်။ ညောင်းညာကိုက်ခဲသည့် ဝေဒနာကို သက်သာပျောက် ကင်းစေရန် အကြောအဆစ်ပြင် အနှိပ်ပညာတတ်ကျွမ်း သူတို့ဖြင့် ကုသကြရသည်။

အနှိပ်ပညာဟူသည် ညောင်းညာကိုက်ခဲသည့် ဝေဒနာများမှ သက်သာအောင် နှိပ်နယ်ပေးသည့်ပညာရပ် ပင်ဖြစ်သည်။ အနှိပ်ပညာသည် လူတို့၏ တစ်နေ့တာ ပင်ပန်းနွမ်းနယ်သမျှကို ဖြေလျှော့ပေးရုံမျှမက အခြား ရောဂါများကိုပါ ပျောက်ကင်းအောင် စွမ်းဆောင်ပေးနိုင် သည်ကို ဖတ်မှတ်ဖူးပါသည်။ ထို့ပြင် "ကိုးဆယ့်ခြောက်ပါး ရောဂါများကို လက်ဖျားထိရောက်၊ ကင်းကွာပျောက်လိမ့်၊ မှတ်လောက်စရာ၊ ရှေးဆရာတို့ စဉ်လာဥပဒေ၊ ထားခဲ့ပေသား၊ အသေအချာနှိပ်ပုံမှာမူ"ဟူ၍ အနှိပ်ပညာကို ဖော်ကျူးညွှန်းဆိုရေးသားခဲ့ကြသည်ကိုလည်း ဖတ်မှတ် ဖူးပါသည်။

လူတို့၏ အသိပညာများဖြင့် ခေတ်မီဆန်းသစ်သည့် လူ့အသုံးအဆောင်ဇိမ်ခံပစ္စည်းများကို တီထွင်လာကြ သည်။ စက်ပစ္စည်းအကူအညီဖြင့် လူတို့၏ တစ်နေ့တာ ပင်ပန်းနွမ်းနယ်သမျှကိုဖြေဖျောက်ရန် စေခိုင်းမှုပြု လာကြသည်။ ယခင်က ထန်းလက်ထိုင်ခုံဖြင့် အညောင်းဆန့်ခဲ့ကြရာမှ ယခုအခါ လျှပ်စစ်ထိုင်ခုံကို အစားထိုး လာကြပေပြီ။ အညောင်းပြေစေရန် ကျောအောက်တွင် ထားသည့် သစ်သားဘုတုံးလေးများအစား အနှိပ်စက် ကလေးများ နေရာယူလာကြပြီဖြစ်သည်။

ထိုမျှမက ဆေးပညာရပ်များထွန်းကားများပြား လာမှုနှင့်အတူ မြန်မာ့တိုင်းရင်းဆေးပညာ၊ အကြော အဆစ်ပညာရပ်များကို ဆန်းသစ်ချဲ့ထွင်လာကြသည်။ နိုင်ငံတော်ကလည်း တိုင်းရင်းဆေးပညာရပ်ကို အလေးထား ဆောင်ရွက်လာသည်ကို တွေ့လာရသည်။ ဆေးသိပ္ပံပညာ ထွန်းကားရန်လိုအပ်သကဲ့သို့ တိုင်းရင်းဆေးပညာသည် လည်း များစွာအရေးပါလှပေသည်။ အထူးသဖြင့် တိုင်းရင်းဆေးပညာသည် မြန်မာတို့၏လက်ငုတ်လက်ရင်း ဟုဆိုရပေမည်။ ရှေးယခင်က မြန်မာ့တိုင်းရင်းဆေးများ ကိုသာ အဓိကထားမှီဝဲသုံးစွဲခဲ့ကြရသည်။ အစွမ်းထက် သည့်ဆေးစွမ်းကောင်းများစွာသည်လည်း ယနေ့ထက်တိုင် ထင်ကျန်နေဆဲဖြစ်သည်။ မြန်မာ့ဆေးစွမ်းကောင်းများ သာမက အနှိပ်ပညာသည်လည်း ရှေးမြန်မာမင်းများ လက်ထက်ကပင် ခေတ်စားလာခဲ့ကြသည်။ ရှေးဘုရင် မင်းများလက်ထက်က အနှိပ်တော်ဆက်ရသည့် အနှိပ်တော် ရပ်ကွက်ဟုပင် ရှိခဲ့သည်ကို မှတ်သားဖူးပါသည်။

မြန်မာ့တိုင်းရင်းဆေးပညာကို အမှန်တကယ် လေ့လာလိုက်စားပြီး အသက်မွေးဝမ်းကျောင်းပညာဖြင့် လုပ်ကိုင်စားသောက်ကြမည်ဆိုလျှင် စားသောက်၍ ရနိုင် ပါသည်။ ရှေးယခင်က အနှိပ်ပညာကျွမ်းကျင်သူတစ်ဦး သည် လူနာတစ်ဦးကို လက်ညှိုးနှင့် ထောက်ရုံမျှဖြင့် ထိုလူနာ မကြာမီသေမည်ဖြစ်ကြောင်း တပ်အပ် ပြောနိုင်သည့် အတတ်ပညာနှင့် ပြည့်စုံသူရှိခဲ့ဖူးပါသည်။ 'တကယ်ဖြစ်ချင် တကယ်လုပ် အဟုတ်ဖြစ်ရမည်' ဆိုသကဲ့သို့ မိမိ၏အသက်မွေးဝမ်းကျောင်းပညာရပ် အဖြစ် သင်ယူလုပ်ကိုင်သွားကြမည်ဆိုပါက မြန်မာ့ အကြောအဆစ်ပညာပါရဂူကြီးများ ဖြစ်လာနိုင်ပါသည်။

မျက်မမြင်ကျောင်းမှ မျက်မမြင်သူများကိုပင် နိုင်ငံတော်က အကြောအဆစ်နှင့် ပတ်သက်သည့်အနှိပ်ပညာရပ်ကို သင်ကြားပေးကာ ၎င်းတို့၏ ဘဝတစ်လျှောက်လုံးတွင် အနှိပ်ပညာဖြင့် အသက်မွေးဝမ်းကျောင်းနိုင်ရန်အတွက် ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိသည်။ ကျန်းမာသန်စွမ်း သူများအဖို့ သင်ကြားရန်မှာ အမှန်တကယ် တတ်မြောက် ချင်လျှင် ခက်ခဲမည်မထင်ပါ။

နေ့စဉ်ပင်ပန်းနွမ်းနယ်သမျှ ညောင်းညာကိုက်ခဲမှု ဝေဒနာကို ပြေပျောက်စေရန် အမှန်တကယ်အနှိပ်ပညာ ကျွမ်းကျင်သော အကြောအဆစ်ပြင်ဆရာများကို လိုလား တောင့်တကြပါလိမ့်မည်။ အမှန်တကယ်တတ်ကျွမ်း နားလည်သည့် အကြောအဆစ်ပြင် အနှိပ်ပညာရှင်များ ဖြင့် ဖွဲ့စည်းထားသည့်ဆေးကုသခန်းများ နေရာယူလာလျှင် ပြည်သူများ၏ကျန်းမာရေးအတွက် များစွာကောင်းကျိုးပြု မည်ဟု ထင်မြင်ယူဆမိပါသည်။ နိုင်ငံတစ်ဝန်း အတု အယောင် အနှိပ်သည်များကင်းဝေးပြီး မြန်မာ့တိုင်းရင်း ဆေးပညာသည်လည်း ဆတက်ထမ်းပိုးတိုးကာ ပြည်သူ များ၏ ရောဂါဘယများကို ကုသနိုင်သည့် တရားဥပဒေ ဘောင်အတွင်းမှ နေထိုင်လုပ်ကိုင်သူများ ဖြစ်ကြပါ စေကြောင်း။ ။

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၂)ရပ်ကွက်၊ သီရိ(၃)လမ်း၊ အမှတ်-၁၂(A) တိုက်အဆောက်အအုံ၏ ပထမထပ်(ခေါင်းရင်းခန်း)တိုက်ခန်းအပါအဝင် ယင်းအခန်း၏အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင် လက်ရှိပိုင်ဆိုင်လွှဲပြောင်းရောင်းချခွင့်ရှိသူ ဦးဝင်းမြင့်[၉/ပမန(နိုင်)၀၁၉၆၁၆]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ၎င်းကိုယ်စား ရောင်းချပိုင်ခွင့်ရှိသူဟုဆိုသူ ဒေါ်ပွင့်မျှူးပိုင် [၁၀/မဒန(နိုင်)၀၀၂၃၁၈]အား စရန်ငွေတစ်စိတ် တစ်ဒေသပေးချေထားပြီးဖြစ်ပါသဖြင့် ဖော်ပြပါတိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသော စာရွက်စာတမ်းအပြည့်အစုံဖြင့် ဤကြော်ငြာ ပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ဒေါ်ခင်သန်းဌေး၏လွှဲအပ်ညွှန်ကြားချက်အရ-

တွဲတေး ဦးသိန်းဝင်း	**ဒေါ်ဝါဝါထွန်း**	**ဒလဒေါ်စန်းစန်းမော်**
(စဉ်-၄၇၅၈)	**(စဉ်-၃၄၁၇၂)**	**(စဉ်-၄၁၉၇၁)**
(တရားလွှတ်တော်ရှေ့နေ)	**(အထက်တန်းရှေ့နေများ)**	

ရုံး-အမှတ်-၁၃၂၊ ပ-ထပ်၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
အိမ်-အမှတ်-၂၀၈၊ မဟာဘောဂ(၂)လမ်း၊ (၃)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။

အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ အမှတ်(၇)ရပ်ကွက်၊ စိန်ပန်းမြိုင်လမ်း၊ မြေကွက် အမှတ်(၃/ခ)၊ မြေအကျယ်ပေ(၂၀×၆၀) ဦးအေးဆိုင်အမည်ပေါက် မြေချပါမစ်နှင့် ယင်းမြေပေါ်ရှိ နှစ်ထပ်တိုက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို စာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူလက်ရှိထားပိုင်ဆိုင်သူ ဦးတင်ရွှေဦး[၁၂/အစန(နိုင်)၁၂၅၄၉၇]ထံမှ ကျွန်ုပ်မိတ်ဆွေ ဦးစန်းမောင်[၁၄/လမန(နိုင်)၀၆၂၂၀၁]က အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၁၄)ရက်အတွင်း ခိုင်လုံသောပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်မည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်မြသက်ဝေ	**ဒေါ်ငြိမ်းချမ်းဦး**	**ဦးအောင်သိန်း**
(စဉ်- ၂၄၇၃၁)	**(စဉ်- ၃၉၇၂၀)**	**(စဉ်- ၂၂၀၁၉)**
အထက်တန်းရှေ့နေများ		**အထက်တန်းရှေ့နေ**
ဖုန်း-၀၉-၅၀၈၈၆၄၁၊ ၀၉-၄၂၀၂၄၉၃၆၉		**တိုက်-၂၊ အခန်း(၁၀၁)၊ ဗိုလ်အောင်ကျော်အိမ်ရာ၊ (၇)ရပ်ကွက်၊ လှိုင်သာယာမြို့နယ်။ဖုန်း-၀၉-၅၁၈၆၇၉၈**

သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့၊ အလယ်ကျွန်းနယ်မြေ၊ ပါရမီ(၂)ရပ်ကွက်၊ ဖွားမင်းသိုက်လမ်းသွယ်၊ အမှတ်(၂၀၆၃)တွင် နေထိုင်သည့် (ဦးသန်းထွန်း)-နန့်ကြူကြူဝင်းတို့၏သမီးဖြစ်သူ နန့်ကလျာဝင်း [၁၄/အမန(နိုင်)၀၈၇၉၇၀]သည် မိဘများ၏ ဆုံးမမှုကိုမနာခံဘဲ မိဘညီအစ်ကိုမောင်နှမများအား ကိုယ်စိတ်နှစ်ပါးဆင်းရဲအောင် ပြုမူခဲ့သည့်အပြင် မိမိ၏သဘောဆန္ဒ အလျောက် နေအိမ်မှဆင်းသွားပါသဖြင့် သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါ သည်။ ၎င်းနှင့်ပတ်သက်သည့် ကိစ္စမှန်သမျှ ကျန်ရှိသောမိသားစုနှင့် မသက်ဆိုင်တော့ ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)

နန့်ကြူကြူဝင်း

ပေါ်ပြူလာဝတ်စား

ဆရာမိုး Follow Me Ph.D (USA)

ENGLISH 4 SKILLS Level (1,2)

Advanced Diploma in English (USA)

SPEAKING

ဖခင်အမည်မှန်

မောင်မိုလေးအောင် အထက(၃) ပြင်ဦးလွင်မြို့၏ ဖခင်အမည်မှန်မှာ ဦးမိုကျာဆီ [၁/ပတအ(နိုင်)၀၂၄၀ ၅၉]ဖြစ်ပါကြောင်း။

အိမ်နှင့်ခြံရောင်းမည်

တောင်ဥက္ကလာပ၊ ငွေကြာယံ ရိပ်သာ VIP ပေ(60x80) တကယ်နေမည့်သူ ဆက်သွယ်ရန်။

ဖုန်း-၀၉၃၁၁၂၇၆၅၆

ဖခင်အမည်မှန်

ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးမြို့နယ် ကွ္ကန်းတောအခြေခံပညာအထက်တန်းကျောင်း(ခွဲ)အဌမတန်းမှ မရွှေသုန္ဒရီ၏ဖခင်အမည်မှန်မှာ ဦးလူစိန်[၁၂/တတန(နိုင်)၁၄၇၉၆၁] ဖြစ်ပါသည်။ **ဦးလူစိန်**

အမည်ပြောင်း

ဝါးခယ်မမြို့၊ အထက(၁)၊ ဒသမတန်း(E)မှ မမေစီသန်းအား ယနေ့မှစ၍ မလင်းလဲ့ကြယ်စင်ဟု ပြောင်းလဲခေါ်ပါရန်။

လင်းလဲ့ကြယ်စင်

ဖခင်အမည်မှန်

ထားဝယ်မြို့၊ ဝဲကျွန်း(အထက-ခွဲ)၊ အဌမတန်း(B)မှ မဟန်သီဂီထွန်း၏ ဖခင်အမည်မှန်မှာ ဦးဟန်ဝင်းအောင်[၁၂/ရကန(နိုင်)၀၀၃၄၂၀] ဖြစ်ပါကြောင်း။

ဖခင်အမည်မှန်

အထက(၅)၊ မ/ဥ၊ ပဥ္စမတန်း(C)မှ မစိုးစန္ဒာဝင်းနှင့် အမက(၈) IV မှ မချိုချိုဝင်းတို့၏ ဖခင်အမည်မှန်မှာ ဦးသိန်းရွှေ(ခ)ကျူးရှောင်ကွေ ဖြစ်ပါသည်။ **ကျူးရှောင်ကွေ**
[၁၃/တယန(နိုင်)၀၁၅၀၁၇]

KEYSTONE
TEA. COFFEE. NOODLES.
ဆိုင်သစ်ကို နေပြည်တော် ဥတ္တရသီရိမြို့
Ocean Supercenter တွင် ဖွင့်လှစ်လိုက်ပါပြီ။

KEYSTONE
TEA. COFFEE. NOODLES.
FREE!!!

အမြန်ဆက်သွယ်ပါ

တရုတ်-မြန်မာစကားပြန်(၁)ဦး၊ ကျား (သို့) မ၊ လစာ ၂သိန်း စားရေး၊ နေရေး စီစဉ်ပေးမည်။ ၆၇/၁ ယင်းမာမြိုင်လမ်း၊ စုပေါင်းအိမ်ရာ၊ သုဝဏ္ဏ
ဖုန်း-၀၉- ၄၀၂၆၀၆၈၆၈၊ ၄၂၀၂၄၆၃၃၃

ပျောက်ဆုံးကြောင်း ကွန်တော်ဦးဝင်းစိုး K/RGN-၀၂၈၁၄၀ ၏ Passport No 659078 မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉၂၅၀၁၄၂၆၀၅**

(မြန်မာနိုင်ငံ ကုမ္ပဏီများနည်းဥပဒေအပိုဒ်-၃၂အရ)
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံးတော်၌
(မြန်မာဒို့အောင်မြေဆောက်လုပ်ရေး
ကုမ္ပဏီလီမိတက်၏ မြန်မာနိုင်ငံကုမ္ပဏီ ဥပဒေပုဒ်မ- ၁၆၂ အရ
လျှောက်ထားသည့်အရေး၌)
၂၀၁၃ ခုနှစ်၊ တရားမအထွေထွေလျှောက်လွှာအမှတ်(၁၅၉)

ဦးမြင့်သိန်း ဒါရိုက်တာ မြန်မာဒို့အောင်မြေဆောက်လုပ်ရေး ကုမ္ပဏီလီမိတက် (Myanmar Doh Aung Myay Construction Company Limited) အမှတ်- ၄၈(စီ)၊ ပင်လုံအိမ်ရာ၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။ — **လျှောက်ထားသူ**

မြန်မာဒို့အောင်မြေဆောက်လုပ်ရေးကုမ္ပဏီလီမိတက် (Myanmar Doh Aung Myay Construction Company Limited) အမှတ်- ၄၈(စီ)၊ ပင်လုံအိမ်ရာ၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။ — **လျှောက်ထားခံရသူ**

အမှတ်- ၄၈(စီ)၊ ပင်လုံအိမ်ရာ၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့တွင် ရုံးခန်းဖွင့်လှစ်ပြီး ဆောက်လုပ်ရေးလုပ်ငန်းကို အဓိကအားဖြင့် လုပ်ကိုင်ဆောင်ရွက်နေသည့် မြန်မာဒို့အောင်မြေဆောက်လုပ်ရေးကုမ္ပဏီလီမိတက် (Myanmar Doh Aung Myay Construction Company Limited)သည် ကုမ္ပဏီလုပ်ငန်းကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ကိုင်ရန် မဖြစ်နိုင်တော့သဖြင့် ကုမ္ပဏီကို တရားရုံး၏ အမိန့်အရ စာရင်းရှင်းလင်းဖျက်သိမ်းရန် မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေပုဒ်မ- ၁၆၂(၄)အရ လျှောက်ထားသောအမှုတွင်-

အထက်အမည်ပါ ကုမ္ပဏီကို စာရင်းရှင်းလင်းဖျက်သိမ်းပေးရန် လျှောက်ထားသူက ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၁၂ ရက်တွင် ဤတရားရုံးသို့ လျှောက်ထားသည်ဖြစ်၍ အဆိုပါလျှောက်လွှာကို (၁၃၇၅ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၆ရက်)၊ ၂၀၁၃ ခုနှစ် အောက်တိုဘာလ ၁၀ရက်တွင် ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံးတော်၌ နံနက် ၁၀ နာရီတွင် စစ်ဆေးကြားနာမည်ဖြစ်ရာ အထက်ပါဥပဒေအရ အဆိုပါကုမ္ပဏီကို ဖျက်သိမ်းရန် အမိန့်ထုတ်ခြင်းပေးအပေါ် ကန့်ကွက်လိုသော် လည်းကောင်း၊ ကုမ္ပဏီ၏မြီရှင်၊ ကြွေးမြီကူညီပေးဆပ်သူ သို့မဟုတ် အစုပါဝင်သူ တစ်ဦးတစ်ယောက်တို့သည် ၎င်းတို့ကိုယ်တိုင်ဖြစ်စေ၊ ၎င်းတို့၏ အခွင့်အမိန့်ရ ရှေ့နေတစ်ဦးဦးနှင့်ဖြစ်စေ၊ ကြားနာစစ်ဆေးမည့် အဆိုပါချိန်းဆိုထားသည့် နေ့ရက်တွင် ထိုကိစ္စအတွက် လာရောက်ရန် ကြော်ငြာလိုက်သည်။ အောက်တွင်လက်မှတ်ရေးထိုးသူထံ အဆိုပါကုမ္ပဏီ၏ မြီရှင်၊ ကြွေးမြီကူညီ ပေးဆပ်သူ သို့မဟုတ် အစုပါဝင်သူမည်သူမဆို ၎င်းလျှောက်ထားသည့် လျှောက်လွှာမိတ္တူတစ်စောင်ကို အလိုရှိပါက ၎င်းအတွက် သတ်မှတ်ထားသောနှုန်း ပေးသွင်းလျှင် ထုတ်ပေးမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ဦးနေလ (တရားလွှတ်တော်ရှေ့နေ)
အမှတ်(၅၅)၊ ဒုတိယထပ်၊ အခန်းနံပါတ်(၁၇)၊ မဟာဗန္ဓုလပန်းခြံလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

(မြန်မာနိုင်ငံ ကုမ္ပဏီများနည်းဥပဒေအပိုဒ်- ၃၂ အရ)
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံးတော်၌
(ဆုထူးစံဆောက်လုပ်ရေး ကုမ္ပဏီလီမိတက်၏ မြန်မာနိုင်ငံကုမ္ပဏီ
ဥပဒေပုဒ်မ- ၁၆၂ အရ လျှောက်ထားသည့်အရေး၌)
၂၀၁၃ ခုနှစ်၊ တရားမအထွေထွေလျှောက်လွှာအမှတ်(၁၅၈)

ဦးမြင့်သိန်း ဒါရိုက်တာ ဆုထူးစံဆောက်လုပ်ရေးကုမ္ပဏီလီမိတက် (Su Htoo San Construction Company Limited) အမှတ်- ၄၈(စီ)၊ ပင်လုံအိမ်ရာ၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။ — **လျှောက်ထားသူ**

ဆုထူးစံဆောက်လုပ်ရေးကုမ္ပဏီလီမိတက် (Su Htoo San Construction Company Limited) အမှတ်-၄၈(စီ)၊ပင်လုံအိမ်ရာ၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်၊ ရန်ကုန်မြို့။ — **လျှောက်ထားခံရသူ**

အမှတ်- ၄၈(စီ)၊ ပင်လုံအိမ်ရာ၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့တွင် ရုံးခန်းဖွင့်လှစ်ပြီး ဆောက်လုပ်ရေးလုပ်ငန်းကို အဓိကအားဖြင့် လုပ်ကိုင်ဆောင်ရွက်နေသည့် ဆုထူးစံဆောက်လုပ်ရေးကုမ္ပဏီလီမိတက် (Su Htoo San Construction Company Limited)သည် ကုမ္ပဏီလုပ်ငန်းကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ကိုင်ရန်မဖြစ်နိုင်တော့သဖြင့် ကုမ္ပဏီကို တရားရုံး၏ အမိန့်အရ စာရင်းရှင်းလင်းဖျက်သိမ်းရန် မြန်မာနိုင်ငံကုမ္ပဏီများဥပဒေပုဒ်မ- ၁၆၂(၄)အရ လျှောက်ထားသောအမှုတွင်-

အထက်အမည်ပါ ကုမ္ပဏီကို စာရင်းရှင်းလင်းဖျက်သိမ်းပေးရန် လျှောက်ထားသူက ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၁၂ ရက်တွင် ဤတရားရုံးသို့ လျှောက်ထားသည်ဖြစ်၍ အဆိုပါလျှောက်လွှာကို (၁၃၇၅ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၆ရက်၊) ၂၀၁၃ခုနှစ် အောက်တိုဘာလ ၁၀ရက်တွင် ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံးတော်၌ နံနက် ၁၀ နာရီတွင် စစ်ဆေးကြားနာမည်ဖြစ်ရာ အထက်ပါဥပဒေအရ အဆိုပါကုမ္ပဏီကို ဖျက်သိမ်းရန် အမိန့်ထုတ်ပေးခြင်းအပေါ် ကန့်ကွက် လိုသော်လည်းကောင်း၊ ကုမ္ပဏီ၏မြီရှင်၊ ကြွေးမြီကူညီပေးဆပ်သူ သို့မဟုတ် အစုပါဝင်သူ တစ်ဦး တစ်ယောက်တို့သည် ၎င်းတို့ကိုယ်တိုင်ဖြစ်စေ၊ ၎င်းတို့၏ အခွင့်အမိန့်ရရှေ့နေတစ်ဦးဦးနှင့် ဖြစ်စေ၊ ကြားနာစစ်ဆေးမည့် အဆိုပါချိန်းဆိုထားသည့်နေ့ရက်တွင် ထိုကိစ္စအတွက်လာရောက်ရန် ကြော်ငြာလိုက်သည်။ အောက်တွင် လက်မှတ်ရေးထိုးသူထံ အဆိုပါကုမ္ပဏီ၏ မြီရှင်၊ ကြွေးမြီကူညီပေးဆပ်သူ သို့မဟုတ် အစုပါဝင်သူမည်သူမဆို ၎င်းလျှောက်ထားသည့် လျှောက်လွှာမိတ္တူတစ်စောင်ကို အလိုရှိပါက ၎င်းအတွက် သတ်မှတ်ထားသောနှုန်း ပေးသွင်းလျှင် ထုတ်ပေးမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ဦးနေလ (တရားလွှတ်တော်ရှေ့နေ)
အမှတ်(၅၅)၊ ဒုတိယထပ်၊ အခန်းနံပါတ်(၁၇)၊ မဟာဗန္ဓုလပန်းခြံလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၇)ရပ်ကွက်၊ စိတ္တသုခလမ်း၊ အမှတ်(၅)နေ (၁) ဒေါ်လှလှကြိုင် [၁၂/လမန(နိုင်)၀၄၈၈၆၈]၊ (၂)ဒေါ်သန်းသန်းအုန်း [၁၂/လမန(နိုင်)၀၄၈၇၄၈]၊ (၃) ဒေါ်ခင်သန်း[၁၂/လမန(နိုင်)၀၄၈၆၆၈]ကိုင်ဆောင်သူတို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၇)ရပ်ကွက်၊ စိတ္တသုခလမ်း၊ အမှတ်(၅)၊ မြေအကျယ်အဝန်းပေ(၂၉×၆၅) မြေကွက်ပေါ်တွင် ကျွန်ုပ်တို့၏ မိတ်ဆွေများမှ အိမ်တစ်လုံးစီဆောက်လုပ်၍ ဘိုးဘေးစဉ်ဆက် အစဉ်တစိုက်နေထိုင်လာကြပြီး ယခုလွှဲအပ်ညွှန်ကြားသူများမှလည်း အဆိုပါအိမ်မြေပေါ်၌ မွေးဖွားနေထိုင်လာကြရာ နှစ်ပေါင်း၄၀ကျော်တိုင် မည်သူတစ်ဦးတစ်ယောက်၏ ဟန့်တားကန့်ကွက်မှုမရှိဘဲ ယနေ့ထက်တိုင် နေထိုင်လာခဲ့ကြသူများဖြစ်ပါသည်။ အဆိုပါ အိမ်မြေတို့အား ကျွန်ုပ်တို့၏ မိတ်ဆွေများဖြစ်သော ဒေါ်လှလှကြိုင်၊ ဒေါ်သန်းသန်းအုန်း၊ ဒေါ်ခင်သန်းတို့ (၃)ဦးသာ တရားဝင်ပိုင်ဆိုင်ပြီး ၎င်းတို့၏ အတိအလင်းခွင့်ပြုချက်မရဘဲ ဝင်ရောက်ကျူးကျော်နေထိုင်ခြင်း၊ ငှားရမ်းခြင်း၊ ရောင်းချခြင်း၊ အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းများ မပြုလုပ်ရန် သတိပေးကြေညာအပ်ပါသည်။ အကယ်၍ပြုလုပ်ပါကပြုလုပ်သူနှင့် ပါဝင်ပတ်သက်သူများအပေါ် တည်ဆဲဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ**

ဦးထွန်းလင်းအောင်(LL.B.,D.B.L.,D.M.L) **ဒေါ်ဖြူဖြူခိုင် (LL.B.,D.B.L.,D.M.L)**
တရားလွှတ်တော်ရှေ့နေများ
ဒေါ်ငြိမ်းချမ်းစုရည် LL.B
အထက်တန်းရှေ့နေ
အမှတ်-၂၇(ဘီ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။



ကန့်ကွက်နိုင်ကြောင်းအများသိစေရန်အသိပေးကြေညာချက်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၁၅၃)ရပ်ကွက်၊ အမှတ်(၁၈၃၈)ဟုခေါ်တွင်သော စတုရန်းပေ(၂၄၀၀) အကျယ်ရှိ ဦးမြလှိုင်[၁၂/ကတတ(နိုင်)၀၀၉၈၁၁]အမည်ပေါက် ပါမစ်မြေအား အမည်ပေါက်ပိုင်ရှင်ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားများနှင့် ကျွန်ုပ်ထံ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ခင်ကြည်မွန်(LL.B) — **အထက်တန်းရှေ့နေ(စဉ်-၂၇၃၈၆)**

ဒေါ်အေးခိုင်ဇင်(LL.B) — **အထက်တန်းရှေ့နေ(စဉ်-၃၀၈၁၁)**

အမှတ်(၅၀/၆၀)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း- ၀၉-၄၃၁၁၄၁၄၁

အများသိစေရန်ကြေညာစာ

ဦးထွန်းထွန်းဦး[၁၂/မရက(နိုင်)၁၂၇၃၄၉]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါ သည်။

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၅)(ကံဘဲ့)၊ မြေကွက်အမှတ်(၁၁/ခ)၊ ဧရိယာ (၀. ၀၇၇)ဧကရှိ လ/န-၃(ခ)ကျပြီး မြေပိုင်မြေကွက်ကိုပိုင်ဆိုင်ပြီး ယင်းမြေကွက်ပေါ်တွင် မရမ်းကုန်းမြို့နယ်၊ (၉) ရပ်ကွက်၊ ကမ္ဘာအေးစေတီလမ်း၊ အမှတ် ၂၀၄ (က) ဟု ခေါ်တွင်သော (၂)ခန်းတွဲ၊ (၃)ထပ်တိုက်တစ်လုံးနှင့် မရမ်းကုန်းမြို့နယ်၊ (၉)ရပ်ကွက်၊ ကမ္ဘာအေးစေတီလမ်း၊ အမှတ် (၂၀၄/ခ)ဟုခေါ်တွင်သော (၂) ခန်းတွဲ၊ (၆)ထပ်တိုက်တစ်လုံးတို့သည် ဖခင်ဦးစိုးမြင့် (၁၂/မရက (နိုင်) ၀၇၆၅၆၁) ပိုင်ဆိုင်သော ပစ္စည်းများဖြစ်ပါသည်။ သို့ရာတွင် အမှတ်(၂၀၄/က)တွင်ရှိသော အခန်း(၆)ခန်းနှင့် အမှတ်(၂၀၄/ခ)တွင်ရှိသော အခန်း(၉) ခန်းတို့ကို ရောင်းချထားပြီးဖြစ်သည့်အတွက် အိမ်လခများကို ရရှိခံစားလျက်ရှိပါသည်။

ထို့အပြင် တိုက်အမှတ်(၂၀၄/ခ)၏ (၅)လွှာတစ်ခန်းနှင့် (၆)လွှာနှစ်ခန်း၊ စုစုပေါင်း အခန်းသုံးခန်း ကို ဖခင်ဖြစ်သူမှ ပိုင်ဆိုင်ပြီး နှစ်ခန်းတွင် အိမ်ငှားများနှင့် တစ်ခန်းတွင် ဦးတင်မြင့် [၁၂/မရက(နိုင်)၀၇၅၈၈၅]သို့ မေတ္တာသက်သက်ဖြင့် နေထိုင်ခွင့်ပြုထားခဲ့ပါသည်။ ယခုအချိန်တွင် ဖခင် ဦးစိုးမြင့်သည် မကြုံတွေ့သင့်သည့် လောကဓံတရားကြောင့် အသက်ရှိသော်လည်း အသိမရှိသည့်သူတစ်ဦးကဲ့သို့ ကျန်းမာရေး ချို့ယွင်းလျက်ရှိပါသည်။

ထိုသို့သော အခြေအနေတွင် ဖခင်ကြီး ခံစားခွင့်ရှိသည့် ပင်စင်၏ လစာအပါအဝင် ဖခင်ကြီးပိုင်ပစ္စည်းအရပ်ရပ်ကို သားအကြီးဖြစ်သူ ကျွန်ုပ်မိတ်ဆွေ ဦးထွန်းထွန်းဦး၏ သဘောတူညီခွင့်ပြုချက်မပါဘဲ မည်သူမျှ တစ်စုံတစ်ရာ စီမံခန့်ခွဲမှု မပြုပါရန် အများသိစေရန် ကြေညာအပ်ပါသည်။ ဤသို့ ကြေညာထားပါလျက် မမှန်မကန်သောနည်းလမ်းဖြင့် ဖခင်၏လက်ဗွေ၊ လက်မှတ်ကို ရယူလျက် ပစ္စည်းစီမံခန့်ခွဲမှု တစ်စုံတစ်ရာပြုလုပ်လာပါက ပြုလုပ်သူနှင့် ပူးပေါင်းပါဝင် အားပေးကူညီသူတို့အပေါ် တည်ဆဲဥပဒေများနှင့်အညီ တရားစွဲဆိုသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးကိုကိုဦး (LL.B, D.B.L)
တရားလွှတ်တော်ရှေ့နေ(စဉ်- ၈၈၄၆)
အမှတ်-၈၈၊ ၉၃လမ်း၊ ကန်/ရှေ့ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်။
ဖုန်း-၀၉ ၅၀၉၀၉၄၂

ဦးမောင်မောင်လွင်နှင့်အများသိစေရန်

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ က/၄၅၁၊ နွယ်သာကီ(၆)လမ်း၊ မြောက်ဥက္ကလာပမြို့နယ်နေ မခင်လေးမွန်[၁၂/ဥကမ(နိုင်)၁၉၂၉၃၇]၏ လွှဲအပ်ချက်အရ လူကြီးမင်းနှင့် ကျွန်ုပ်မိတ်ဆွေတို့သည် ၂၀၁၀ ခုနှစ်က အစ္စလာမ်ဘာသာဓလေ့ထုံးတမ်းနှင့်အညီ လက်ထပ်ပေါင်းသင်းခဲ့ရာ သားတစ်ဦး ထွန်းကားခဲ့ပြီး၊ လွန်ခဲ့သော ၁၀ လခန့်ကစ၍ လူကြီးမင်းသည် မိမိ၏သဘောဆန္ဒအလျောက် နေအိမ်မှထွက်ခွာသွားပြီး ကျွန်ုပ်၏မိတ်ဆွေအား တစ်စုံတစ်ရာထောက်ပံ့ပေးကမ်းခြင်း၊ ဆက်သွယ်ခြင်းလုံးဝမရှိတော့ပါသဖြင့် ကျွန်ုပ်၏မိတ်ဆွေမှ လူကြီးမင်းအား အကြင်လင်မယားအဖြစ် ဆက်လက်ပေါင်းသင်းလိုသည့် ဆန္ဒမရှိတော့သည့်အလျောက် ယနေ့မှစ၍ လူကြီးမင်းနှင့် ကျွန်ုပ်မိတ်ဆွေတို့သည် အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပြီးစီးကြောင်းနှင့် နောက်နောင် လူကြီးမင်းမှ ကျွန်ုပ်၏မိတ်ဆွေအားပတ်သက်မှု၊ နှောင့်ယှက်မှုတစ်စုံတစ်ရာမပြုလုပ်ပါရန် အများ သိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးကိုကိုစံ (LL.B)
အထက်တန်းရှေ့နေ(စဉ်- ၂၅၁၈၅)
(က/၄၅၃)၊ နွယ်သာကီ(၆)လမ်း၊ မြောက်ဥက္ကလာ၊ ဖုန်း-၀၉-၄၂၁၀၆၅၄၁၅

လူပျောက်ကြော်ငြာ



တစ်ဖက်ပါဓာတ်ပုံရှင် ဦးထွန်းမြင့်ရွှေ(ခ)ဦးဝင်းမြင့်သည် လှိုင်သာယာမြို့နယ်၊ (၁၁)ရပ်ကွက်၊ ကုမုဒြာလမ်း၊ အိမ်အမှတ်(၂၅၀) နေအိမ်မှ ထွက်သွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ အကြောင်းကြားပေးသူအား ကျေးဇူးဆပ်ပါမည်။

ဖုန်း- ၀၉-၇၃၂၀၁၆၂၈၊ ၀၉-၄၂၀၃၀၃၅၁၀၊ ၀၉-၁၀၇၇၅၇၈

ဖခင် အမည်မှန်

ရေနံချောင်းမြို့၊ အထက (၁) ဒသမတန်း(A)မှမချိုရီသင်း၏ဖခင် အမည်မှန်မှာ ဦးမျိုးနိုင်ဝင်း ဖြစ်ပါကြောင်း။

ဦးမျိုးနိုင်ဝင်း[၈/ရနခ(နိုင်)၀၉၈၇၈၁]

ခြံရောင်းမည်

နှစ်(၆၀)ဂရန်၊ ပေ(၁၂၀×၁၂၅)၊ ကယရပ်ကွက်၊ (၇)လမ်း၊ ပုလဲမြို့သစ်၊ မင်္ဂလာဒုံမြို့နယ်။

ဖုန်း-၀၉-၅၀၄၆၈၄၂၊ ၀၁-၂၉၂၀၄၅

ဝမ်းမြောက်ဝမ်းသာစွာဖြင့် သာဓုအနုမောဒနာခေါ်ဆိုခြင်း

ဦးဝင်း-ဒေါ်ဒေါ်မုတ်မိသားစုကောင်းမှု

စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့နယ်၊ ဆားတောင်တိုက်နယ် စေတနာရှင် လူမှုကူညီရေးအသင်းအတွက် လိုအပ်သလို သုံးစွဲနိုင်ရန် ရည်သန်၍ စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့နယ်၊ ဆားတောင်စံပြကျေးရွာ၊ တောင်ဘိုရပ် ဦးဝင်း-ဒေါ်ဒေါ်မုတ်တို့မှ (လူနာတင်) မော်တော်ယာဉ်တစ်စီးကို လှူဒါန်းပါဝင်သောကြောင့် ဝမ်းမြောက်ဝမ်းသာစွာဖြင့် သာဓုခေါ်ဆို အပ်ပါသည်။

ဘဒ္ဒန္တနန္ဒာသဘ(ဥက္ကဋ္ဌဆရာတော်)
စေတနာရှင်လူမှုကူညီရေးအသင်း
ဆားတောင်တိုက်နယ်၊ စစ်ကိုင်းမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး
ဖုန်း-၀၉-၄၀၀၅၁၅၆၆၈

UNIQUE STAR TRAVELS

GI Group

ကျော်ကျော်နိုင်မိသားစု ကုမ္ပဏီလီမိတက်

အောင်ချမ်းမြေ့

ဂျပန်စာ၊ စကား ကျွမ်းကျင်သင်တန်း

No.249,2B၊ ဗားဂရာလမ်းမ၊ မြေနီကုန်း(တောင်)ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၅၁၅၉၈၇၀၊ ၀၁-၅၀၄၇၅၀၊ ၀၁-၅၀၄၀၇၉၊ ၀၉-၃၁၀၆၀၃၁၅

- ၂၀-၉-၂၀၁၃ ရက်မှ စတင်မည်။
